www.burmeseclassic.com

ရွှေပြည့်ဝိမ်းစာပေ

# မိန်းကလေး

ရွှေအိုရောင်ဖူးစာ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
မိန်းကလေး
ရွှေအိုရောင်ဖူးစာ / မိန်းကလေး။ – ရန်ကုန်၊
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၅၆ စာ၊ ၁၂ x ၁၈ စင်တီမီတာ
(၁) ရွှေအိုရောင်ဖူးစာ

# မိန်းကလေး

ရွှေအိုရောင်ဖူးစာ

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

ရွှေအိုရောင်မှူးစာ

## အခန်း (၁)

'မာနရေစီး'

ထိုနာမည်လေးကြားရုံနဲ့ ဘယ်သူလဲလို့ သိချင်တဲ့စိတ်ကလေး နိုးကြွလာမှာမလွဲဘူး။ သူမပဲလို့ ပြောရင်လည်း မကြည့်ဘဲ ဘယ်သူမှ ခနေနိုင်ပါဘူး။

ကြည့်မိရုံလေးနဲ့ စွမ်းအားတစ်ခုခုနဲ့ ညို့ယူတုပ်ဆွဲခံရသလို မြင်ကာ။

မျက်ဝန်းမှာ အထပ်ထပ် လွှမ်းမိုးစေတဲ့ အလှသရုပ်မလေး။

ပခုံးနှစ်ဖက်ပေါ် ဝဲဖြာကျရုံမျှ ရှည်သော အညိုရောင်ဆံနွယ်တို့ ကို နောက်မှာ တစ်စုတည်း ခပ်မြင့်မြင့်လေး စုချထားသဖြင့် ဆံပင်စု



www.burmeseclassic.com

www.burmeseclassic.com



အဖျားက ကျောပြင်စပ်မှာ ညွတ်ညွတ်လေး ထောက်ကျနေသည်။

ခံမြိတ်နှင့်ဆံစွယ်ကလေးတွေ တစ်ပင်မျှ ချမထားသောကြောင့် ပုလဲနှစ်ရောင် ကြည်လဲ့တောက်ပနေတဲ့ လေးထောင့်ဆန်ဆန် မျက်နှာဖူး ဖူးလေးမှာ ထင်းခနဲ ပေါ်လွင်လို့ရယ်။

လခြမ်းပုံ နဖူးပြေပြေအောက်မှ မျက်ခုံးထူထူက မည်းနက်ကာ။

အလယ်မှာ ထောင့်ချိုးလေးဖြစ်လျက်၊ အဖျားညွတ်ကွေးကျုံ့ လေးကအစ တစိမ့်စိမ့်ကြည့်ချင်စရာကောင်းလောက်အောင် လှသည်။

မျက်တောင်ကော့ကော့တို့ ခြံရံထားတဲ့ အနက်ရောင်မျက်ဝန်း တစ်စုံ။ ကြည့်လိုက်တိုင်း ပြုံးကျယိုကျတော့မတတ် အရည်တဖိတ်ဖိတ် လက်ဖြာတောက်ပမှုတွေ စုဝေးအိုင်ထွန်းနေသည်။

ဖြောင့်စင်းကျစ်လျစ်တဲ့ နှာတံတစ်ဖက်တစ်ချက်ရှိ မို့မို့လေး အိထွေးနေသည့် ပါးပြင်နှစ်ဖက်က စိတ်အာရုံကို ယိုင်နဲ့ကျလုမတတ် ဆွဲဆောင်နေသလိုလိုဖြစ်ကာ။

ရင်တွေခုန်ပြီး ရှူရှူလေး တို့ချင် ထိဆိတ်ချင်တွေ ပွထလာမှာ သေချာသည်။

နှုတ်ခမ်းစုံနှင့် မေးဖျားမို့မို့ဝိုင်းဝိုင်းလေးကလည်း မငေးဘဲမနေ နိုင်အောင် ငေးဖြစ်စေသည်။ ထိုအလှမျက်နှာလေးက လည်တံရှည်ရှည် လေးပေါ် အစဉ်မော့လျက်။





ရင်အုံမို့မို့လေး ချီကာ။

ခါးကလေးမတ်၍ တင်ဝိုင်းဝိုင်းလေးစွင့်နေသည်။

တောင့်တောင့်ကလေး ကြွမတ်နေတဲ့ ခန္ဓာကိုယ်ကောက် ကြောင်းတွေကအစ တအားလှ၏။

ဖဝါးနုနုလေးပင့်၍ ခြေလှမ်းကြွဟန်လေးကအစ လက်ဖျားခါ ရမတတ် အားကြီးလှ၏။

ထိုအလှတွေပေါ်မှာ သွန်းလောင်းထားသည်က မာနတွေ။

နှာမည်နဲ့လိုက်ဖက်အောင် မာနအရည်တို့က စမ်းရေလို တသွင် သွင်စီးလျက်။

ဝတ်ဆင်ခြယ်သမှုတွေကအစ မာနရောင်ကို ရင့်ရင့်သွေးသွေး တောက်ပစေသည့် အရောင်ရင့်ရင့်တွေချည်းသာဖြစ်သည်။

'မာနရေစီး' ဆိုတဲ့ မိန်းကလေးဟာ မာနကြီးပါသည်ဆိုတဲ့ မိန်းကလေးတို့၏အထွတ်အထိပ်မှာ သရဖူဆောင်းမည့် မာနနတ်မိမယ် အလား ထင်ရသည်။

ခုလည်း ကြည့်။

အပေါ်ထပ်က ဆင်းချလာတဲ့ မာနရေစီးက . . .

ဖိတ်ဖိတ်တောက်လက်ပြောင်ခနေတဲ့ ကျွန်းလှေကားမှာ အလှ ဆင်ထားသော စတီးပွတ်လုံးတို့၏အရောင်ကို မှိန်ကျသွားစေသည့် အပြာ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ရင့်ရင့်မှိုင်းမှိုင်းဝတ်စုံနှင့်။

ကိုယ်ကျပ်အင်္ကျီပုံက လည်ပင်းဟိုက်ကာ ဘေးနှစ်ဖက်ပြဲနေပေမယ့် အတွင်းကအလှတွေ ပြူထွက်လျှံထွက်နေတာမျိုး မဟုတ်ဘူး။

ကပ်ကပ်ချပ်ချပ်လေးဖြစ်ကာ နေရာတကျဖြစ်နေသည်။

အပြာရောင်ရင့်ရင့်မှိုင်းမှိုင်းနဲ့ မလိုက်ဖက်စွာ လည်တိုင်၊ နား၊ လက်ကောက်ဝတ်နှင့် လက်ချောင်းတို့မှာ ပတ္တမြားသက်သက် ရဲတောက်နေအောင် ဆင်ထားပေမယ့် ကြည့်မဝအောင် သူ့ဟာသူ လှနေသည်။

နှုတ်ခမ်းနှစ်လွှာပေါ်က ဆေးသားရဲရဲက မာနရောင်တို့ လျှံကျမတတ်ဖြစ်ကာ 'မာနရေစီး' နဲ့ ယှဉ်မိရုံနဲ့ သတ်ရှိသက်မဲ့အရာမှန်သမျှ ဖျော့တော့မှိန်ကျသွားသည်သာ။

ဂျင်မီချူးဟီးဖိနပ်မြင့်စီးထားတဲ့ ခြေလှမ်းတိုင်းက သံစဉ်တွေထွက်ကာ။

မော်ကြည့်ဖို့ တည့်တည့်ကြည့်ဖို့ ဘယ်သူမှ သတ္တိမရှိလောက်အောင် ဖြစ်သွားစေတာအမှန်။

အထူးသဖြင့် –

ဒေါ်မေစိုးတို့လို 'မာနရေစီး'ရဲ့ဝန်ထမ်းတွေက ပိုဆိုးသည်။

ဘာအကြောင်းကြောင့်မှ 'မာနရေစီး'နဲ့ ထိပ်တိုက်ရင်ဆိုင်မပြောရဲကြပေ။





'မာနရေစီး'ရဲ့ လက်ရုံးတစ်ဆူလည်းဖြစ်၊ အတွင်းရေးမှူးလည်းဖြစ်သည့် 'တိုးတိုးစံ'ကတစ်ဆင့် ပြောကြဆိုကြသည်က ထုံးစံလို ဖြစ်ခဲ့သည်။

အခုလက်ရှိ ဒေါ်မေစိုး တောင်းဆိုချင်တဲ့အကြောင်းအရာက 'တိုးတိုးစံ'ကတစ်ဆင့် ထုံးစံအတိုင်း တောင်းဆိုလို့မရခဲ့။

မရခဲ့တာက 'တိုးတိုးစံ' ကိုယ်တိုင် 'မာနရေစီး' ကို မတင်ပြရဲသောကြောင့် ဖြစ်သည်။

"တခြားကိစ္စတွေကို တိုးတိုး ပြောရဲမေးရဲပါတယ် ဒေါ်မေစိုးရယ်၊ အဲဒီကိစ္စ မပြောရဲဘူး။ မမရေစီးအကြောင်းလည်း ဒေါ်မေစိုး သိရဲ့သားနဲ့၊ တိုးတိုးပြောမိလို့ တိုးတိုးကိုပါ အလုပ်ဖြုတ်ပစ်မှာစိုးတယ်၊ ဒါကြောင့် ဒေါ်မေစိုးကိုယ်တိုင် ပြောကြည့်လေ၊ ဒေါ်မေစိုးက တခြားဝန်ထမ်းတွေနဲ့စာရင် မမရေစီးနဲ့ နည်းနည်းပိုရင်းနှီးတယ်လေ၊ ပြီးတော့ မမစံအိမ်ကိုလည်း အဝင်အထွက်ရှိဖူးတယ် မဟုတ်လား"

ထိုအခါ ဒေါ်မေစိုး သက်မလေးချသည်။ တိုးတိုးစံက မပြောရဲဘူးဆိုတော့ ကိုယ်တိုင်ပြောရမယ်ဆိုတဲ့အသိနဲ့ ရင်မှာ တထိတ်ထိတ်ဖြစ်တယ်။

မာနရေစီးရဲ့စံအိမ်ထဲကို တခြားဝန်ထမ်းတွေထက် ဒေါ်မေစိုး အဝင်အထွက်ရှိဖူးတာတော့ မှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထွက်ဖူးတာက –

မာနရေစီးရဲ့အိမ်တော်ထိန်း ဒေါ်မယ်အိ ခေတ္တရွာပြန်စဉ်က မာနရေစီးကိုယ်တိုင်က သူမကို ခေါ်ခိုင်းလို့ပါ။

"ဒေါ်မယ် ရွာပြန်သွားတယ် ဒေါ်စိုး။ ဒေါ်မယ့်နေရာမှာ ဒေါ်စိုး ဝင်ထိန်းပေးပါ၊ ဒေါ်စိုးက တစ်ယောက်တည်းသမားဆိုတော့ ဒေါ်မယ် မလာခင်အထိ ရေစီးစံအိမ်မှာ နေပေးရမယ်"

"ရ ရပါတယ်၊ ဝင်ထိန်းပေးပါ့မယ်"

သူမရဲ့အလုပ်ရှင်မို့ မငြင်းရဲတာလည်း ပါသလို မငြင်းရက်တာလည်းပါသည်။ မာနရေစီးရဲ့မိဘနှစ်ပါးနဲ့ ဆွေမျိုးမောင်နှမတွေက အမေရိကမှာ ကြီးပွားချမ်းသာနေသလို၊ ဟိုမှာပဲ အခြေချနေကြသည်။

မာနရေစီးကိုလည်း ဟိုမှာပဲ အခြေချဖို့ အတင်းခေါ်ကြသည်။

မာနရေစီးက ဘယ်လိုခေါ်ခေါ် လိုက်မသွား။

ဒီမှာ မာနရေစီး ထူထောင်ထားတဲ့ အလုကုန်နဲ့အထည်ချုပ်လုပ်ငန်းတွေကို မပစ်နိုင်သလို၊ ထိုလုပ်ငန်းကို အားကိုးရပ်တည်နေကြတဲ့ ဝန်ထမ်းမိသားစုတွေ အခြေအနေပျက်၊ အလုပ်လက်မဲ့ဖြစ်သွားမှာကို တွေးပြီး မိဘမောင်နှမနဲ့ ဆန့်ကျင်ကာ ဖွတ်နေခဲ့သည်။

မာနရေစီး နေခဲ့တာကိုက ဒေါ်မေစိုးတို့လို ဝန်ထမ်းတွေကို ငဲ့ညှာသနားစိတ်ရှိလို့ဆိုတာ ဝန်ထမ်းအားလုံး နားလည်ကြသည်။





ဒေါ်မယ်ကို အဖော်ပြုပြီး ရပ်တည်ခဲ့တဲ့ မာနရေစီးကို သမီးအရွယ်မို့ သမီးလို ကရုဏာသက်ဝင်တဲ့စိတ်လည်း ဖြစ်ခဲ့သည်။

မာနရေစီးက ဘယ်လောက်ပဲ မာနကြီးကြီး ဝန်ထမ်းတွေအပေါ် နားလည်ဖြည့်ဆည်းပေးလေ့ရှိတဲ့ အလုပ်ရှင်မို့ အားလုံး ရှိသေလေးစားကာ ဦးထိပ်ထားဆက်ဆံကြသည်။

ဒါကြောင့် ဒေါ်မေစိုး မငြင်းခဲ့ပါ။

ဒေါ်မယ်အိ ရွာကပြန်လာသည်အထိ မာနရေစီးရဲ့စားရေးသောက်ရေး အိမ်မှုရေးရာမှန်သမျှကို စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်။

အဲဒီနောက်ပိုင်း ဒေါ်မယ်အိ နေထိုင်မကောင်းတာဖြစ်ရင် ဒေါ်စိုးကို စံအိမ်မှာနေစေဖို့ ပြန်ခေါ်တာကြောင့် တခြားဝန်ထမ်းတွေနဲ့စာရင် ဒေါ်မေစိုးက မာနရေစီးစံအိမ်နဲ့ ပိုအဝင်အထွက်ရှိသည်။

မာနရေစီးနဲ့လည်း တိုက်ရိုက်ပြောဆိုတာလေးတွေ ရှိခဲ့သည်။

အဲလို အရင်းခံအကြောင်းလေးတွေရှိတာကြောင့် တိုးတိုးစံ အကြံပေးတဲ့အတိုင်း ဒေါ်မေစိုး စိတ်တင်းကာ မာနရေစီး၏စံအိမ်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။

ရောက်ရောက်ချင်း ဒေါ်မယ်နဲ့ တွေ့သည်။ ဒေါ်မယ်က ဘဝတူချင်းမို့ နွေးနွေးထွေးထွေးကြိုဆိုပြီး အားပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ ဒေါ်စိုးရယ်၊ ရေစီးက သဘောကောင်းရှာပါတယ်၊ တောင်းဆိုကြည့်ပေါ့။ ရေစီး လိုက်လျောတော့လည်း ဝမ်းသာစရာပေါ့ မဟုတ်ဘူးလား။ ခဏကြာရင် ရေစီးလေး ဆင်းလာတော့မယ်၊ စောင့်နေနော်၊ ဒေါ်မယ် မီးဖိုခန်းဝင်ဦးမယ်"

မီးဖိုခန်းဘက် ဝင်ရောက်သွားတဲ့ ဒေါ်မယ့်အရိပ်လေး ပျောက်သွားတော့ ဒေါ်မေစိုး သက်မလေးလေးချသည်။

ဒေါ်မယ်ပြောသလို လက်ခံရင်တော့ ဝမ်းသာစရာပေါ့။

တောင်းဆိုရကောင်းလားဆိုတဲ့ ဒေါသနဲ့ အလုပ်ပါ ဖြတ်ပစ်လိုက်ရင်။ ထိုသို့တွေးရင်း ဒေါ်မေစိုး ချွေးစတွေပါ ဆို့ထွက်လာသည်။

အရင်းခံအကြောင်းလေးတွေရှိလို့သာ ရေစီးစံအိမ်ထဲ ဝင်လာရတာ။ ခုတော့ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို တွေးရင်း။

ချွေးတွေသာ ရွှဲစိုချင်ချင် ဖြစ်လာသည်။

အပေါ်က ဆင်းလာတဲ့ခြေသံကြားမှ ဒေါ်မေစိုး အတွေးစပြတ်သွားသည်။ လာရင်းကိစ္စကို ပြန်ဆုပ်ကိုင်၍ ကိုယ့်ကိုယ်ကိုယ် အားတင်း၍ မတ်မတ်ရပ်သည်။

နဖူးနဲ့နားသယ်မှ ချွေးစလေးတွေကို လက်ကိုင်ပုဝါနဲ့ ဖွဖွတို့သုတ်၍ စိတ်ကို တည်ငြိမ်အောင်ထိန်းသည်။

တစ်လှမ်းချင်း ဖြည်းညှင်းကျကျလှမ်းဆင်းလာတဲ့ မာနရေစီးကို





မကြည့်ရဲသလို ဒေါ်မေစိုး မျက်လွှာချလိုက်၏။

"ဒေါ်စိုး ဘာကိစ္စရှိလို့လဲ"

ဧည့်ခန်းထဲ လှမ်းဝင်ရင်း ချက်ချင်းမေးသည်။

မေးသံက အရှိန်အဝါကြီးကာ တည်ကြည်ပြတ်သားနေသည်မှာ ဘနရှင် ပီသပါပေသည်။

မေးလျှင် ချက်ချင်းဖြေမှ ရေစီးနှစ်သက်တာ သိသည်။ ဒါကြောင့် ဒေါ်မေစိုး အသံထိန်း၍ ပြော၏။

"ဟို ဟို ရေစီးဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါ"

"အကူအညီ"

ရေစီး ခပ်တိုးတိုးရွတ်သည်။ ရွတ်တဲ့အသံက ကြည်ကြည်ရှင်းရှင်း။

ဒေါ်မေစိုး ခေါင်းညိတ်လျှင် ရေစီ မျက်ခုံးပင့်၍

'ပြော ဘာကူညီရမလဲ' လို့ အသံတိတ်မေးသည်။

ဒေါ်မေစိုး ချက်ချင်းပြောဖို့ မဝံ့မရဲဖြစ်သွားသည်။

ချွေးစေးတွေက ပို၍စိမ့်ထွက်လာသလို ခံစားရသည်။

မာနရေစီးက ဒေါ်မေစိုးရှေ့ တည့်တည့်မှဖြတ်ကာ ဧည့်ခန်းအလယ်မှာ ခင်းကျင်းထားသည့် ကနုတ်ပန်းနဲ့သောင်ကွပ်ထားသည့် အဝါပွင့်ခြယ်ထားတဲ့ နှစ်ယောက်ထိုင်ဆိုဖာအလယ်မှာ တောင့်တောင့်မတ်မတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချသည်။

ကျောကို နောက်မှီမှာ ဖွဖွမှေးလိုက်ပြီး နံရံမှ အလှချိတ်ထားတဲ့ သစ်ရွက်ပုံနာရီကို တစ်ချက်ကြည့်သည်။ ပြီးမှ –

ဒေါ်မေစိုးဆီ ပြန်ရောက်လာတဲ့ မာနရေစီးမျက်ဝန်းက ပြောစရာရှိတာ မြန်မြန်ပြောလို့ စာတန်းထိုးထားသလို၊

ဒေါ်မေစိုး ဖတ်တတ်တာကြောင့် ဖြစ်ချင်ရာဖြစ်စေတော့၊ ဒေါ်မေစိုး ပြောဖို့ ဆုံးဖြတ်လိုက်သည်။

မျက်တောင်တစ်ချက်ခတ်၍ ရေစီးကို ဖျတ်ခနဲကြည့်မိသည်။ ထိုအကြည့်က မငုံ့မရဲဟန်တို့ဖြင့် အသနားခံသည့်အကြည့်မျိုး။

"ဒီ ဒီလိုပါ ရေစီး"

ရေစီး မျက်ခုံးတန်းနှစ်ဖက် တွန့်ကြည့်၍ နားထောင်သည်။

"ဒေါ်စိုးရဲ့တူလေးကို အလုပ်တစ်နေရာလောက် ပေးပါလို့၊ အဲဒါ"

ဒေါ်စိုးအသံအဆုံးမှာ ရေစီး ကျစ်ခနဲ့ စုတ်သပ်သလို မျက်နှာလေးပါ မဲ့ကျသွားသည်က မသတီခြင်းတွေနဲ့။

"တူလေးက ဘွဲ့ရပြီးပါပြီ"

ရေစီး မာန်ပြင်းပြင်းလေးနဲ့ မျက်နှာဝင့်ခနဲမော့ပြီး ...

"ဒေါ်စိုး ဘာတွေလာပြောနေတာလဲ၊ ရေစီးအကြောင်း ဒေါ်စိုး





မသိဘူးလား"

ဒေါ်စိုး ခေါင်းကို ကျိုးလုမတတ် ညိတ်၍ ...

"သိပါတယ် ရေစီးရယ်၊ တိုးတိုးလည်း ပြောပါတယ်"

"သိတယ်ဆိုရင် မပြောနဲ့တော့ ဒေါ်စိုး၊ ဒါပဲ မဟုတ်လား"

ဒေါ်စိုး ခေါင်းညိတ်ရပြန်သည်။

ရေစီးက ဘာမှဆက်မပြောတော့ဘဲ ထ,ထွက်သွားသည်။

ပေါ်တီကိုအောက်မှာ အသင့်ရပ်ထားသည့် မာ်တူးကားပေါ်တက်ပြီး ရေစီးကိုယ်တိုင် မောင်းထွက်သွားၽေ။

ရေစီးကားလေး စံအိမ်ဝင်းထဲက ပျောက်ကွယ်သွားသည့်အထိ ဒေါ်မေစိုး မျက်တောင်မခတ်တမ်း ကြည့်သည်။

"ဘာတဲ့လဲ ဒေါ်စိုး"

ကားသံကြားတာကြောင့် မီးဖိုဆောင်ထဲက လုပ်လက်စအလုပ်တွေ ရပ်ပစ်၍ ဒေါ်မယ်အိ ညှော်ခန်းဆီ ပြန်ရောက်လာသည်။ သိချင်စိတ်လောလောနဲ့ ညှော်ခန်းထဲဝင်ဝင်ချင်း မေးသည်။

ဒေါ်မေစိုး သက်မချ၍ ဒေါ်မယ်အိဘက် ပြန်လှည့်ပြီး ခေါင်းခါပြသည်။ သဘောပေါက်သွားတဲ့ ဒေါ်မယ်အိ စိတ်မသက်မသာဟန်လေးနဲ့ ပြောသည်။

"ယောက်ျားလေးဆိုရင် ရွံရှာသလို ရွံနေတာလေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်ထဲမှာ ဘယ်ယောကျ်ားလေးမှ ခေါ်မခိုင်းဘူး။ အလုပ်သမား မပြောနဲ့၊ ရေစီးက လုပ်ငန်းရှင်အချင်းချင်းထဲက ယောကျ်ားတွေနဲ့တောင် မျက်နှာချင်းဆိုင် ဆက်ဆံလေ့မရှိဘူး။ လိုအပ်ရင် 'တိုးတိုး'နဲ့ပဲ ကြားခံ ဆောင်ရွက်နေကြလေ"

"ဟုတ်ပါတယ် ဒေါ်မယ်၊ မေစိုး သိပါတယ်၊ တူလေးက နယ်ကလာတာလေ၊ ဘာအဆက်အသွယ်မှမရှိတော့ အလုပ်ရဖို့ ခက်နေတယ်၊ လောလောဆယ်အတွက် ရပ်တည်ဖို့ အလုပ်တစ်ခုရဖို့ အရေးကြီးနေတယ်၊ ဒါကြောင့် အရဲစွန့်ပြောကြည့်တာပါ"

ဒေါ်မေစိုးအသံလေးက လိုတာမရတဲ့ ကလေးလို၊ ဝမ်းနည်းခြင်းတို့နဲ့ အဖျားခတ်အသံလေးက တိမ်ဝင်နစ်မြုပ်သွားသည်။

ထိုအခါ ဒေါ်မယ်အိ သက်ပြင်း လေးလေးချလေသည်။

ဘဝတူချင်းမို့ အခက်အခဲတွေကို စာနာနားလည်တတ်ပါသည်။

သို့သော်လည်း အလုပ်ရှင်ဘော့စ်မမရဲ့ခံစားချက်ကိုလည်း နားလည်တဲ့အတွက် မာနရေစီးအပေါ် ဒေါ်မယ်အိနဲ့ဒေါ်မေစိုး အပြစ်မမြင်ရက်ပါ။

ဘာဖြစ်လို့လဲဆိုတော့ –

ရေစီးဘဝမှာ ကြုံတွေ့ခဲ့တဲ့ ယောကျ်ားတွေရဲ့အတ္တဟာ ရေစီးနှလုံးသားအတွက် ရွံစရာကောင်းနေခဲ့တယ် မဟုတ်လား။





ဒီအကြောင်းတွေ။

တော်ပြီ။

ပြန်လည်အစပျိုး ခံစားနေဖို့ထက် ရေစီးနှလုံးသားက ခါးသီးစွာပဲ မြိုထားခဲ့တာ ကြာခဲ့ပြီ။

ဒါတင်မက မာနကို မောင်းတင်ပြီး ရေစီး ရှင်သန်နေတာလေ။

မာနရေစီးဆိုတဲ့ နာမည်လေးအတိုင်းပဲ။

မာနက ရေတံခွန်လို တဝေါဝေါ စီးကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြင်ကွင်းက ကြည့်မကောင်းပါ။

လူရွယ်လေးယောက်က လူငယ်တစ်ယောက်ကို ဝိုင်းသမနေတဲ့ ထိုးပွဲ။

လေးယောက်စလုံးရဲ့ လက်သီး၊ ဖနောင့်၊ တံတောင်နဲ့ ဒူးခေါင်းတွေကြောင့် ထိုလူရွယ်ခမျာ မျက်နှာနဲ့ကိုယ်မှာ ဒဏ်ရာတွေ ဗလပွ။

ဒဏ်ရာတွေကြောင့် ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းမနိုင်တော့။ တစ်ယောက်က မေးဖျားကို ခြေဖျားနဲ့ ခတ်လိုက်စဉ် –

သုံးလေးပတ်လည်၍ ကတ္တရာလမ်းပေါ် ဘိုင်းခနဲ့ကျသည်။

မာနရေစီး ကားကို ဘရိတ်ဆွဲရပ်တာ မြန်လို့သာ။





မမြန်ရင် တိုက်မိပြီး သူများပြဿနာက မာနရေစီးဆီ လာပတ်မှာ သေချာသည်။ အရပ်ပုပုပျပ်ပျပ် ကိုယ်လုံးတောင့်တောင့် လူရွယ်က ကတ္တရာလမ်းပေါ်ကျသွားတဲ့ လူငယ်ကို ရင်ဘတ်ကဆွဲယူပြီး နောက်တစ်ချက်ထိုးရန် လက်သီးမြှောက်၏။

"ပွမ် ပွမ် ပွမ်"

မာနရေစီးလက်က ဘာကြောင့်မှန်းမသိ ကားဟွန်းတီးပစ်သွားသည်။

ကားဟွန်းသံ ဘွားခနဲပေါ်လာမှ ထိုလူရွယ် လန့်လန့်ဖျပ်ဖျပ်ဖြစ်ကာ မထိုးဖြစ်တော့။ ရင်ဘတ်က ဆွဲကိုင်ထားတဲ့လက်ကို ပြန်လွှတ်လျှင် ထိုလူရွယ် ကတ္တရာလမ်းပေါ် ပျော့အိခွေကျသွားသည်။

မထင်မှတ်ဘဲ ကားတစ်စီးရောက်လာသလို ထိုမြင်ကွင်းကိုလည်း အစအဆုံးမြင်သွားတာကို သိသည်နှင့် ထိုလေးယောက် တိုင်ပင်ထားသည့်နှယ် ထိတ်ထိတ်ပျာပျာနဲ့ နောက်လှည့်ပြေးကြသည်။

ဒဏ်ရာနဲ့လူငယ်က ကတ္တရာလမ်းပေါ်မှာ ကြိုးပြတ်ပုံကျနေတဲ့ အရုပ်လို ကားရှေ့မှာ ငြိမ်သက်လျက်။

နဖူး၊ နှာခေါင်းနဲ့ မေးဖျားတို့ ကွဲအက်ထားသဖြင့် သွေးစိမ်းတွေ ရဲခနဲ ဖြာထွက်နေသည်က မကြည့်ရက်စရာအတိ။

ကျစ်။



www.burmeseclassic.com

www.burmeseclassic.com



မာနရေစီး မျက်နှာလှလှလေးကို စိတ်ရှုပ်စွာ မဲ့ပစ်သည်။

ယောက်ျားတွေကို ရွံရှာနေတဲ့ 'မာနရေစီး'။

သူ့မရှေ့မှာမှ ယောက်ျားတစ်ယောက် ပုံစိုးပက်စက် အတွယ်ခံရပြီး၊ မရှုမလှပုံကျနေတဲ့ အဖြစ်။

ပြုသူပြုလို့ ခံရသူက ခံရတာ။

မာနရေစီးက ကူကယ်ကြည့်ရှုရမတဲ့လား။

ဝေးသေး။

မာနရေစီး ကားပေါ်ကတောင် ဆင်းမကြည့်ပေ။

ကတ္တရာလမ်းပေါ် ပက်လက်ကလေး ပျော့ခွေပုံကျနေတဲ့ လူငယ်ဆီက အကြည့်ရုပ်သိမ်းသည်။

ကားကို လမ်းဘေးဆွဲချ၍ ထိုလူရှယ်ကို ရှောင်ကာ၊ လိုရာခရီးကို ကျောခိုင်းထွက်ခဲ့သည်က ချက်ချင်းပဲ ဖြစ်သည်။

ယောက်ျားတွေနဲ့ ပတ်သက်ရင် 'မာနရေစီး'က အဲဒီလောက်ထိ မာနသွေးတက်နေတဲ့ မိန်းကလေးပါ။

✿ ✿ ✿



## အခန်း (၃)

"ပွမ် ပွမ် ပွမ်"

ကားဟွန်း အဆက်မပြတ် တီးပစ်လိုက်သည်။

မာနရေစီးပြန်ချိန်ကိုမှန်းပြီး ခြံတံခါးဖွင့်ပေးရန် မိမှုမှ အဆင်သင့်ရှိနေတာ နေ့တိုင်းပါပဲ။

ဒီနေ့မှ ရှိမနေတာ ဘာကြောင့်လဲ။

မာနရေစီး စိတ်မရှည်တော့ပါ။

နှုတ်ခမ်းပါးလေးကို မဲ့တင်းပြီး ကားဟွန်းအဆက်မပြတ်တီးပစ်မှ မိမှုမှ တိုက်ထဲက ပြူးတူးပျာတာ ပြေးထွက်လာသည်။

သော့ခတ်ထားတဲ့ ခြံဝင်းသံပန်းတံခါးကြီးကို ကမန်းကတန်း

www.burmeseclassic.com



သော့ဖွင့်နေပေမယ့် မိမ့်မှု လက်ချောင်းတွေ တုန်နေသလို။

မျက်စိမျက်နှာလည်း သိသိသာသာ ပျက်နေသည်။

သံပန်းတံခါးနှစ်ချပ်လုံးကို တွန်းဖွင့်ပေးပြီး မျက်လွှာလေးချ လျက် ရပ်နေတဲ့ မိမ့်မှုကို မာနရေစီး မျက်စောင်းနဲ့ကြည့်ပြီး ကားကို ခြံထဲ မောင်းသွင်းခဲ့သည်။

ပေါ်တီကိုအောက်မှာ ကားရပ်ပြီးသည်နှင့် မာနရေစီး ကားပေါ်က မဆင်းသေး။

ခြံတံခါး သော့ခတ်နေတဲ့ မိမ့်မှုကို အပြစ်တင်တဲ့မျက်ဝန်းနဲ့ တစ်ချက်ကြည့်ပြီးမှ ကားပေါ်က ဆင်းသည်။ ကားပေါ်ကဆင်းပြီး ဧည့် ခန်းထဲလှမ်းဝင်တော့ ဒေါ်မယ်အိ ထိတ်ခနဲ မျက်နှာပျက်သွားတာ တွေ့ရပြန်သည်။

အပြင်က ပြန်လာတိုင်း ဧည့်ခန်းမှာ ခဏနားတတ်တဲ့ မာန ရေစီးအတွက် သံပရာရည်ဖျော်ပြီး အသင့်ရှိနေတတ်တဲ့ ဒေါ်မယ်အိက ခါတိုင်းနေနဲ့မတူ။

သံပရာရည်ခွက်ကိုကြည့်လိုက်၊ ဧည့်ခန်းထဲ ဝင်လာတဲ့ မာန ရေစီးကို ကြည့်လိုက်နဲ့ မျက်ဝန်းက မငြိမ်။

ရေစီး ဆိုဖာပေါ်ထိုင်၍ သံပရာရည်ခွက် ကမ်းပေးဖို့ပြောမှ စားပွဲပေါ် အသင့်ရှိနေတဲ့ သံပရာရည်ခွက် ကမ်းပေးတဲ့ လက်ချောင်း





တွေကအစ တုန်ခါနေသည်။

ရေစီး စူးစိုက်ကြည့်လိုက်လျှင် ဒေါ်မယ်အိ မျက်လွှာစင်းချ လိုက်သည်။

ရေစီးက ဒေါ်မယ်အိ ကမ်းပေးတဲ့ သံပရာရည်ခွက်ကိုဆွဲယူ၍ တစ်ကျိုက်သောက်သည်။

ထိုစဉ် –

အတွင်းခန်းဘက်က ထွက်ခဲ့တဲ့ ဒေါ်မေစိုး ဧည့်ခန်းထဲ လှမ်း အဝင်မှာ မာနရေစီးကို ဘွားခနဲတွေ့လျှင် အထိတ်တလန့် ရင်ဘတ်ဖိ သည်ကို သံပရာရည်သောက်နေရင်း မြင်လိုက်သည်မို့ မာနရေစီး စိတ် ထိန်းမရတော့။

ဒေါ်မေစိုးက ဘာကြောင့် ရေစီးမခေါ်ဘဲ ရောက်နေရတာလဲ။

ဒေါ်မယ်အိနဲ့ မိမ့်မှုက ပုံမှန်မဟုတ်။ အမူအရာတွေ ပျက်နေ တာ ဘာကြောင့်လဲ။

သံပရာရည်ခွက်ကို အောက်ခံပန်းကန်ပြားပေါ် အသံမြည် အောင် မာနရေစီး ချလိုက်သည်။

'ချွင်'ခနဲ ဖန်ခွက်နဲ့ အလှကြွေပန်းကန်ပြားလေး ထိခတ်သံ ကြောင့် ဒေါ်မယ်အိနဲ့ဒေါ်မေစိုး ဣန္ဒြေမပျက်အောင် ထိန်းဖို့ သတိထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးပိတ်ပြီး ပြန်ဝင်လာတဲ့ မိမ္မမှုကိုလည်း ပုံမှန်အတိုင်း နေရန် ဒေါ်မယ်အိ မျက်စပစ်ကြည့်သည်ကို မာနရေစီး မမြင်ဘဲမနေပါ။

တစ်ခုခုကြောင့် အမူအရာပျက်နေတယ်ဆိုတာ မာနရေစီး သိတာကြောင့် မိမ္မမှုနဲ့ဒေါ်မေစိုးကိုပါ လက်ယပ်ခေါ်လိုက်သည်။

ဒေါ်မယ်အိ တစ်ဖက်တစ်ချက်မှာ နှစ်ယောက်လုံး လာရပ်သည်နှင့် မာနရေစီး စ,မေးသည်။

"ဒေါ်မယ်တို့ ဘာဖြစ်နေကြတာလဲ၊ ဒေါ်စိုးက ရေစီးမခေါ်ဘဲနဲ့ ဘာဖြစ်လို့ စံအိမ်ထဲရောက်နေရတာလဲ၊ မိမ္မမှု ဘာဖြစ်လို့ ခြံဝမှာ စောင့်မနေတာလဲ"

သုံးယောက်လုံးကို တစ်ပြိုင်နက် မေးချသည်။

မာနရေစီးနဲ့ အသက်သိပ်မကွာတဲ့ မိမ္မမှုမျက်နှာ သိသိသာသာ ပျက်ကာ။ မျက်လွှာချလိုက်သည်။

အသက်ငါးဆယ်ဝန်းကျင်မျှသာရှိသော ဒေါ်မယ်အိနဲ့ဒေါ်မေစိုးက သွက်သွက်လက်လက်အမူအရာနဲ့ ပေါ့ပေါ့ပါးပါး လှုပ်ရှားတတ်ပေမယ့် ခုတော့ ထုံထုံထိုင်းထိုင်းပုံစံမျိုးဖြစ်ကာ။

ဘာပြောလို့ ဘာပြောရမှန်းမသိသလိုနှင့် မျက်နှာပေးအမူအရာ ပျာယာခတ်သွားသည်။

"ပြောလေ၊ ဒေါ်စိုးက ဘာကိစ္စနဲ့ရောက်နေတာလဲ"





"ဟို၊ ဟိုလေ ဒေါ်မယ် ခေါ် ခေါ်လို့ပါ"

ဘာပြောရမှန်းမသိဖြစ်နေတဲ့ ဒေါ်မေစိုးက အမှန်အတိုင်းပဲ ပြောလိုက်သည်။ ဒေါ်မယ်က၊ အပြစ်မကင်းသူလို ခေါင်းငုံ့ကျသွားသည်။

မာနရေစီးက ဒေါ်မယ်ကို စူးစူးစိုက်စိုက်ကြည့်ပြီး –

"ဒေါ်မယ် ဘာခိုင်းစရာရှိလို့ ခေါ်တာလဲ"

ဒေါ်မယ် မလုံတဲ့စိတ်နဲ့ မိမ္မမှုကို တစ်ချက်ငဲ့ကြည့်ရင်း မျက်နှာလေး ငယ်ကျသွားသည်။

တစ်ခါဖူးမှ မာနရေစီးကို အလိမ်အညာစကားတွေ မပြောခဲ့ဖူးပါ။

ဒီကိစ္စအားလုံး သဘောတူလိမ်ညာဖုံးကွယ်ဖို့ တိုင်ပင်ထားသော်လည်း ဘယ်သူမှ လိမ်ညာမရဲအောင် မာနရေစီး မျက်နှာက တင်းမာနေသည်။

လိမ်ညာရင် ပြင်းထန်စွာ ဒဏ်ပေးမယ်ဆိုတဲ့ မျက်ဝန်းကိုလည်း မခံရဲရှာ။

"ဒီလိုပါ"

မိမ္မမှုက ဖုံးကွယ်မနေချင်တော့။

ဖုံးကွယ်လို့ လုံမှာမဟုတ်တာ သိနှင့်သည့် မဟုတ်လား။

ဒါကြောင့် အမှန်အတိုင်းပြောဖို့ ဆုံးဖြတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောစမ်းပါ၊ ခပ်မြန်မြန်"

"မထူးတော့ဘူး။ ပြောလိုက်ပါတော့ မိမှုမှုရယ်"

ဒေါ်စိုးက အသံမထွက်တထွက်ပြောလျှင် မိမှုမှု မျက်လွှာချလျက် ပြောသည်။

"မမ ကုမ္ပဏီထွက်သွားပြီးတော့ ဒေါ်မယ်နဲ့မှုမှု ဈေးသွားဖို့ ထွက်ပါတယ်၊ လမ်းထိပ်မှာ လူတစ်ယောက် ဒဏ်ရာတွေနဲ့ သတိလစ်နေတာတွေ့လို့ သနားပြီး ခေါ်ခဲ့မိတယ်"

"ဟင်"

မာနရေစီးမျက်ဝန်းမှာ မနက်ကမြင်ကွင်း ဘွားခနဲ မြင်ယောင်လာသည်။ ရေစီး ကျော်နိုင်းခဲ့တဲ့သူကို သူတို့ ခေါ်ခဲ့တာလား။

"ယောကျ်ားတစ်ယောက် မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်"

"တောက်"

တောက်ခတ်သံနဲ့အတူ မာနရေစီး ကိုယ်က ဆိုဖာပေါ်က ဝုန်းခနဲထပြီးလျှက်သား ဖြစ်သွားသည်။

"ဘယ်သူ့အမိန့်နဲ့ ခေါ်လာတာလဲ"

ဒေါ်မယ်အိနဲ့မိမှုမှု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သွေးပျက်ချင်ချင် ဖြစ်လာသည်။





သနားတဲ့စိတ်က တိုင်ပင်ထားသလို ညီညွတ်ကာ ဒဏ်ရာနဲ့လူနာကို စံအိမ်ထဲ ခေါ်သွင်းလာခဲ့မိသည်။

ရုတ်တရက်ဆိုတော့ မာနရေစီးကိုလည်း သတိမရနိုင်တော့။

ဒဏ်ရာနဲ့လူငယ်က သတိလစ်နေတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ကြသည်။ ထို့နောက် ဒေါ်မယ်က ဒေါ်စိုးကို သတိတရ ဖုန်းဆက်လှမ်းပြော၍ ဆရာဝန်တစ်ယောက် ပင့်ခိုင်းခဲ့သည်။

ဒေါ်မေစိုးလည်း အသိဆရာဝန်တစ်ယောက်ကို အကျိုးအကြောင်းပြောပြ၍ 'မာနရေစီး' စံအိမ်ထဲ ရောက်နေတဲ့လူငယ်ကို ကုသပေးခဲ့သည်။

ဆရာဝန်က ဒဏ်ရာတွေ ဆေးထည့်ပေးသလို ခေါင်းက ဒဏ်ရာကိုလည်း သုံးချက်ချုပ်ပေးသည်။ ထိုးဆေးထိုးပေးသလို သောက်ဆေးတွေလည်း ပေးခဲ့သည်။

စိတ်ချရလို့ ဆရာဝန် ပြန်သွားသည်။ လူငယ်လည်း ဆေးရှိန်နဲ့ အိပ်ပျော်သွားခဲ့သည်။ လူငယ်အတွက် စိတ်အေးရပြီးမှ သတိက ဖြုန်းခနဲ ပြေးဝင်လာသည်။

မာနရေစီး။

သူမ သိရင် ကမ္ဘာမီးလောင်သလို လောင်မှာသေချာသည်။

ဒါကြောင့် ခေါင်းသုံးလုံးဆိုင်ပြီး ဟန်ဆောင်ဖုံးထားဖို့ စိတ်တူ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူ တိုင်ပင်ခဲ့သည်။

လက်တွေ့မှာတော့ တိုင်ပင်ထားတာနဲ့ ဆန့်ကျင်ဘက် ဖြစ်ကုန်သည်။

ဘယ်သူမှ လိမ်ညာလို့မရကြ။

အမှန်အတိုင်း ပြောလိုက်တော့ ပိုဆိုးသွားသည်။

သုံးယောက်လုံး စိတ်တူသဘောတူ ကူညီခဲ့တဲ့ကိစ္စက ဘယ်သူမှ လက်ညှိုးထိုးလို့မရပေ။

"ရေစီးစိတ်ကိုသိရဲ့နဲ့ ဒေါ်မယ်တို့ ပူးပေါင်းပြီး လုပ်လိုက်တာ ဘာသဘောလဲ"

"သနားလို့ပါ ရေစီးရယ်"

"ဟွန်း"

ရေစီးနှုတ်ခမ်းလှလှလေးက ကျောချမ်းစရာကောင်းအောင် တွန့်မဲ့သွားသည်။

"သနားလို့"

"ဟုတ်ပါတယ် ရေစီးရယ်၊ ဒေါ်စိုးလည်း သနားစိတ်ဝင်သွားမိတယ်၊ အဲဒါကြောင့်ပါ၊ လူငယ်ကလည်း နေစရာမရှိဘူးပြောလို့ ခဏလေး နေခွင့်ပေးထားတာ၊ ကောင်းသွားရင် ပြန်သွားပါ့မယ်တဲ့"

"တောက်၊ ဒေါ်စိုးတို့ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ စီစဉ်ရအောင်





ဒီစံအိမ်က ဘယ်သူ့စံအိမ်မို့လို့လဲ၊ ပြောကြစမ်းပါ"

လက်တစ်ဖက် ခါးပေါ်ထောက်လျက် ရင့်ရင့်သီးသီးပဲ မေးသည်။

မိမူမူတို့မျက်နှာတွေ ပြာဝေမှောင်မိုက်မတတ် ညှိုးရော်ကျသွား၏။ သုံးယောက်လုံးကို အစိမ်းရောင်ရင့်ရင့်အကြည့်တွေနဲ့ ရေစီး ကြည့်ပြီး ပြောသည်။

"ရေစီးရဲ့စံအိမ်နဲ့ ရေစီးရဲ့လုပ်ငန်းမှာ ရေစီး အမိန့်မပေးဘဲ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ ဘယ်တုန်းက ဘယ်သူက ဘာလုပ်လို့ ရခဲ့ဖူးလို့လဲ"

ဒေါ်မယ်အိတို့ ကိုယ်ကလေးများပင် တဆတ်ဆတ်တုန်လာသည်။

သိနှင့်ပေမယ့် လုပ်မိသွားပြီဆိုတဲ့အသိက ဘာတွေထပ်ဖြစ်လာမလဲဆိုတာ အဆုံးအထိ သိနေတဲ့ ဒေါ်မေစိုးတို့မျက်နှာတွေမှာ သွေးရောင်ကင်းမဲ့သွားသည်။

"ရေစီးအမိန့်မရဘဲ လုပ်တဲ့အတွက် ရေစီး ခွင့်မလွှတ်ဘူး"

အားလုံး ရင်အုံတွေ တုန်ခါကာ မျက်ဝန်းအပြူးသားနဲ့ အထိတ်တလန့် မော့ကြည့်သည်။

မာနရေစီးမျက်နှာကို သံမဏိခဲလို မာ၍ ဆတ်ခနဲမော့ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ခုချက်ချင်း ဒေါ်မယ်တို့သုံးယောက်နဲ့ အဲဒီလူပါ ဒီစံအိမ်ထဲက ထွက်သွားကြ"

"ရှင်"

ပြိုင်တူဖြစ်ပေမယ့် မိမ္မအသံ အကျယ်ဆုံး ပေါ်ထွက်လာသည်။ မာနရေစီး ဖျတ်ခနဲကြည့်လျှင် ပွင့်ဟသွားတဲ့နှုတ်ခမ်းနှစ်လွှာကို မိမ္မ လက်ဖဝါးနဲ့ ကမန်းကတန်း ဖိပိတ်လိုက်သည်။

"ရေစီး"

ဒေါ်မယ် ခြေယောက်ကိုင်တောင်းပန်ရုံမက ကိုယ်လေးကို ညွတ်၍ ခေါ်သည်။

ရေစီးအမိန့်ကို ဆန့်ကျင်သူ၊ ရေစီးအမိန့်မပါဘဲ လုပ်ဆောင်သူ၊ ဘယ်သူ့ကိုမဆို ရေစီး မျက်နှာချင်းမဆိုင်လိုတဲ့ အတွန့်နုနုလေး ရှိနှင့်သည်။

"ခုချက်ချင်း ထွက်သွားကြ"

အပယ့်ခံဝင်လိုသော အသနားခံလိုသော မျက်ဝန်းနဲ့ မျက်နှာလေးတွေ ငိုချတော့မတတ်ဖြစ်ကာ။

"သွား။ ဘယ်သူ့မျက်နှာကိုမှ မမြင်ချင်ဘူး။ ခုချက်ချင်း ထွက်သွားကြ"

မာနရေစီးရဲ့အမိန့်ပေးသံတွေနောက်မှာ သုံးယောက်စလုံး





မျက်ရည်တွေ ဝဲကုန်သည်။ ဒဏ်ရာရနေတဲ့ လူငယ်တစ်ယောက်ကို သနားစိတ်နဲ့ ကူညီပေးမိတဲ့အဖြစ်က ထိုမျှထိ ပြစ်ဒဏ်ပေးဖို့ကောင်းနေသတဲ့လား။

ဒေါ်မယ်အိတို့ ဝမ်းနည်းစွာပဲ တွေးမိ၏။

မာနရေစီးအမိန့်က မိမ္မတို့သုံးယောက်အတွက် နေစရာ စားစရာမဲ့သလို အလုပ်ပါ လက်မဲ့ဖြစ်ကာ။

မာနရေစီးရဲ့မာနထန်တဲ့အမိန့်က မျက်ရည်ကျအသနားခံလို့လည်း ထူးခြားလာမှာမဟုတ်ကြောင်း သိနှင့်နေတော့သည်။

ဘာတတ်နိုင်မှာလဲ။

နာခံရုံပေါ့ မာနရေစီးလေးရယ်။

✿ ✿ ✿

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

'တီ တီ တီ'

အဆက်မပြတ်ပေါ်လာတဲ့ နာရီနှိုးစက်သံကြောင့် ရေစီး နိုးလာသည်။ ခြုံစောင်ကိုဖယ်၍ အိပ်ရာမှ ချက်ချင်းထပြီး –

"ဒေါ်မယ်၊ ဒေါ်မယ်ရေ"

ဒေါ်မယ့်ကို ရေစီး နှစ်ခွန်းဆင့်ခေါ်သည်။

"လာပြီ ရေစီးလေးရေ"ဟု

ခေါ်သံအဆုံးမှာ ထူးသံနှင့်အတူ အိပ်ခန်းထဲ ချက်ချင်းရောက်လာတတ်တဲ့ ဒေါ်မယ်အိ။ ခုတော့ ထူးသံလည်း မကြားရ။ လူလည်း ပေါ်မလာ။





"ဒေါ်မယ်"

ခေါ်ရင်း အိပ်ခန်းထဲက ထွက်ခဲ့သည်။

အိပ်ချင်မပြေယ်အမူအရာနှင့် မျက်လုံးကို လက်ခုံနဲ့ ပွတ်ရင်း၊ ရေစီး လှေကားထစ်တွေကို နင်း၍ ဆင်းလာသည်။

လှေကားထစ်အဆုံးမှာ၊ ညှော်ခန်းထဲ ရေစီး လှမ်းဝင်ပါသည်။

ညှော်ခန်းအလယ် စားပွဲပေါ်မှာ အလှထိုးထားတဲ့ အဖြူရောင်နှင်းဆီပန်းတွေ နွမ်းကြေငိုက်ကျနေတာမြင်လျှင် ရေစီးခြေလှမ်းက တုံ့ခနဲတန့်သွားသည်။

အသိဝင်လာတဲ့ မျက်ဝန်းက ညှိုးမှိုင်းကာ။ ကိုယ်က အရုပ်ကြိုးပြတ်သလို ပုံကျမတတ်ဖြစ်သွားသည်။

ခုမှ ရေစီး ကောင်းစွာအသိဝင်လာသည်။ လေးလံတဲ့ခြေလှမ်းမှိုင်းမှိုင်းတို့ကို ညှော်ခန်းမှ ပြန်ရုပ်၍ လှေကားအောက်ဆုံးထစ်မှာ ပြိုကျမတတ် ထိုင်ချမိသည်။

မေ့လျော့နေတဲ့ ပုံရိပ်တချို့ ရုတ်ခြည်းပေါ်လာသည်။

ထိုနေ့က သုံးယောက်သား အထုပ်ကလေးကိုယ်စီ ပိုက်ကာ၊ မျက်နှာငယ်လေးတွေနဲ့ ထွက်သွားခဲ့သည်က ရေစီးအမိန့်အတိုင်း ချက်ချင်းပါပဲ။

သုံးယောက်လုံးနဲ့အတူ ဒယ်ရာရတဲ့တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာ ပတ်တီး၊ မျက်နှာကွဲပြဲ ပွဲရွဲ့တဲ့ဒဏ်ရာတွေမှာ ဆေး ပလာစတာတွေကပ်လျက် ယိုင်တီးယိုင်တိုင်နဲ့ ထွက်သွားတဲ့သဂျာနာနဲ့တွေ။

ရေစီး မျက်နှာကိုမော့ထားလျက်။

မျက်ဝန်းစိမ်းတို့ကို လွှဲလိုက်သည်က အမိန့်ကို ပြန်ရုပ်မသိမ်း ဘူးဆိုတဲ့ မာနနဲ့ ဖြစ်သည်။

ဆေးနံ့တွေနဲ့အတူ ရေစီးရှေ့က၊ နောက်ဆုံးမှ၊ ယိုင်တိုင်တိုင်နဲ့ ခေါင်းငုံ့ဖြတ်သွားတဲ့မျက်နှာကို မကြည့်သလို ရန့်တစ်မျိုး ရိုက်ခတ်သွား တာကိုလည်း ယောကျ်ားတစ်ယောက်ရဲ့ ပင်ကိုရန့်မှန်းသိလို့ မရှုရှိုက် ခဲ့။

အသက်အောင့်ပြီး နေခဲ့မိသည်က ထိုလေးယောက်စလုံး ခြံ ဝင်းထဲက ထွက်ခွာပျောက်ကွယ်သွားသည့်နောက် အတန်ကြာတဲ့အထိ ဖြစ်သည်။

သွားကြပါစေ။

ရေစီးအမိန့်ကို ဆန့်ကျင်တဲ့သူတွေ။

လုံးဝမခေါ်ဘူးဆိုတဲ့ မာနရင့်ရင့်နဲ့ ခြံသော့ကို ရေစီးကိုယ်တိုင် နှုနာကြည်းကြည်း ခတ်ပစ်ခဲ့သည်။

အဲဒီအတွက် ရေစီးမှားသလား။

ဟင့်အင်း လုံးဝမမှားဘူး။





ရေစီး မမှားဘူးဆိုတဲ့အသိနဲ့ ပြုံကျလုမတတ် ထိုင်ချမိတဲ့ ကိုယ်ကို တောင့်ခနဲမတ်လျက်၊ ဝုန်းခနဲ ပြန်ထသည်။

လေကားထစ်တွေကို တဝုန်းဝုန်းနင်း၍ အိပ်ခန်းထဲ ပြန်သည်။

စံအိမ်တစ်ခုလုံးမှာ တစ်ယောက်တည်းဆိုတာ သိနေပေမယ့် မာနတွေ ဆီးတားနေတာမို့ အားငယ်စိတ်လည်း ဖြစ်မလာ။

မိဘမောင်နှမတစ်ယောက်မှ အနီးမှာရှိမနေတာတောင် ရေစီး အားငယ်ခြင်း မရှိခဲ့ပါ။ လခပေးပြီး ခိုင်းနေတဲ့ ဒေါ်မယ်တို့လို သူစိမ်းတွေ ရှိတော့တာကို တွေးပြီး အားငယ်နေစရာမလိုဘူး။

ရေစီးဘဝမှာ ရေစီးကိုယ်ရေစီး ထူမတ်ရပ်တည်နိုင်တဲ့ အရင့်စားမာနတွေက ရင်ဘတ်နဲ့မျက်ဝန်းမှာ ရာနှုန်းပြည့် ရှိနေသည်။

ထိုမာနနဲ့ပဲ ရေစီးတစ်ကိုယ်တည်း ရပ်တည်သွားနိုင်တယ်။

ရေစီး မျက်နှာကို တင်းပစ်ကာ ထုံးစံအတိုင်း လုပ်စရာရှိတာ လုပ်သည်။ ရေချိုးအလှပြင်ပြီးတော့ ကျောက်စိမ်းရင့်ရောင်တောက် ဝသောတစ်စုံကို ရွေးဝတ်သည်။

ခြေသည်း လက်သည်းကအစ ကျောက်စိမ်းရောင်ဆေးသား နှင့်။ ငွေရောင်ကြိုးကွပ်ထားတဲ့ ကွင်းစွပ်ဖိနပ် ထောင့်ချွန်မြင့်မြင့်နှင့် ခုံးလွယ်သားရေအိတ်ကလည်း ဖက်ရှင်အရောင်နှင့် တစ်ထပ်တည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံဖျားကနေ ခြေဖျားအထိ ပြင်ဆင်ပြီး စမတ်ကျကျ အောက်ထပ်ဆင်းခဲ့သည်။ ဟိုနောက် ခြေလှမ်းတွေက ထမင်းစားခန်းဆီ အလိုလိုရောက်သွားသည်။

ထမင်းစားပွဲမှာ ဘာမှရှိမနေ။ ပြောင်ရှင်းနေတာကိုမြင်ရလျှင် ရေစီး ကြိုက်နှစ်သက်တဲ့ မနက်စာ ဖွယ်ဖွယ်ရာရာပြင်ဆင်ထားတဲ့ ဒေါ်မယ့်လက်ရာ စားပွဲဝိုင်းကို သတိရသလို ပြန်မြင်ယောင်လာသည်။

ဟင့်အင်း။

ဒေါ်မယ်မရှိလည်း ရေစီး မနက်စာမငတ်နိုင်ပါဘူး။ ချက်ချင်း ထမင်းစားခန်းထဲက ထွက်ခဲ့သည်။ ဂိုထောင်ထဲက ကားကို ကိုယ်တိုင်ထုတ်သလို၊ ခြံတံခါးကိုလည်း ကိုယ်တိုင်ဖွင့်သည်။

ကားကို ခြံပြင်မောင်းထွက်ပြီး ပြန်ရပ်သည်။ ခြံဝင်းတံခါးကို သော့ခတ်ပြီး စံအိမ်ဘက် တစ်ချက်ငဲ့ကြည့်သည်။ တိုက်တံခါးတွေ မပိတ်ခဲ့ပါ။

တိုက်တံခါးတွေ ပိတ်ဖို့ကျန်နေမှန်း သိသော်လည်း နေပါစေတော့ဆိုတဲ့စိတ်နဲ့ ကျောခိုင်းလိုက်သည်။

မနက်စာစားဖို့ ကော်ဖီရှော့ပ်တစ်ခုဆီ ဦးတည်ခဲ့သည်။ အရင်ဆုံးတွေ့တဲ့ 'ပေါ်ပြူလာ'ကော်ဖီဆိုင်ရှေ့ ကားရပ်လိုက်သည်။

ကားပေါ်ကဆင်းပြီး လူရှင်းတဲ့ စားဝိုင်းအလွတ်မှာ ဝင်ထိုင်





သည်။ မီနူးကတ်ကိုကြည့်ပြီး ရေစီးစိတ်က စားချင်သော ပန်ကိတ်(၅)နဲ့ အရာစီးကော်ဖီတစ်ခွက် မှာသည်။

ထိုစဉ်

ရေစီးနောက်ကျောမှ ဖြတ်သွားတဲ့ လေနုတချို့။

ထိုလေနုထဲမှ မှတ်မှတ်ရရဖြစ်နေသော ကိုယ်ပိုင်ရနံ့တစ်မျိုး ပါနေသလို။ ထိုရနံ့ကို ရေစီး မရှူရှိုက်ဘဲ အသက်အောင့်နေခဲ့တဲ့အဖြစ်ကိုလည်း သတိရလာသည်။

ရေစီး မရှူရှိုက်ဘဲနေခဲ့တဲ့ ထိုယောကျ်ားတစ်ယောက်ရဲ့ကိုယ်ပိုင်ရနံ့လေးကို ခုချိန်မှာ နောက်ကျောက ဖြတ်သွားတဲ့လေနုထဲ ရောပြွန်းနေတာ ဘာကြောင့်လဲ။

ရေစီးနောက်ကျောမှ ဖြတ်သွားတာ ထိုလူငယ်ဖြစ်နေလို့လား။

အို၊ မသိချင်ပါဘူး။

စိတ်ကို တင်းပစ်လိုက်ပေမယ့် ရေစီးခေါင်းက မသိမသာ ငဲ့သွားသည်။ မျက်ဝန်းက ရေစီးနောက်မှ ဖြတ်သွားတဲ့ ယောကျ်ားတစ်ယောက်ကိုကြည့်မိလျက်သား ဖြစ်သွားသည်။

လည်ကုပ်ပေါ် ခပ်ဝဲဝဲကျနေတဲ့ အလယ်ခွဲပြီးထားတဲ့ ဆံပင်ပုံမှာ၊ နှင်းရိုပ်လေးကြောင့် အုံ့မှုံ့မှုံ့လေးဖြစ်ကာ။

မျက်နှာဝိုင်းဝိုင်းလေးနှင့် လိုက်ဖက်နေသည့် လူငယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီနဲ့ အဝါရောင်မှာ အညိုစင်းလေးများပါတဲ့ လက်မပါတဲ့ ရှပ်အင်္ကျီကျပ်ကျပ်လေးက ကိုယ်နဲ့အတိ။

သူ့ဆံပင်နဲ့ သူ့ဝတ်ဆင်မှုက ထူးခြားတဲ့ဒီဇိုင်းလို မြင့်တဲ့အရပ်ကြောင့် ပို၍ထင်ပေါ်နေသည်။ ရေစီးနဲ့ တစ်ဝိုင်းခြား စားပွဲလွတ်မှာ ထိုင်ချလိုက်တဲ့အခါ ရေစီးနဲ့ ဘေးတိုက်ကျကျ ဖြစ်သွားသည်။

သိပ်မဝေးလှတာမို့ ထိုလူငယ်ရဲ့ပင်ကိုရနံ့က ရူးရူးရှရှလေး ပျံ့လွင့်လာဆဲ။ ထိုရနံ့တိုးဝင်လာမှန်း သိပေမယ့် ရှူရှိုက်ချင်စိတ် မရှိပါ။

ထိုရနံ့က ဒဏ်ရာနဲ့ လူငယ်ရဲ့ရနံ့ပဲလား။

သေချာတယ်ဆိုရင် ဒဏ်ရာတွေက ခေါင်းမှာနဲ့ မျက်နှာမှာ ဘာကြောင့်ရှိမနေရတာလဲ။ မနေ့ကပဲ ရခဲ့တဲ့ဒဏ်ရာလတ်လတ်ဆတ်ဆတ်က နောက်နေ့မှာ ချက်ချင်းပျောက်သွားသလား။

ဒဏ်ရာမရှိတဲ့မျက်နှာက ထိုလူငယ်မဟုတ်မှန်း သိပေမယ့် ရနံ့ကြောင့် ဟုတ်တယ်၊ မဟုတ်ဘူးလို့ ခွဲခြားရခက်လှသည်။

အို။

ဟုတ်ဟုတ် မဟုတ်ဟုတ်။

ရေစီးနဲ့ ဘာဆိုင်လို့လဲ။

မာနရေစီးဆိုတာ ယောက်ျားတွေကို ဂရုစိုက်ခံစားနေတဲ့ နူးနူးညံ့ညံ့ မိန်းကလေးမဟုတ်ဘူး။





ရေစီးဘက် တစ်ချက်မှ ငဲ့မကြည့်တဲ့ ထိုလူငယ်ဆီက အကြည့်ကို ရေစီး ချက်ချင်းရုပ်သိမ်းသည်။

ရူးရှရှလေးတိုးဝင်လာ နှာနှကို လာချူနေတဲ့ ထိုယောက်ျားရဲ့ ကိုယ်ပိုင်ရနံ့ကို ရေစီး ရှူရှိုက်ရမလိုလို ဖြစ်လာသည်။

ဟင့်အင်း မရှူဘူး။

အသက်ကိုအောင့်၍ ချက်ချင်းထရပ်သည်။

"မမ ရပါပြီ"

ခေါ်ပြောသံကို ငဲ့ကြည့်တော့ မှာထားတဲ့ ကော်ဖီနဲ့မုန့်ယူလာတဲ့ ဝိတ်တာ။ ရေစီး စားချင်စိတ်လည်း မရှိတော့ပါ။

ထို့ကြောင့် ပခုံးလွယ် ဘေးအိတ်ထဲက ထောင်တန်ငါးရွက် ထုတ်ကာ စားပွဲပေါ်တင်ပြီး လှည့်ထွက်ခဲ့မိသည်။

အဲဒါ ဘာကြောင့်လဲ။

ရေစီး အဖြေမထုတ်ချင်တော့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အဲဒီကတည်းက မာနရေစီး တစ်ယောက်တည်း စိတ်တင်းပြီး နေခဲ့တာ ခုဆို တစ်ပတ်တိတိရှိပြီ။

ညနေခန်းက နှင်းဆီပန်းတွေ ညှိုးရော်ကာ ပွင့်ဖတ်တွေတချို့ ကြွေ၊ တချို့ ကြွေလုလုဖြစ်နေတာမြင်မှ ရေစီး သက်မလေး ခိုးချရင်း ရင်မှာ နွမ်းသလိုလို၊ အထီးကျန်သလိုလို ခံစားရသည်။

"မမ တစ်ယောက်တည်း အဆင်ပြေလား"

တိုးတိုးစံ အလိုက်သိသိမေးပေမယ့် ရေစီးမျက်နှာထားနှင့် ဖြေခဲ့ပါသည်။

"ပြေတယ်"





"စားရေးသောက်ရေးရော"

"ဆိုင်မှာစားတယ်"

"တစ်ခုခုလိုအပ်ရင် တိုးတိုးကိုပြောလေ"

"ဘာမှမလိုဘူး"

ထိုကဲ့သို့ ရေစီး တင်းတင်းမာမာပဲ ပြောခဲ့သည်။ ရေစီးစိတ်ကိုသိနေတဲ့ တိုးတိုး နောက်ထပ် ဘာမှမမေးရဲတော့ပေ။

ရေစီးအမိန့်ကို မနာခံတဲ့သူတွေကို မမြင်ရတာ ရေစီး ပို၍ ကျေနပ်သလို ဖြစ်ခဲ့သည်။ ခုတော့ –

တစ်ပတ်ပဲ ရှိသေးသည်။

မသိစိတ်က ဒေါ်မယ်ကို တမ်းတမ်းတတ ခေါ်မိသည့်အဖြစ်။

ဟင့်အင်း။

ရေစီးက စိတ်ဓာတ်ပျော့ညံ့တဲ့ မိန်းကလေးမဟုတ်ဘူး။

မာနနဲ့ ပြန်တင်း၍ ထိုင်ရာမှ ဝုန်းခနဲ ထ,ကာ။

သတိလက်လွတ် တမ်းတမိတဲ့စိတ်ကို မာနနဲ့ ပြန်ဆွဲတင်သည်။ ပန်းအိုးထဲက ပန်းအနွမ်းတွေကိုယူပြီး အမှိုက်ပုံးထဲ သွားပစ်လိုက်သည်။

ပန်းအိုးမှာ ပန်းထိုးမယ့်သူမရှိတော့လည်း ဘာဖြစ်လဲ။

နေပါစေ။

အပေါ်ထပ် ပြန်တက်ပြီး အိပ်ခန်းထဲ ဝင်သည်။ ညအိပ်ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးလေးကို ချုတ်ပစ်ပြီး ရေချိုးခန်းထဲ ဝင်သည်။

အသင့်ချက်ပြုပေးမယ့်သူ၊ စံအိမ်ကို အရင်လို လှလှပပ စိုစို ပြေပြေဖြစ်အောင် ပြုပေးမယ့်သူကို မတမ်းတသလို။

နောက်ထပ်အသစ်တစ်ယောက်ခန့်ဖို့လည်း ရေစီး စိတ်မကူး တော့ဘူး။

ကုမ္ပဏီသွား ဗိုက်ဆာရင် တစ်ဆိုင်ဆိုင်ဝင်စားရုံပဲ။

ဘယ်သူ့မှ အားကိုးမှီတင်စရာ မလိုဘူး။

ဒီလိုနဲ့ပဲ မာနရေစီး တင်းခံနေသည်က နေ့တိုင်းလိုလို။

ရေချိုးပြင်ဆင်ပြီး စံအိမ်ထဲက ထွက်။ နီးရာဆိုင်တစ်ဆိုင်မှာ မနက်စာ မှာစားပြီး ကုမ္ပဏီတန်းဝင်လာခဲ့သည်။ နေ့လယ်စာနှင့်ညစာကို ဆိုင်ကောင်းကောင်းမှာ အော်ဒါမှာထားသည်။

အချိန်နဲ့ လာပို့တဲ့ နေ့လယ်စာနှင့်ညစာကို တာဝန်အရ စားသလို တစ်ခါတစ်ရံ စိတ်က မစားချင်ရင် မစားဘဲဝစ်ခဲ့သည်။ ကုမ္ပဏီကပြန် ရင် စံအိမ်ညှော်ခန်းထဲမှာ နားလှေ့မရှိပေ။

အိပ်ခန်းထဲ တန်းဝင်ပြီး ခုတင်ပေါ် ကိုယ်ကိုလှဲချလိုက်သည်။

ဒီလိုနဲ့ အိပ်ပျော်သွားတတ်သလို၊ အိပ်မပျော်ရင်လည်း မှေ့ရာ ပေါ် လူးလိမ့်ရင်း အချိန်တွေကုန်ဆုံးစေခဲ့တာ ရက်မှလသို့ ကူးပြောင်း လာသည်အထိ။





ခုချိန်ထိ

မာနရေစီးရဲ့မာနက ဆူးတစ်ချောင်းလို ချွန်မြနေဆဲ။

✿

"မမ"

တိုးတိုးခေါ်သံက တိုးလျှပေမယ့် ရေစီးနားထဲ ဒိုင်းခနဲ ဆောင့် ဝင်လာသည်။ ထိုအခါ ရေစီးတစ်ကိုယ်လုံး တုန်ခါသွားသည်။

ပြတင်းပေါက်တံခါးဖွင့်ပြီး ဦးတည်ရာမဲ့ ငေးရင်း ဟိုတွေး ဒီတွေး ဖြစ်နေတဲ့ ရေစီးစိတ်ကို ပြန်ထိန်းချုပ်လျက် –

ပြတင်းပေါက်ဘောင်ပေါ် တင်ထားမိတဲ့ လက်နှစ်ဖက်ကို ဘေး ချ၍ တိုးတိုးစံကို ဣန္ဒြေမပျက် လှည့်ကြည့်သည်။

မာနရေစီး ဟန်အမူအရာက ပုံမှန်အတိုင်း တည်တည်တင်း တင်း ဖြစ်နေသည်။

မျက်နှာချင်းဆိုင်ရပ်နေတဲ့ တိုးတိုးစံ။

ရေစီး တည့်တည့်ကြည့်နေတဲ့ မျက်ဝန်းကို ရင်မဆိုင်ရဲသလို မျက်လွှာချသည်။ မာနရေစီး အကြည့်ရှဉ်၍ ဆိုဖာထိုင်ခုံမှာ အရှိန်အဝါ ကြီးစွာ ဝင်ထိုင်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာရှိလဲ တိုးတိုး"

အလှမိန်ယံအလုပ်စားပွဲရှေ့ တည့်တည့်ရပ်နေတဲ့ တိုးတိုး စားပွဲပေါ်တင်ထားသည့် ဖိုင်တွဲတစ်ခုကို ဆွဲယူမလိုလို တို့ထိကိုင်ရင်း ပြောသည်။

"ဟို ဒေါ်မယ်က"

"တော်တော့ ဆက်မပြောနဲ့တော့"

ရေစီးရင်ထဲမှာ ဘယ်လိုမှ သည်းခံဖြေဖျောက်မနိုင်သေးတဲ့ အဖြစ်။ တိုးတိုးစံ ရှေ့ဆက်မပြောရဲတော့ပေ။

"ဒီမှာ တိုးတိုး တခြားကိစ္စကို ရေစီး နားလည်ပေးလို့ရတယ်၊ ယောကျ်ားတွေနဲ့ပတ်သက်ပြီး ရေစီးစိတ်ထဲမှာ ဘာတွေအကျည်းတန်နေလဲဆိုတာ သိလျက်နဲ့ ယောကျ်ားတစ်ယောက်ကို စံအိမ်ထဲ ခေါ်သွင်းလာတာ ဘာရည်ရွယ်ချက်လဲ၊ နေပါဦး၊ ဒီကိစ္စမှာ ညည်းရော အလိုတူ အလိုပါလား"

"ဟင့်အင်း၊ မ မဟုတ်ဘူး မမ"

တိုးတိုးစံ ပျာယာခတ်မတတ် ငြင်းရသည်။

"မဟုတ်ပါဘူး မမရယ်၊ ဒေါ်မယ်က နောက်တစ်ခါ မမ မကြိုက်တာ ဘာမှမလုပ်ပါဘူးလို့ လာတောင်းပန်ချင်ပါတယ်တဲ့၊ အဲဒါ ပြောပေးပါဆိုလို့"





"မပြောနဲ့၊ နောက်တစ်ခါဆို ညည်းကိုပါ အလုပ်အထုတ်ပဲ"

တိုးတိုးစံတစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွားသည်။

နှစ်ဦးနှစ်ဖက် အဆင်ပြေပါစေဆိုတဲ့စေတနာနဲ့ တိုးတိုး ကြားဝင်ပြောမိခြင်းပါ။

ဒေါ်မယ်အိတို့သုံးယောက်က အလုပ်ပြန်ရပြီး အဆင်ပြေပါစေ၊ မမလည်း စားသောက်နေထိုင်ရေး အရင်လိုပဲ စိတ်အေးရပါစေ ဆိုတဲ့ စေတနာနဲ့ပါ။

မမက လက်မခံဘူးဆိုတော့လည်း -

"ကဲ သွားတော့၊ လုပ်စရာရှိတာ ဆက်လုပ်"

"ဟုတ်ကဲ့ မမ"

တိုးတိုး ရှိုက်ကြီးကျိုး ခေါင်းလေးငုံ့၍ထွက်သွားလျှင် မာနရေစီး သက်ပြင်းလေးချကာ မျက်နှာလေးကိုပင် မော့၍ ခါပစ်လိုက်သည်။

ဟင့်အင်း။

သွားစမ်း။

ရေစီးအမိန့်ကို ဆန့်ကျင်တဲ့သူတွေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မမ"

အောက်ဒါမှာထားတဲ့ နေ့လယ်စာထမင်းပွဲကို မနှစ်မြို့သလို ကြည့်နေတဲ့ ရေစီ။ တိုးတိုးခေါ်သံကြောင့် ဖျတ်ခနဲ အသိဝင်လာသည်။

"လာလေ တိုးတိုး။ အတူတူစားရအောင်"

"တိုးတိုး စားပြီးပြီ"

တိုးတိုး ပြောရင်း ဟင်းပွဲတွေကို ငေးကြည့်သည်။ ဟင်းအမယ် စုံပေမယ့် မမ့မျက်ဝန်းထဲမှာ စားသောက်ချင်စိတ်တို့ ဖြစ်မနေတာ တိုးတိုး သိနေသည်။

"စားလေ မမ"





"ပြော်၊ အင်း"

ရေစီးစိတ်မပါစွာ ဇွန်းခက်ရင်းကိုင်လိုက်ရသည်။ ကိုယ်တိုင် ဆိုင်ကောင်းကောင်းက ရွေးမှာထားလျက်နဲ့ တစ်ရက်က နှစ်ရက် ခံတွင်း မလိုက်တာ ခက်လှသည်။

ဒေါ်မယ့်လက်ရာနဲ့ အကျွာကြီးကွာတဲ့ ဟင်းအရသာကို မမြည်း ချင်လောက်အောင် ဖြစ်လာသည်။

တိုးတိုးရှေ့မှာ ဆိတ်အသည်းနဲ့ ရောကြော်ထားတဲ့ သီးစုံကြော် ကို ထမင်းနည်းနည်းနဲ့ တစ်ဇွန်းခပ်၍ ခံတွင်းထဲ မြိုလိုက်သည်။

"စားလို့အဆင်ပြေလား မမ"

"ပြေပါတယ်"

ပြောရင်း အသင့်ဖြည့်ထားတဲ့ ရေခွက်ကိုကိုင်ကာ ရေတစ်ငုံ နဲ့ မျှောချရသည်။

"တိုးတိုး ပြောစရာရှိလို့လား"

စားချင်စိတ်မရှိသောကြောင့် ဇွန်းကို ပြန်ချရင်း မေးနေသည်။ တိုးတိုးခေါင်းညိတ်၍ –

"ရှိတယ် မမ"

"ဘာလဲဟင်"

"မမ ဆိုင်ထမင်းဟင်းစားရတာ အဆင်မပြေဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးမေးတာကို ရေစီး ဝန်မခံချင်ဘူး။ အဆင်မပြေရင် ပြေမယ့်ဆိုင် ရွှေ့လို့ရသေးတယ်။ ရေစီး မျက်နှာမပျက်အောင်ပြင်၍–

"ပြေပါတယ်"

"ပြေတယ်လို့သာ ပြောတယ်၊ မမ ထမင်းစားတာ မဖြစ်စလောက်လေးရယ်"

ရေစီး မသိမသာ သက်မချ၍ ထမင်းအဖြူချည်းသက်သက် တစ်ဇွန်းခပ်စားမိပြန်သည်။ ထမင်းဝါးလျက် –

"တိုးတိုး ထင်လို့ပါ"

"မမတစ်ယောက်တည်း နေရတာရော"

"ရပါတယ် တိုးတိုးရယ်၊ ဒယ်ဒီတို့ နိုင်ငံခြားသွားကတည်းက ရေစီး တစ်ယောက်တည်းနေလာတာလေ"

"ဟုတ်ပါတယ်၊ မမ တစ်ယောက်တည်းပေမယ့် ဒေါ်မယ်တို့ မိမှူမှုတို့ ရှိတယ်လေ၊ အခုက စံအိမ်ထဲမှာ မမ တစ်ယောက်တည်း၊ ဘယ်သူမှလည်း မရှိဘူး။ တိုးတိုးလည်း မမနဲ့ အဖော်နေပေးချင်ပါတယ်၊ တိုးတိုးမှာ သမီးလေးရှိနေတော့"

ရေစီး လက်ကာဟန့်လိုက်လျှင် တိုးတိုး ဆက်မပြောတော့ပေ။

"ရတယ်၊ နေလို့ရတယ်၊ ရေစီးအမိန့်မရှိဘဲ လုပ်ချင်ရာလုပ်တဲ့ ဘယ်သူ့ကိုမှ နှစ်ခါပြန်မသုံးဘူး တိုးတိုး"





ထိုအခါ

တိုးတိုးမျက်နှာလေး မသိမသာ ပျက်ကျသွားပြန်သည်။

ဒေါ်မယ်က ရေစီးအပေါ် သမီးတစ်ယောက်ကဲ့သို့ သဘောထားပြီး အစစအရာရာ ပြုစုဆောင်ရွက်ပေးတာ တိုးတိုးသိသည်။

အစားအသောက် ကြေးများလွန်းတဲ့ ရေစီးအတွက် ဖွယ်ဖွယ်ရာရာလေးတွေ လုပ်ပေးတတ်သလို၊ သပ်သပ်ရပ်ရပ် လှလှပပနေတတ်တဲ့ ရေစီးရဲ့စံအိမ်ကိုလည်း ရေစီးစိတ်တိုင်းကျဖြစ်အောင် လုပ်ဆောင်ပေးတတ်တဲ့ ဝါရင့်အိမ်ထိန်းတော်ကြီး ဖြစ်သည်။

တစ်ပတ်တစ်ခါ အိပ်ရာခင်းလဲတာကအစ လိုက်ကာတွေလဲတာအဆုံး ညှော်ခန်းမှာ ပန်းအိုးထိုးတာကအစ လိုက်ကာအရောင်နဲ့ လိုက်ဖက်အောင် မျက်စိပသာဒရှိစေမည့်အရောင်ရွေးကာ စနစ်တကျ ရွေးချယ်ပြင်ဆင်ပေးလေ့ရှိသည်။

ရေစီး ဒေါသနဲ့နှင်ထုတ်ပေမယ့် ဒေါသပြယ်ရင် ပြန်ခေါ်လိမ့်မယ် ထင်ခဲ့သည်။ ခုချိန် နှစ်လတင်းတင်းပြည့်ပြီ။

ပြန်ခေါ်ဖို့အကြောင်း မပြောနဲ့ စကားအဖြစ်တောင် ရေစီးနှုတ်က မပြောခဲ့။ ဒါကြောင့် တိုးတိုးဆီ အကူအညီတောင်းခြင်း။ ဒေါ်မယ်တို့ကို မမ ပြန်ခေါ်ဖို့ပေါ့။

ဆိုင်ထမင်းဟင်းစားရတာ အဆင်မပြေသလို၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ အဖော်မခေါ်တော့တဲ့ အထီးကျန်မာနနဲ့ ရပ်တည်နေတဲ့ ရေစီးစိတ်ကို တိုးတိုးသိပေမယ့် နှစ်ဦးနှစ်ဖက် ပြေလည်စေဖို့ အခွင့်ကောင်း စောင့်ကြည့်နေခဲ့တာလေ။

ပြောခွင့်လေး သာတုန်း သွေးတိုးစမ်းသလို ပြောကြည့်ပေမယ့် မမစိတ်က နှမ်းတစ်စေ့စာမျှ ပြောင်းလဲမလာခဲ့။

"အဲဒါဆိုလည်း တခြားတစ်ယောက်ယောက်ကို မမ ခေါ်ထားပါလားဟင်"

ဖြစ်သင့်တာတစ်ခုကို အရဲစွန့်၍ တိုးတိုး အကြံပေးပြန်သည်။

"တခြားတစ်ယောက်ကို"

ရေစီး မျက်ခုံးတွန့်ကာ တိုးတိုးကို စိုက်ကြည့်သည်။ တိုးတိုး အရိုးခံစိတ်နဲ့ ခေါင်းညိတ်၍ပြောသည်။

"ဟုတ်တယ် မမ၊ ဒေါ်မယ်တို့ကို မခိုင်းချင်လည်း ဒေါ်မယ့်လို အစစအရာရာ မမကို လုပ်ပေးနိုင်မယ့် တစ်ယောက်ယောက်ကို ခေါ်နိုင်းရင် မမအတွက် ပိုအဆင်ပြေမယ်လေ၊ အဓိက စားရေးသောက်ရေးနဲ့ မမရဲ့ဝေယျာဝစ္စအတွက်လေ"

တိုးတိုးစကားအဆုံးမှာ ရေစီး သက်မခိုးချသည်။

စံအိမ်တစ်ခုလုံး ဖုန်နံ့တွေ ရနေပြီ။ အိပ်ရာလည်း အိပ်ရာခင်း အသစ်မလဲရသေးတော့ အနံ့အသက်မကောင်းချင်တော့။ ဆိုင်ဟင်း





ထမင်းဟင်းတွေကလည်း ဘယ်လိုမှ ဆက်စားချင်စိတ် မရှိတော့ပါ။

စားရေးသောက်ရေးနဲ့နေရေးက အရင်ကလို မဟုတ်တဲ့အတွက် စံအိမ်ထဲရောက်ရင် စိတ်က အပန်းမပြေ။

ပို၍ပင် မွန်းကျပ်သလို ခံစားရတာ မှန်တယ်။

ရေစီး မာနချပြီး ဒေါ်မယ်တို့ကို ပြန်မခိုင်းချင်။

ထိုစိတ်နဲ့ တစ်ကိုယ်တည်း ဖြစ်သလိုနေခဲ့တာ။ နောက်တစ်ယောက်ကို ခေါ်နိုင်းဖို့လည်း စိတ်မကူးဖြစ်ဘူး။

တိုးတိုး အလိုက်သိသိပြောလာတော့ ရေစီး ခပ်တွေတွေလေး ဖြစ်ကာ စဉ်းစားမိသည်။

"နော် မမ၊ တစ်ယောက်ယောက်ကို ခိုင်းလို့ရတာပဲ၊ မမအတွက် အဆင်ပြေဆုံးဖြစ်မယ့် တစ်ယောက်ယောက်ကို တိုးတိုး ရှာပေးမယ်လေ"

တိုးတိုး အားတက်သရော ပြောပြန်လျှင် ရေစီး တည်တည်ငြိမ်ငြိမ်လေးပဲ ကြည့်ပြီး –

"ဖြစ်ပါ့မလား ရေစီးစိတ်နဲ့"

"စိတ်ချပါ မမ၊ မမအတွက် အဆင်ပြေဆုံးဖြစ်မယ့်လူကို တိုးတိုး သေချာရွေးပေးပါ့မယ်၊ ခိုင်းကြည့်လို့ စိတ်ကြိုက်ဖြစ်မှ မမ ဆက်ခိုင်းပေါ့၊ မမ မကြိုက်ရင် ချက်ချင်းထုတ်ပစ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ရေစီး အနည်းငယ် စိတ်ဝင်စားသွားသည်။

ထိုအခါ တိုးတိုးမျက်ဝန်းလေး မှေ့လင့်ချက်နဲ့ လင်းလက်သွားပြီး –

"မမ စိတ်ဝင်စားရင် မနက်ဖြန် တိုးတိုး လာပို့ပေးမယ်နော် မမ"

"စိတ်ချရမယ်ဆို နိုင်းကြည့်တာပေါ့"

"စိတ်ချပါ မမရဲ့ မမအတွက် စိတ်မချရရာဖြစ်အောင် တိုးတိုး လုပ်ပေးပါ့မလား မမရယ်၊ အစစအရာရာ တိုးတိုး တာဝန်ယူပါတယ်"

"အဲဒါဆိုလည်း ခေါ်လာလေ၊ မမ နိုင်းမယ်"

"အင်း ခေါ်လာမယ်၊ မမ ထမင်းစားဦးလေ"

ရေစီး နှာခေါင်းလေးရှုံ့လျက်။

"မစားချင်တော့ဘူး၊ သိမ်းလိုက်တော့"

ရေစီးပြောပြီး ထမင်းစားပွဲရှေ့မှ ထရပ်ကာ နေ့လယ်စာကို မစားဘဲ ရှောင်ခွာခဲ့မိသည်။

ဒေါ်မယ့်လက်ရာကို တမ်းတမိပေမယ့် မာနနဲ့ပဲ တင်းခံလိုက်သည်။

ရေစီးအမိန့်ကို လွန်ဆန်တဲ့သူတွေအတွက် ရေစီးမာနကို ရေစီး





မလျှော့နိုင်ဘူး။ အဲဒါ အသေအချာပဲ။

တကယ်ဆို ဒေါ်မယ် ဒီလိုမလုပ်သင့်ဘူး။

မိမှုမှုနဲ့ဒေါ်မေစိုးလည်း အလိုတူအလိုပါ မဖြစ်သင့်ဘူး။

ယောကျ်ားတွေကို မုန်းတီးရွံရှာလွန်းလို့ ယောကျ်ားဆိုရင် မျက်လုံးနှစ်ဖက်နဲ့ မပြောနဲ့၊ မျက်လုံးတစ်ဖက်နဲ့တောင် မကြည့်ချင်ခဲ့ပါ။

လုပ်ငန်းခွင်ထဲမှာတောင် မဖြစ်မနေ လိုအပ်မှ ယောကျ်ားလေး မန်ထမ်း ခန့်ထားပေမယ့် ထိုယောကျ်ားဝန်ထမ်းတွေနဲ့ ရေစီး လုံးဝ မျက်နှာချင်းမဆိုင်ခဲ့တာလေ။

တတ်နိုင်သမျှ ယောကျ်ားဝန်ထမ်းတွေကို ပယ်ချဖို့ စိတ်ထက်သန်နေခဲ့တဲ့ ရေစီး။ ဒေါ်မေစိုးကိုပင် အားမနာ။ ဒေါ်မေစိုးတူအတွက်တောင် ရေစီး တစ်နေရာ မဖန်တီးပေးခဲ့ဘူး။

အလုပ်ပေးဖို့မပြောနဲ့ မျက်စိရှေ့မှာ ဒဏ်ရာဗရပွနဲ့ လဲနေတဲ့သူဟာ ယောကျ်ားဖြစ်နေတဲ့အတွက် ရေစီး ကျောခိုင်းခဲ့ခြင်းပါ။

ယောကျ်ားတွေနဲ့ပတ်သက်ရင် ရေစီးစိတ်က အနူတ်လက္ခဏာချည်းပဲဆိုတာ သိလျက်နဲ့ သုံးယောက်စလုံး အလိုတူအလိုပါ တိုင်ပင်ပြီး၊ စံအိမ်ထဲ ယောကျ်ားတစ်ယောက် ခေါ်သွင်းလာတဲ့အဖြစ်။

ရေစီး သည်းခံခွင့်လွှတ်ပေးရမတဲ့လား။ ဝေးသေးတယ်ကွဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မမ"

တိုးတိုးခေါ်သံကြောင့် ရေစီး ဖျတ်ခနဲ လှည့်ကြည့်မိသည်။

"လာလေ တိုးတိုး"

ခြံထဲက ခုံတန်းမှာထိုင်၍ ဖိုင်ထဲက စာရင်းတွေကို စိတ်အေးလက်အေး စစ်ဆေးနေတဲ့ ရေစီး။ ဖိုင်တွဲကို စားပွဲဝိုင်းပေါ် ပြန်တင်၍ တိုးတိုးကို လှမ်းခေါ်လိုက်သည်။

တိုးတိုး နူးနူးညံ့ညံ့လေးပြုံး၍ ရေစီးဆီ လျှောက်လာသည်။ ရေစီး ကိုယ်လေးမတ်ကာ။

"မမအတွက် လူရှာလို့ရရဲ့လား"





"ရပါတယ်"

"ဘယ်မှာလဲ"

"ပါလာတယ် မမ၊ ဒေါ်ဝေရဲ့ လာခဲ့"

တိုးတိုး ပြောရင်း လှမ်းခေါ်သည်။ ရွက်လှပန်းချုံနဲ့ ကွယ်နေတဲ့ ဒေါ်ဝေ တိုးတိုးလှမ်းခေါ်သည်နှင့် ထွက်လာသည်။

ဒေါ်ဝေဆိုသူကို ရေစီး လှမ်းကြည့်မိသည်။

ရေစီးရှေ့ရောက်နေတဲ့ ဒေါ်ဝေဆိုသူကို ရေစီး မော့ကြည့်ရအောင် အရပ်မြင့်နေသည်။

ရေစီးထက် ခေါင်းတစ်လုံးပိုမြင့်ကာ မျက်မှန်ထူထူကြီး တပ်လျက် ရိုရိုလေးရပ်နေတဲ့ ဒေါ်ဝေ။

သွယ်ဝန်းသောမျက်နှာပြင်နှင့် ခြေလက်များအစွန်းအထိ သနပ်ခါးထူထူ လိမ်းကျံထားကာ ဆံပင်အားလုံးကို ဘီးနဲ့ပတ်၍ နောက်မှာ ဆံထုံးထုံးဖွဲ့ထားသည်က သပ်သပ်ရပ်ရပ် ရှိလှသည်။

အပွင့်ကြီးကြီး ပါတိတ်ထဘီကို ပြောင်အက်ျီ ရှေ့ကွဲပုံ၊ လည်ထောင် လက်စက အဝါနုရောင်နဲ့ အဆင်ပြေပြေ ဝတ်လျက်။ နှုတ်ခမ်းလေးစေ့၊ မျက်လွှာချပြီး ရေစီးရှေ့ရပ်နေတဲ့ဟန်က ရေစီးကို အလေးအနက်ထားမှန်း သိသာနေသည်။

သနပ်ခါးထူထူလိမ်းထားသောကြောင့် ပင်ကိုအသားအရောင်



www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်ရပေမယ့် မျက်ဝန်းချင်းလည်း အဆုံမခံဘဲ ခေါင်းငုံ့မျက်လွှာ ချနေပုံက ရေစီးစိတ်ကို ဘဝင်ကျသွားစေသည်။

"နာမည်က"

"ဒေါ်ဝေဝေမြင့်ပါ မမ"

ရေစီး လွှတ်ခနဲ မေးလိုက်သည်။ တိုးတိုးက မျက်ရိပ်ပြတာကြောင့် ဒေါ်ဝေ ချက်ချင်းဖြေသည်။

ပြန်ဖြေသည့်အသံက အက်ရှနေသလိုလို၊ အသံသြနေသလိုလိုနှင့် ခံတွင်းထဲ တစ်ခုခုငုံ၍ပြောသံလို လုံးထွေးထွေးဖြစ်ပေမယ့် ရှင်းနေသည်။

ပြီးတော့ ရေစီးကို တိုးတိုးခေါ်သလို –

"မမ" တဲ့။

ရေစီး သဘောကျသလို နှုတ်ခမ်းလေးစေ့ကာ ပြုံးလိုက်သည်။

"ဒေါ်ဝေလို့ပဲ ခေါ်ပါမမ"

"အင်း"

ရေစီး ခေါင်းလေးဆတ်ကာ တိုးတိုးဘက်လှည့်ပြီး ပြောသည်။

"ဒေါ်ဝေကို ရေစီး နိုင်းကြည့်မယ်"

"နိုင်းကြည့်ပါ မမ၊ တိုးတိုးလည်း ဒေါ်ဝေ့ကို သေချာမှာထားပါတယ်၊ ဒေါ်ဝေက အချက်အပြုတ်လည်း ကျွမ်းတယ်လေ၊ ဒေါ်မယ့်





လက်ရာအတိုင်းပဲ၊ မမ နိုင်းမယ်ဆိုလို့ ခေါ်မယ့်ဆီမှာ မမအကြိုက်အားလုံး မေးမြန်းထားတာ မမရဲ့"

"ဟုတ်လား ဒေါ်ဝေ"

ရေစီး လှည့်မေးတော့ ဒေါ်ဝေ ခေါင်းညိတ်လျှင်၊ ရေစီးကျေနပ်သလို ဖြစ်သွားသည်။ ဒေါ်မယ်တို့လို အသက်အရွယ်ရှိမယ်ထင်ရတဲ့ ဒေါ်ဝေက ဒေါ်မယ်လို အားကိုးရမယ်ဆိုရင် ရေစီးစိတ်က အလိုလို သဘောကျလျက်သား ဖြစ်သည်။

ဒါပေမဲ့ ဒေါ်မယ်တို့လို ရေစီးအမိန့်ကို လွန်ဆန်မှာကို စိုးရိမ်ကာ။

"ဒေါ်မယ်တို့လို ရေစီးအမိန့်ကို လွန်ဆန်ရင်တော့ ချက်ချင်း အလုပ်ဖြုတ်ပစ်မယ်"

"စိတ်ချပါ မမရဲ့"

တိုးတိုးက ဝင်ပြောသည်။

လုပ်ငန်းကိစ္စတင်မက ရေစီးနိုင်းသမျှကိစ္စတွေကို အမြန်ဆုံးနှင့်အကောင်းဆုံးဖြစ်အောင် တိုးတိုး လုပ်ပေးခဲ့တာတွေ ရေစီး သိနှင့်သည်။

"တိုးတိုး သေချာမှာထားပါတယ်"

"အဲဒါဆိုလည်း ပြီးရောလေ"

"မမ လက်ခံပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရေစီး ခေါင်းညိတ်လိုက်တော့ တိုးတိုးမျက်နှာလေး ရွှင်သွားသလို ဒေါ်ဝေမျက်နှာလေးလည်း လန်းဆန်းသွားသည်။

"ကဲ ဒေါ်ဝေ"

"ပြောပါ မမ"

"စံအိမ်ကို အရင်သန့်ရှင်းရေးလုပ်ပြီးမှ ချက်ပြုတ်ပါ"

"ဟုတ်ကဲ့ပါ မမ"

"တိုးတိုး စံအိမ်ထဲ လိုက်ပြလိုက်"

"ဟုတ်ကဲ့ ပြလိုက်ပါ့မယ် မမ၊ မမ စာရင်းတွေစစ်နေတာ မဟုတ်လား၊ ဆက်လုပ်လေ မမ၊ ဒေါ်ဝေကို တိုးတိုး လိုအပ်တာတွေ လုပ်ခိုင်းလိုက်မယ်၊ လာ ဒေါ်ဝေ"

တိုးတိုး ပြောပြီး ဒေါ်ဝေကို ရေစီးရှေ့က ခေါ်ထုတ်သွားသည်။

တိုးတိုးနှင့် ကပ်ယှဉ်လျှောက်သွားတဲ့ ဒေါ်ဝေက ဖြည်းနှေးပေမယ့် ခြေလှမ်းက ကျဲနေသည်။

လမ်းလျှောက်ဟန်က တမင်လုပ်လျှောက်ရသလို လိမ်ဖယ်ဖယ်နှင့် ထဘီစလေးဆွဲ၍လျှောက်ပုံက ဒေါ်မယ်တို့ ဒေါ်မေစိုးတို့နှင့် မတူ။

သာမန်မိန်းမကြီးတွေလို လမ်းလျှောက်ပုံ မတူသော်လည်း တစ်မျိုးတော့ ကြည့်ကောင်းနေသည်။





တိုးတိုးနဲ့ဒေါ်ဝေ စံအိမ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားမှ ရေစီး စိတ်ပေါ့ပါးစွာ ထိုင်ခုံရှည်မှာ ပြန်ထိုင်၍ ဖိုင်တွဲတွေ ပြန်ယူသည်။

စိတ်မှာတော့ ဒေါ်ဝေ့ကို ရေစီး စိတ်တိုင်းကျအားကိုးရပါ့မလား။ အဲလိုတော့ တွေးမိသည်သာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၀)

ညည့်ခန်းက အရင်လို ဖုန်တွေမရှိတော့ပါ။ အသစ်လဲထားသည့် ပန်းအိုးမှ၊ နှင်းဆီရနံ့တွေ သင်းအိနေသည်။

အဖြူရောင် လိုက်ကာတွေကို အစိမ်းဖျော့ပေါ်မှာ အဖြူရောင် လှိုင်းအရိပ်ကလေးတွေပါတဲ့ အဆင်သစ် လဲတပ်ဆင်ထားသဖြင့် အမြင်အာရုံကို ရှင်းလင်းကြည်လင်စေသည်။

အိပ်ရာခင်းတွေကအစ လိုက်ကာနဲ့ တစ်ရောင်တည်း လဲလှယ်ထားသလို၊ အိပ်ခန်းတစ်ခုလုံးလည်း နှင်းဆီပန်းရနံ့တွေ ပျံ့မွှေးလျက်။

ဒေါ်မယ်မရှိတဲ့နောက် ရေစီးရဲ့အဝတ်တွေ ဖရိုဖရဲ ပွရှုပ်နေခဲ့သော်လည်း ခုတော့ ဒေါ်ဝေ့လက်စွမ်းကြောင့် ဗီရိုထဲမှာ စနစ်တကျ





လှလှပပ နေရာယူနေပြီဖြစ်သည်။

ရေစီးအကြိုက် နံနက်စာ၊ ညစာတွေက ဒေါ်မယ့်လက်ရာနှင့် မခြားပေ။ ရေစီး ကုမ္ပဏီသွားဖို့ ကားကို ဂိုထောင်ထဲက အသင့်ထုတ်ထားပေးတတ်သလို၊ မိမ္မမှုလိုပဲ ခြံဝင်းတံခါး ဖွင့်ပေးတတ်သည်။

ရေစီးပြန်လာချိန်မှာ တံခါးအသင့်ဖွင့်ကာ စောင့်နေတတ်သလို၊ ညည့်ခန်းမှာ ခဏနားလေ့ရှိတဲ့ ရေစီးအတွက် သံပရာရည်အသင့်ဖျော်ပေးတတ်သည်ကအစ ဒေါ်မယ်နှင့်တူနေသည်။

မိမ္မမှုလို အတိုအထွာမှန်သမျှ ခိုင်းကောင်းသလို၊ ဒေါ်မယ်လို အစစအရာရာ လိုလေသေးမရှိ လုပ်ဆောင်ပေးတတ်သည်။

ဒေါ်ဝေတစ်ယောက်တည်းက မိမ္မမှုနဲ့ဒေါ်မယ်တို့နှစ်ယောက်ပေါင်း အားကိုးသလို အဖက်ဖက်က ပြောစရာမလိုအောင် ခိုင်းကောင်းတဲ့ အဖော်တစ်ယောက် ဖြစ်နေသည်။

ဒေါ်ဝေ့ကြောင့် ရေစီးစိတ်မှာ ကြည်နူးရွှင်လန်းရသည်။

"ဘယ်လိုလဲ မမ၊ ဒေါ်ဝေနဲ့ အဆင်ပြေလား"

"ပြေပါတယ် တိုးတိုး၊ အစစအရာရာ စိတ်တိုင်းကျပဲလေ"

တိုးတိုးမေးလျှင် ရေစီး ကျေနပ်အားရဖြေရသည်သာ။

သို့သော် ဒေါ်ဝေအပေါ် ရေစီး တစ်ခါတစ်ရံ သံသယဖြစ်နေမိသည်။ ဘာကြောင့်မှန်း တိတိကျကျ ရေစီး အကဲခတ်လို့မရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ မိန်းမမဆန်ဘူးဟု ရေစီးထင်သည်။

ပထမဦးဆုံး ရေစီး သတိထားမိသည်က ဒေါ်ဝေ့အကြည့်။

ရေစီးနဲ့ ဘယ်တော့မှ မျက်လုံးအကြည့် အဆုံခံလေ့မရှိတဲ့ ဒေါ်ဝေ။ အစဉ်အမြဲ မျက်လွှာချကာ လုပ်စရာရှိတာကို အေးအေးဆေးဆေး လုပ်နေတတ်တဲ့ ဒေါ်ဝေ။

မထင်မှတ်တဲ့အချိန်မှာ သနပ်ခါးထူထူလိမ်းထားတဲ့ မျက်နှာနှင့် မျက်မှန်ထူထူတပ်ထားတဲ့ မျက်မှန်အောက်မှ စူးစိုက်ကြည့်နေတတ်တဲ့ ဒေါ်ဝေ့အကြည့်။

✿ ✿ ✿



## အခန်း (၉)

မနက်အိပ်ရာထလျှင် အားကစားဝတ်စုံလေးဝတ်ပြီး လေ့ကျင့်ခန်းလုပ်လေ့ရှိတာ ရေစီးအကျင့်ပါ။ ကိုယ်နဲ့ကပ်ချပ်နေတဲ့ အားကစားဝတ်စုံအနီရဲရဲလေးကြောင့် ရေစီးရဲ့ကိုယ်အလှက ဆံစကနေ ခြေဖျားအထိ ဘယ်နေရာကြည့်ကြည့် ကြည့်လိုက်တိုင်း မြင်လွှာရုပ်သိမ်းဖို့ ခက်လောက်အောင် လှလွန်းနေသည်။

ထိုအလှကို ခိုးချောင်ခိုးဝှက် လိုက်ချောင်းကြည့်နေတတ်တဲ့ ဒေါ်ဝေ့မျက်ဝန်းက သာမန်မိန်းမကြီးတစ်ယောက်ရဲ့အကြည့်မျိုး မဟုတ်သလို ခံစားရသည်။

ပထမတော့ ရေစီး အမှုမဲ့အမှတ်မဲ့ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ စက်တွေနဲ့ ကစားပြီးရင်း ခြံထဲဆင်းကာ လေကောင်းလေသန့်ရှူ၍ ကိုယ်လက်လှုပ်ရှားမှုတွေပြုတဲ့အခါ ဒေါ်ဝေ ခိုးကြည့်တတ်မှန်း ပိုသိလာသည်။

လေ့ကျင့်ခန်းလုပ်ပြီးရင် ရေစီး ဖျော်ရည်သောက်လေ့ရှိသည်။ သစ်သီးလည်း စားတတ်သည့် ရေစီးအတွက် အဆင်သင့်ယူလာပြီး ခုံမှာတင်ထားပေးပြီးလျှင် စံအိမ်ထဲ ဝင်သွားတာမတွေ့ပေမယ့် ဒေါ်ဝေ့အရိပ် ပျောက်နေတတ်သည်။

သတိထားပြီးကြည့်တော့မှ ရွက်လှပန်းချုံနဲ့ကွယ်ပြီး ရေစီးတစ်ကိုယ်လုံးကို စူးစူးနစ်နစ်စိုက်ကြည့်နေတဲ့ မျက်ဝန်းနဲ့ တန်းခနဲဆုံလျှင်

"အို"

ရေစီးရင်ခွင်မှာ ဖြန်းခနဲခုန်ကာ တစ်ကိုယ်လုံး နွေးဖိုသလို ဖြစ်သွားလေသည်။

ထိုအခါ ကိုယ်လက်လှုပ်ရှားဖို့ ရေစီး မေ့သွားသလိုဖြစ်လျက်၊ ဖိုနေတဲ့ရင်အုံမို့မို့လေးကို လက်ဖဝါးလေးနဲ့ အသာဖိထားရသည့်အထိ။

"ဒေါ်ဝေ"

ရေစီး လွှတ်ခနဲ ခေါ်မိသည်အထိ အမူအရာပျက်သွားသည်။ ခေါ်လိုက်မှ ဒေါ်ဝေ ဆတ်ခနဲ အသိဝင်သလို အကြည့်လွှဲပြီး –

"ပြော ပြောပါ မမ"





"ဒေါ်ဝေ ဘာလို့စိုက်ကြည့်နေတာလဲ"

"ဗျာ"

ဒေါ်ဝေ့ထူးသံကြောင့် ရေစီး လန့်ဖျပ်သွားကာ –

"ဘယ်လို"

"ပျား ပျား ပါ မမ"

"ဘာပျားလဲ၊ ဒေါ်ဝေထူးတာ ယောက်ျားတွေ ထူးသလို ဗျာတဲ့"

"မ မဟုတ်ဘူး မမ၊ ပျား ပျားအုံတွေ့လို့ပါ၊ ဒီမှာလေ ရွက်လှပန်းတွေ ခူးပြီး ပန်းအိုးထိုးမလို့ဟာ၊ ပျားအုံတွေ ဘာတွေ ရှိမလား တွေးမိသွားလို့ပါ၊ အဲဒါ"

ဒေါ်ဝေ ကမန်းကတန်းပြော၍ ရွက်လှပန်းကိုင်းတွေကို ချိုးဖဲ့ရင်း ကျွန်မပျက်ပြောလျှင် ရေစီးရင်မှာ တစ်မျိုးကြီး ဖြစ်သွားသည်။

ရွက်လှပန်းကိုင်တွေချိုးပြီး ပျာပျာသလဲဖြစ်ကာ စံအိမ်ထဲ လှမ်းဝင်သွားတဲ့ ဒေါ်ဝေ့ကိုကြည့်ရင်း ရေစီးရင်မှာ တလှပ်လှပ်ဖြစ်နေသေးသည်။

မျက်မှန်ထူထူနောက်မှ ဒေါ်ဝေ့အကြည့်က ရေစီးရဲ့တစ်ကိုယ်လုံးအလှတွေကို ယစ်မူးဖျော်ဝင်မတတ် ခံစားပြီးကြည့်သော ယောက်ျားတစ်ယောက်ရဲ့ရင်ခုန်အကြည့်မျိုးနှင့် ဆင်တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း။

မဟုတ်ဘူး။

ဒေါ်ဝေက မိန်းမပဲ။

ရေစီးစိတ်က ထိုသို့ထင်နေတာပဲ ဖြစ်ရမယ်။

ရှက်လှပန်းချုံနောက်က ခိုကြည့်တာလည်း မဖြစ်နိုင်ဘူး။ ရှက်လှပန်းခက်ခူးရင်းနဲ့ ကြည့်ဖြစ်သွားတာပဲ။

ဟုတ်တယ်။

ထိုသို့ ဖော့တွေးလိုက်မှ ရေစီးစိတ်က ပုံမှန်အတိုင်း တည်ငြိမ်လာသည်။

လေ့ကျင့်ခန်းလည်း ဆက်မလုပ်တော့ဘဲ ထိုင်ခုံမှာ ထိုင်ချရင်း နပ္ပူက ခွေးသီးလေးတွေကို လက်ချောင်းလေးတွေနဲ့ပဲ ဖွဖွသုတ်မိသည်။

ထိုအကြည့်နဲ့အတူ 'ဗျာ' နဲ့ 'ဗျား' အသံကိုပင် ရေစီး နားကြားလွဲတာဆိုတဲ့အသိနှင့် ရေစီး အလွယ်တကူ မေ့ထားခဲ့သည်။

မေ့ထားခါမှ တစ်ခုပြီးတစ်ခု ထူးခြားနေမှန်း အလိုလို သတိထားမိပြန်သည်။

✿ ✿ ✿

ရွှေပြည်သိမ်းစာပေ

## အခန်း (၁၀)

စူးစူးရှရှရနံ့။

ထိုရနံ့မျိုး ဒေါ်ဝေ့ဆီက ရရနေတတ်သည်။ ထိုရနံ့က ရေမွှေးနံ့လည်း မဟုတ်။

ဒေါ်ဝေ့တစ်ကိုယ်လုံး ထူထူထဲထဲလိမ်းထားတဲ့ သနပ်ခါးတို့ရဲ့ ရနံ့လည်း မမည်။

သနပ်ခါးရနံ့ထဲက တိုးထွက်လာတဲ့ ပင်ကိုရနံ့။ တစ်နည်းပြောရင် ယောကျ်ားတစ်ယောက်ရဲ့ကိုယ်သင်းရနံ့မျိုး။

ထိုရနံ့က ရေစီးဘေးမှာ ဒေါ်ဝေရှိနေတိုင်း ရနေသည်။

ထမင်းစားချိန်၊ ကော်ဖီသောက်ချိန်တိုင်း ရေစီးအပါးမှာ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ ဖြည့်ဆည်းပေးနေတတ်တဲ့ ဒေါ်ဝေ့ရဲ့လှုပ်ရှားမှုတိုင်းက ထိုရနံ့တို့ ပျံ့ဝေနေတတ်သည်။

မိန်းကလေးတွေရဲ့ကိုယ်ရနံ့နဲ့ ယောကျ်ားလေးတွေရဲ့ကိုယ်ရနံ့ မတူကြောင်း ရေစီး ခွဲခွဲခြားခြား သိနေသည်။

မိန်းကလေးတွေရဲ့ ကိုယ်သင်းရနံ့က မိန်းကလေးအချင်းချင်း ဘာစိတ်ခံစားမှုမှ မဖြစ်ပေါ်သလို၊ ထူးခြားသလိုလည်း မခံစားရပေ။

ဒေါ်ဝေ့ကိုယ်ရနံ့က မွှေးမွှေးရှရှလေးနဲ့ ထူးခြားနေတာ ဘာကြောင့်ပါလိမ့်။

သိချင်စိတ်နဲ့ စပ်စပ်ချင်လာသည်။

လည်ပင်ကော်လာထောင် ရှေ့ကွဲအကျႌကို ကြယ်သီးအစုံတပ်လျက် ဖားဖားဝတ်ထားတဲ့ ကိုယ်က မိန်းမကြီးတစ်ယောက်နဲ့မခြား။

တံတောင်ဆစ်အောက် ပေါ်နေတဲ့ လက်ဖျံ လက်ကောက်ဝတ်နဲ့ လက်ချောင်းဖွံ့ဖွံ့ရှည်ရှည်တို့က ပင်ကိုအသား မမြင်နိုင်အောင် သနပ်ခါး ထူထူ ညီညီညာညာလိမ်းထားသည်ကိုကြည့်၍ –

"ဒေါ်ဝေ ဘာကြောင့် သနပ်ခါးချည်း လိမ်းတာလဲ"

ဟု စပ်စုသလို မေးမိသေးသည်။

"ဟိုလေ ဒေါ်ဝေ့အသားက သနပ်ခါးထူထူမလိမ်းရင် အပူဖုတို့၊ မိတ်တို့ ပေါက်လေ့ရှိတယ်၊ အဲဒါကြောင့် တစ်ကိုယ်လုံး ခပ်ထူထူ





လိမ်းထားရတာပါ မမ၊ ဘာဖြစ်လို့လဲဟင်"

"ဒေါ်ဝေ့ကိုယ်က အနံ့တစ်မျိုးရနေလို့"

"ဘာ။ အနံ့"

ဒေါ်ဝေ မလုံမလဲဖြင့် လက်တွေ၊ ပခုံးတွေကို ပြန်နမ်းကြည့်မိသည်။ ဒေါ်ဝေ နမ်းကြည့်တော့လည်း ဒေါ်ဝေ့ကိုယ်မှ သနပ်ခါးနံ့မှလွဲ၍ ဘာရနံ့မှလည်း မရပါ။

"ဟုတ်တယ် ဒေါ်ဝေ၊ ဒေါ်ဝေ့ဆီက ရနံ့တစ်ခုခု ရနေတယ်၊ ဒေါ်ဝေလိမ်းထားတဲ့ သနပ်ခါးရနံ့လည်း မဟုတ်ဘူး၊ ရေမွှေးနံ့လည်း မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ ပင်ကိုရနံ့"

"ဟင်"

"ဟုတ်တယ် ဒေါ်ဝေ၊ မိန်းမတစ်ယောက်ရဲ့ကိုယ်ရနံ့မျိုး မဟုတ်ဘူး"

ဒေါ်ဝေ ဣန္ဒြေမပျက်ဘဲ မျက်နှာဝိုင်းဝိုင်းလေး ခါ၍ –

"မမ ထင်လို့ပါ၊ ဒေါ်ဝေ့ချွေးနံ့က နည်းနည်းပြင်းလို့ပါ"

"ချွေးနံ့ပြင်းလို့"

ရေစီး တအံ့တသြဖြစ်သွားသည်။ ချွေးထွက်တာလည်း မတွေ့ဘဲနဲ့ ချွေးနံ့ပြင်းလို့တဲ့။ ရေစီး မယုံချင်သလိုကြည့်တော့ –

ဒေါ်ဝေ ထမင်းစားဝိုင်းအပါးမှခွာ၍ ရေခဲသေတ္တာဆီ ရွှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး စပျစ်သီးနဲ့ပန်းသီးတွေ ဣန္ဒြေမပျက် ထုတ်လာသည်။

ရေစီးနဲ့ ခပ်လှမ်းလှမ်းက ထိုင်ခုံမှာ ထိုင်၍ ပန်းသီးအခွံသင်ရင်း ပြောသည်။

"ဟုတ်တယ် မမ၊ ချွေးနံ့ပြင်းလို့ပါ၊ မိန်းကလေးအများစုက ချွေးနံ့သိပ်မပြင်းဘူး၊ ဒေါ်ဝေက ချွေးနံ့ပြင်းတော့ တခြားမိန်းမတွေလို ကိုယ်ရနံ့မျိုးမဟုတ်ဘူးလေ၊ ကိုယ်နံ့ နည်းနည်းစူးတာပေါ့၊ အဲဒါကို သတိထားဖို့ တိုးတိုးပြောပါတယ်၊ ဒေါ်ဝေလည်း သတိထားနေရင်းကြားက မေ့မေ့သွားတယ်၊ နောက် ဆင်ခြင်ပါ့မယ် မမရယ်၊ မမ အဲဒီအတွက် စိတ်အနှောင့်အယှက်ဖြစ်သွားလား"

ပိပိရိရိပြောနေတဲ့ ဒေါ်ဝေ့စကားတွေက ဟုတ်တုတ်တုတ်ရယ်။

ဟုတ်မှာပါလေ။

ရေစီး ခေါင်းအသာယမ်း၍ ...

"ရေစီးက မိန်းကလေးတွေနဲ့ချည်း နေလာတာ၊ တစ်ခါမှ အဲလိုရနံ့မျိုး ဘယ်မိန်းကလေးဆီကမှ မရတော့ အံ့သြနေတာ"

"မမက ဘယ်လိုထင်လို့လဲ"

"ယောက်ျားလေးတွေရဲ့ကိုယ်နံ့ရလို့ပဲ၊ အဲဒီအနံ့ဆို ရေစီးက အလိုလိုမုန်းနေရော"

ရေစီးစကားအဆုံးမှာ ဒေါ်ဝေဝေမြင့် သက်မခိုးချလေသည်။





"နောက်ဆို အဲဒီအနံ့မျိုးမထွက်အောင် ဆင်ခြင်ပါ ဒေါ်ဝေရယ်"

ရေစီး ညည်းတွားသလိုပြောရင်း ညစာဆက်မစားဘဲ ထမင်းစားခန်းထဲက ထ,ထွက်ခဲ့မိသည်။

ထိုကိုယ်သင်းရနံ့ကို ရေစီး မရှုချင်။

မရှုချင်တာက ဒဏ်ရာရစေတဲ့ယောက်ျားတစ်ယောက်ရဲ့ကိုယ်နံ့နဲ့ တူနေသလို စားသောက်ဆိုင်မှာတုန်းက ရေစီးနောက်က ဖြတ်လျှောက်သွားတဲ့ လူရွယ်ရဲ့ကိုယ်နံ့နဲ့လည်း တစ်ထပ်တည်းတူနေတာကြောင့်ပဲ ဖြစ်မယ်။

ဟုတ်တယ်။

ရေစီးက ယောက်ျားတွေကို မုန်းသလို ယောက်ျားတွေရဲ့ကိုယ်နံ့ကိုလည်း မုန်းသည်။

ဒေါ်ဝေ့မှာ ယောက်ျားကိုယ်ရနံ့မျိုးရှိနေသည်က ဘဝင်မကျစရာ။

ပို၍ဘဝင်မကျစရာကောင်းတာက ဒေါ်ဝေရဲ့အတွေ့အထိလေးတွေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ရောင်စုံမီးတွေ လင်းခနဲ ဖြာလျက်။

ထိုအခါ တီးဝိုင်းအဖွဲ့မှာ လက်စွမ်းပြတီးခတ်လျှင် ဖျော်ဖြေရေးအစီအစဉ် စတင်လေသည်။

နာမည်ကြီးအဆိုတော်တွေ အလှည့်ကျ ဖျော်ဖြေကြ၏။ ဖျော်ဖြေရေးအစီအစဉ်ပြီးတော့ သူမတို့ကုမ္ပဏီက ထုတ်လုပ်တဲ့ ဖက်ရှင်သစ်ကို ကြော်ငြာသည့် ရှိုးပွဲစတင်လေပြီ။

ရောင်စုံမီးအလင်းအမှောင်အောက်မှာ ဖက်ရှင်သစ်ကြော်ငြာတဲ့ မော်ဒယ်လ်တွေရဲ့လှုပ်ရှားမှုတွေက အချိတ်အဆက်မိ၏။

ဧည့်ပရိတ်သတ်နဲ့ လုပ်ငန်းရှင်တွေ အတော်များများသဘော





ကျကာ သူမကို လာရောက်နှုတ်ဆက်ကြ၊ လုပ်ငန်းပူးပေါင်းဖို့ လာရောက်ကမ်းလှမ်းကြ လုပ်နေတာနဲ့ သူမ မူးနောက်နောက်ဖြစ်လာသည်။

အထူးသဖြင့် အခမ်းအနားစတင်ကတည်းက ရေစီး ဟန်ပါပါ လှုပ်ရှားနေရပေမယ့် ရင်ထဲ တလှပ်လှပ်ဖြစ်နေသည်။

ဘာကြောင့်မှန်းမသိပေမယ့် တောင့်ခံထားတာ။

ပွဲစဉ်တွေတောင် မပြီးသေးပါ။ ရင်ထဲ မွန်းကျပ်လာသည်။

ဒါကြောင့် စတီတ်စင်မြင့်ရှေ့ ထိုင်နေရာမှထလျှင် –

"ရေစီး"

သူမနှင့်ဆိုဖာချင်းကပ်လျက် ထိုင်နေသည့် လူပျိုကြီး ဦးသစ်လွင်ထွန်း ဂရုတစိုက်ခေါ်၏။

ရေစီး မနှစ်မြို့ပေမယ့် ဟန်ဆောင်၍ ပြုံးလိုက်ရင်း –

"ခွင့်ပြုပါဦး' လို့

ပြောဆိုလိုက်ရသည်။

"ဘာဖြစ်လို့လဲ ရေစီး၊ နေမကောင်းလို့လား၊ ရေစီးကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ၊ ကျွန်တော် ဘာကူညီရမလဲ"

အရေးထဲ စကားလုံးနုနုလေးတွေနဲ့ ဂရုစိုက်မေးနေသလို အမူအရာတွေကလည်း ပါနေသည်။

"ရ ရပါတယ်၊ ရေစီး ဘာမှမဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရေစီး အလိုက်အထိုက်ပြန်ပြောရင်း ထထွက်ခဲ့တော့ ထိုလူလည်း နောက်က ပါလာသည်။

ကျွတ်။

ရေစီး ပို၍စိတ်ရှုပ်သွား၏။ ဒီလူက ရေစီးကို မရအရလိုက်တွယ်နေတာ ကြာလှပြီ။ မဆုံအောင်လည်း ရေစီး ရှောင်ခဲ့သည်။ ဒီပွဲကို လာဖို့ ဖိတ်လိုက်မိတာ ရေစီး မှားပြီထင်တယ်။

ခက်တာက အားလုံးဝိုင်းကြည့်နေတာက စိတ်ပျက်စရာအကောင်းဆုံးရယ်။ လုပ်ငန်းရှင်အားလုံးက ရေစီးနဲ့ ဦးသစ်လွင်ထွန်းကို ငြိစေချင်ကြသည်။

ဦးသစ်လွင်ထွန်းက ဂုဏ်သိက္ခာရှိသလို၊ အရှိန်အဝါလည်း ရှိသည်။ လုပ်ငန်းတွေလည်း များစွာပိုင်ဆိုင်သည်။ ဒါကြောင့် ရေစီးနဲ့သူ့ကို ရွှေနဲ့မြပမာ နောက်ကွယ်မှာ ပြောဆိုနောက်နေကြသည်။

ဘယ်သူဘယ်လို စ,နောက်ပါစေ ရေစီးမျက်နှာထားနဲ့ တင်းနေခဲ့တာ ကြာခဲ့ပြီ။

ခုလို အခွင့်အရေးရတုန်း ရေစီးနောက် လိုက်လာတာ ပတ်ဝန်းကျင်က တစ်မျိုးမြင်ဦးမယ်။ ထိုအမြင်တွေကို ရေစီး မနှစ်မြို့ပါ။

အထူးသဖြင့် ယောက်ျားတွေကိုမုန်းတီးနေတဲ့ ရေစီးဟာ ဦးသစ်လွင်ထွန်းကိုလည်း ရင်ထဲက မုန်းနေပြီးသားဖြစ်သည်။





သို့သော်လည်း ဂုဏ်သိက္ခာကိုငဲ့၍ –

"ရတယ် ဦးသစ်လွင်ထွန်း၊ ရေစီး ဘာမှမဖြစ်ဘူး၊ တိုးတိုးကို ပြောစရာရှိလို့ ထ,ထွက်ခဲ့တာ"

"ဪ ဟုတ်လား"

"ဦးသစ်လွင်ထွန်း ရှိုးပွဲကြည့်လိုက်ပါဦး"

ရေစီး ဒါပဲပြောကာ ခပ်သုတ်သုတ်ထွက်ခဲ့သည်။ ဒီလူကြီး လိုက်ပါမလာတာ ကျေးဇူးတင်ရမလိုပင်။

ကျွတ်။

အလိုလိုနေရင်း ရင်ထဲမှ မွန်းကျပ်ကာ နွမ်းဟိုက်သလိုလို ရှိလာသည့် ခံစားမှုက ပိုလာသည်။ ထို့ကြောင့် ရင်ဘတ်ကို လက်ဖဝါးလေးနဲ့ မသိမသာဖိရင်း ညံစီနေသောခန်းမထဲက ဒရောသောပါး ပြေးထွက်ခဲ့မိသည်။

ဖြစ်နိုင်ရင် ကိုယ်လုံးလေးကို ခွေချပြီး သက်သောင့်သက်သာ လှဲလျောင်းနေချင်သည်။

ဒါကြောင့် ဘာမှတွေးမနေတော့၊ ကားပါကင်ဆီသွားရင်း တိုးတိုးကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်သည်။

တိုးတိုးက ရှိုးပွဲကိစ္စနဲ့ အလုပ်ရှုပ်နေသော်လည်း ပြေးရှိရာ ကားပါကင်ဆီ ချက်ချင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မမ"

"မြန်မြန်လာစမ်းပါ၊ မမကို စံအိမ်ပို့ပေး၊ ပြီးတော့ ဒေါက်တာ အန်တီသွေးသွေးကို ခေါ်ပေးစမ်းပါ"

ရေစီး ဒါပဲ အားယူပြောကာ ကားနောက်ခန်းမှာ မှီချလိုက်သည်။

တိုးတိုးကလည်း အလိုက်သိပါပေသည်။

သူမရဲ့အလုပ်ရှင် မာနဘုရင်မလေး အလိုကျ ကားမောင်းရင်း ဒေါက်တာသွေးသွေးကို တစ်ပါတည်း ဖုန်းခေါ်လေသည်။

ကားနောက်ခန်းမှာ မှေးမှိန်း၍ လိုက်ပါလာသော သူမတို့ဘော့စ် မမက ဝေဒနာတွေကြောင့် မာနတွေ အရောင်မှိန်သွားသလိုပင်။

✿ ✿ ✿



## အခန်း (၁၂)

"အိုး"

ရေစီးကိုယ်လုံးလေး ရှိန်းဖိန်းဖိန်းဖြစ်သွားတာကို ဝေဒနာကြားမှ သိလိုက်၏။ ထိုအသိနောက်မှာ ရေစီး သိလိုက်သည်က ရေစီးတစ်ကိုယ်လုံးကို ဒေါ်ဝေက ပွေ့ချီလျက် မွေ့ရာပေါ် အသာချ၏။

ဘုရားရေ။

ဝေဒနာနဲ့အတူ ရေစီး ရင်အခုန်မြန်နေသည်။

မြင်လွှာမှာလည်း ဝေဝေဝါးဝါးဖြစ်လျက်။

ဒေါ်ဝေ့ကိုယ်ရနံ့၊ ဒေါ်ဝေ့အတွေ့အထိက ရွှေရင်ကို မှိန်စေသည်။ ဘာကြောင့် ဒီလိုတွေဖြစ်တည်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရေစီး ဝေခွဲ၍မရတော့ပါ။ လောလောဆယ် ဝေဒနာနဲ့မို့ ငြိမ်နေလိုက်ရသော်လည်း ထိုအတွေးက ခံစားမှုတတ်လိုက်နေသလို ဖြစ်တည်လျက်။

"ရေစီးကို အန်တီ အကောင်းဆုံးအကြံပေးချင်တယ်"

ဒေါက်တာသွေးသွေးက စာနာစိတ်အပြည့်နှင့်ဆိုလျှင် ရေစီး မျက်လွှာလေး လှန်ကြည့်ပြီး –

"ပြောပါ အန်တီသွေး"

"နှလုံးက အားနည်းနေတာဆိုတော့ အနားယူဖို့လိုတယ်"

"ရေစီးလည်း သက်သောင့်သက်သာပဲ နေပါတယ် အန်တီသွေးရယ်"

"ဒါပေမဲ့ ရောဂါလက္ခဏာတွေက ပြနေပြီလေ၊ သက်သောင့်သက်သာနေရုံနဲ့ မပြီးဘူး၊ အနားယူဖို့ လိုအပ်နေပြီ"

ရေစီး သက်မရှည်လေးချရင်း မျက်လွှာလေးချ၏။

"ခုလိုဖြစ်ရတာက ရေစီးစိတ်မှာဖြစ်တည်နေတဲ့ ဒဏ်ရာကြောင့်လို့ အန်တီသွေး ထင်တယ်"

"ဟင့်အင်း"

ရေစီး ခေါင်းယမ်းလိုက်၏။

"အန်တီသွေးပြောတာကို လက်မခံရင်တောင် ရေစီးကိုယ်





ရေစီး သိနေတာပဲ မဟုတ်လား"

"အို ရေစီးက"

"အန်တီသွေး နားလည်တယ်၊ ကဲ လောလောဆယ် ရေစီးက အန်တီသွေးလူနာဖြစ်နေပြီ၊ အန်တီသွေး ညွှန်ကြားသမျှ နာခံ၊ ဒေါ်ဝေ ကိုလည်း သေချာမှာထားပြီးပြီ၊ သောက်ရမယ့်ဆေးနဲ့ နောက်ထပ်ဝယ်ရမယ့်ဆေးကို အန်တီသွေး ရေးထားပြီးပြီ၊ လောလောဆယ် ဘာမှပြန်မပြောနဲ့ ငြိမ်ငြိမ်လေးနေ၊ အန်တီသွေး ပြန်မယ်၊ လိုအပ်ရင် ဖုန်းဆက်လိုက်၊ ဒေါ်ဝေ"

"ဟုတ်ကဲ့ ပြောပါ၊ ဒေါက်တာ"

ဒေါ်ဝေက ဆေးစာရွက်လေးကိုင်ထားရင်း တရိုတသေပြော၏။

အန်တီသွေး အခန်းထဲက ထွက်သွားလျှင် ရေစီး တစ်ဖက်လှည့်နေလိုက်သည်။

ဒေါ်ဝေက အန်တီသွေးကို လိုက်ပို့၏။

ရေစီး မျက်လွှာမှိတ်ချလိုက်ပေမယ့် ရင်ထဲဒဏ်ရာက အစိမ်းလိုက်နာ၏။ ထိုဒဏ်ရာကြောင့် ရေစီးဟာ ယောကျ်ားတွေကို မုန်းနေခဲ့သည်။ အရာရာအပေါ် တင်းမာပြီး မာနတွေကြီးနေ၏။

ထိုဒဏ်ရာစိမ်းက ရေစီးရဲ့ဘဝကို အစွန်းအထင်းဖြစ်စေတဲ့ ဒဏ်ရာဆိုး။ ရေစီး မေ့နိုင်မတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"အိုး"

ရေစီးအတွေးနဲ့ မျှောနေလျှင် ရေစီး နဖူးပေါ် လက်ဖဝါးလေး တင်ပြီး ခေါ်လာတဲ့ ဒေါ်ဝေ။

"မမ"

"ဘာ ဘာလဲ"

ထိုလက်ဖဝါးကို ရေစီး ကမန်းကတန်း ဖယ်ပစ်လိုက်သည်။

"မမ နေသာလား"

"သာတယ်"

ရေစီး ဒါပဲပြောပြီး တစ်ဖက်စောင်း၍ လှဲနေလိုက်သည်။ ရင်ထဲမှာ မလုံခြုံ။

ဒေါ်ဝေဟာ မိန်းမကြီးတစ်ယောက်ဖြစ်နေလျက်နဲ့ မိန်းကလေး တွေနဲ့မတူ။

ဒေါ်ဝေ့အတွေ့အထိတိုင်းက ရေစီးစိတ်ကို သရိုးသရီ ဖြစ်နေ စေသည်။

"မမရယ် မမကို ဒေါ်ဝေကိုယ်ချင်းစာပါတယ်"

"ဘာကို ကိုယ်ချင်းစာတာလဲ ဒေါ်ဝေ၊ ဒေါ်ဝေ ဘာတွေသိလို့ လဲ"

"မမအတိတ်က အကြောင်းတွေလေ"





"ဘာ"

ရေစီး ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ ဒေါ်ဝေက စာနာ နားလည်သော မျက်နှာပေးလေးနဲ့ သူမကို ပြုံးကြည့်၍ –

"မမယောကျ်ားတွေကို ဘာကြောင့်မုန်းရတာလဲဆိုတာလေ"

"ဟင်"

ရေစီး ဖျတ်ခနဲ ရှန်းထလျှင် –

"အား"

ရင်ထဲ မိုက်ခနဲဖြစ်၏။ ဒေါ်ဝေက ကမန်းကတန်း ဖေးမရင်း

"မမရယ် မမစိတ်ကို မမ ဘာလို့ မောင်းတင်ထားရတာလဲ၊ ဖြေဖြေပါးပါးလေး နေစမ်းပါ၊ လောလောဆယ် မမရဲ့ကျန်းမာရေးက အရေးကြီးတယ် မဟုတ်လား။ မမ ဘာမှအားမငယ်နဲ့ မမနားမှာ ဒေါ်ဝေ ရှိတယ်၊ မမ ခံစားချက်တွေကို ဒေါ်ဝေ နားလည်တယ်၊ ကိုယ်ချင်းလည်း စာတယ်"

ဒေါ်ဝေ ပြောဆိုရင်း ရေစီးလက်ဖဝါးလေးကို ဖျစ်ကိုင်လျှင် ရေစီးရင်ထဲ လှပ်ခနဲဖြစ်သွား၏။

ထိုအခါ သူ့လက်ဖဝါးကို ပွတ်သပ်ဆုပ်ကိုင်ထားတဲ့ ဒေါ်ဝေ့ လက်ကို ရေစီး အငေးသားကြည့်ဖြစ်သွားသည်။

သနပ်ခါးထူထူလိမ်းထားတဲ့ ဒေါ်ဝေ့လက်ချောင်းတွေဟာ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ဦးရဲ့လက်လို ဖွံ့တုတ်တုတ်မဟုတ်ပါ။

သွယ်သွယ်ပြည့်ပြည့်နှင့် ယောကျ်ားလက်လို သန်မာနေသည်။

"မမ ဘာမှမတွေးနဲ့"

ဘာမှမတွေးနဲ့တဲ့။ မတွေးနဲ့ဆိုမှ မြင်ယောင်လာသည်။ ထိုအခါ ရေစီးမျက်ဝန်းမှာ မျက်ရည်တို့ စိမ့်ထွက်၏။

ဒေါ်ဝေက ရေစီးဘဝက ဒဏ်ရာစိမ်းကို ဘယ်လောက်သိလို့လဲ။

ပြောလှည့်ကွယ်။

✿ ✿ ✿



## အခန်း (၁၃)

ထိုစဉ်က ရေစီးက ဆယ်ကျော်သက်အရွယ်ကလေးရယ်။

ရင်ခုန်တတ်ခါစ မနူးမနပ် အပျိုဖော်ဝင်အရွယ်တို့၏ထုံးစံ အတိုင်း သစ်ရွက်ကလေးများ လှုပ်တာမြင်ရင်တောင် ရေစီး စိတ်လှုပ်ရှား နေတတ်၏။

အထူးသဖြင့် –

အချစ်ခေါင်းစဉ်အောက်က ရင်ခုန်ဘာသာဗေဒကို မြည်းစမ်း ချင်သလိုလို၊ လက်ချင်းချိတ်၍ ယှဉ်တွဲသွားလာနေကြတဲ့ ချစ်သူစုံတွဲတွေ ကို မြင်ရင် အားကျသလိုလိုနှင့် စိတ်အာရုံမှာ သရိုးသရီဖြစ်လျက် ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကသေးပါ။

ပန်းခြံတွေထဲမှာ လူမြင်သူမြင်အချစ်ပလူးနေကြတဲ့ ခပ်ကဲကဲ စုံတွဲတွေကိုမြင်ရရင် အလိုလိုနေရင်း စိတ်လှုပ်ရှားကာ ရင်တွေဖိုနေခဲ့တာမို့ ရေစီးကိုယ် ရေစီး တအံ့တသြဖြစ်မိလေသည်။

အဲဒါဘာကြောင့်လဲ။

ဆယ်ကျော်သက်တို့၏ရင်ခုန်တတ်စ သဘာဝကြောင့်လား။ ဘာလား။ ရေစီးမသိပါ။ သို့သော်လည်း တစ်နေ့တွင်။

'ရွတ် ရွတ် ဟော့'

ကောင်လေးတစ်ယောက်ရဲ့ပေါ့ပေါ့ပါးပါး ခေါ်သံ။ ခေါ်သံလေးက ရှူးရှူးနေသည်။

စတီရောင်လက်ထနေတဲ့ ဒန်းမှာထိုင်လျက် ပလက်ဖောင်းပေါ် လက်ချိတ်ယှဉ်တွဲ၍ စကားတပြောပြောဖြင့် လျှောက်သွားနေတဲ့ လိုက်ဖက်ညီတဲ့ ဆယ်ကျော်သက်စုံတွဲကို ငေးကြည့်နေမိတဲ့ ရေစီးမျက်ဝန်း။

ခေါ်သံကြောင့် ငြိမ်သက်သွားသည်။

လှည့်ကြည့်မလို့ စိတ်ကူးပြီးမှ –

အို့ ရေစီးကိုခေါ်တာမှ မဟုတ်တာလို့ တွေးမိပြန်သည်။ ဟုတ်တယ်လေ။ ဒီခြံနဲ့တိုက်ဆီ မနေ့ကမှ ပြောင်းလာတဲ့ ရေစီးတို့မိသားစုအဖို့ ဒီပတ်ဝန်းကျင်မှာ အသိမိတ်ဆွေမရှိတာ သေချာပါသည်။





အထူးသဖြင့် –

ရေစီးနဲ့သိတဲ့ ကောင်လေးတစ်ယောက်မှမရှိပေ။

ဒါကြောင့် လှည့်မကြည့်ခြင်းဖြစ်သည်။ အဖော်မရှိလို့ ခြံထဲဆင်းထိုင်ပြီး လမ်းပေါ်ဖြတ်လျှောက်သွားနေသူမှန်းသမျှကို ငေးကြည့်နေတဲ့ ရေစီး။ အထူးသဖြင့် စုံတွဲတွေကိုပေါ့။

"ရွတ် ဟော့ ဘေဘီ၊ ဖြောင်းဖြောင်း ဒီမှာ"

ခေါ်သံ ဆက်တိုက်ထွက်လာသည်။ လက်ခုပ်ပါတီးပြီး အသံကျယ်ကျယ်ဖြင့် ထပ်ဆင့်ခေါ်ပြန်သည်။

ဒီတစ်ခါ လှည့်မကြည့်၍ မဖြစ်တော့ပါ။ အတော်လှမ်းသွားပြီးဖြစ်တဲ့ စုံတွဲကို ဆက်ကြည့်ချင်နေခွင့်မသာပေ။ ရေစီးကို တကယ်ခေါ်နေမှန်း သိသာနေသည်မို့ လည်ပင်းလေး လိမ်ကာ၊ အသံလာရာဆီသို့ ရေစီး လှည့်ကြည့်မိ၏။

ထိုအခါ –

"ဟင်"

ရေစီးမျက်ဝန်းနက်လေး ဝိုင်းခနဲ ဖြစ်သွားရသည်။ ရေစီးနဲ့ရွယ်တူလောက်ရှိတဲ့ ကောင်လေး။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဆံပင်ခပ်တိုတိုပေမယ့် ထောင်ကြွကြွဖြစ်ကာ။

ခေတ်ရှေ့ပြေးဖက်ရှင်နဲ့ အစွမ်းကုန်လန်းနေတဲ့ ကောင်လေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်း ဘေဘီ ရွှေခဲ" ဟု

ရင်းနှီးကျွမ်းဝင်တဲ့မျက်နှာနဲ့ ခပ်ပြုံးပြုံးလေး လက်ယပ်ခေါ်သည်။ ရေစီးလည်း ပထမ အံ့ဩကာ။ နောက်မှ ခြံချင်းကလည်း ကပ်နေတာမို့ ဖန်းပေါ်ထိုင်နေရာမှထပြီး ခြံစည်းရိုးအပါး ရွှေ့ခဲ့မိသည်။

"ကြည့်နေတာ ကြာပြီ၊ တစ်ယောက်တည်း ငေါင်နေတယ် မဟုတ်လား"

ခြံစည်းရိုးသံတိုင်ကို အားပြုလှမ်းကိုင်၍ ကိုယ်လေးကိုင်းကာ ထိုကောင်လေး ခင်ခင်မင်မင် ပြော၏။

ရေစီးလည်း တစ်ယောက်တည်း ငေါင်စင်းစင်းဖြစ်နေတာမို့ ခေါင်းညိတ်မိသွားသည်။ ထိုအခါ ကောင်လေး သဘောကျသလို ပြုံး၍ မျက်စိတစ်ဖက်မှိတ်ပြသည်။

ကောင်လေး မျက်စိမှိတ်ပြတော့ ရေစီးရင်မှာ တစ်မျိုးလေး ဖြစ်သွားသည်။

ကောင်လေးက ရဲရဲသွက်သွက် ပြုံးပြုံးကြွကြွနှင့်။

"တို့နာမည်က ခေတ်၊ ဘေဘီ့နာမည်က"

သူ့နာမည်သူ မိတ်ဆက်ပေးရင်း ရေစီးကို ဘေဘီလို့ ခေါ်ပြီး နာမည်ရင်းမေးသည်။ ရေစီးလည်း လွှတ်ခနဲ ပြောလိုက်သည်။

"မာနရေစီး"





"မာနရေစီး၊ ဟင့် ဟင့်၊ မာနတွေ စီးဆင်းနေတယ်ပေါ့ ဟုတ်လား"

ရေစီးမျက်နှာနုနုပေါ်မှ လှပကာ ဆွဲဆောင်အားပါတဲ့ မျက်ခုံး၊ မျက်လုံးနှင့် နှုတ်ခမ်းတို့ကို တစ်ခုချင်း စိုက်ကြည့်ရင်း ခေတ် ပြောသည်။

ရေစီး ခေါင်းအသာယမ်း၍ မြမြလေးပြုံးပြီး –

"သိဘူးလေ၊ မေမေနဲ့ဖေဖေ မှည့်ထားတဲ့အတိုင်းပေါ့၊ ရေစီးက မာနမကြီးဘူး"

"သိတယ်၊ မြင်တာနဲ့ သိတယ်၊ တကယ့် 'အဖြူ' ဆိုတာ"

"ဘာလဲ 'အဖြူ' ဆိုတာ"

ရေစီးက ခေတ်ပြောတဲ့စကားလုံးတွေကို သိပ်နားမလည်ပေ၊ ထို့ကြောင့် ဟန်မဆောင်ဘဲ မေးလိုက်၏။ ထိုအခါ ခေတ် မျက်နှာမော့၍ ရယ်သည်။ လက်နှစ်ဖက်ကိုလည်း ပွတ်ကာ ပခုံးလေးပင့်ပြီး –

"မာယာတွေ ဘာတွေမရှိဘူးဆိုတာပေါ့ဟာ"

"အဟွန်း၊ ခေတ်က မာယာသည်မလေးတွေနဲ့ ကြုံဖူးပြီဖြစ်မယ်"

"အင်း" လို့

ဟန်မဆောင်တမ်း ခေါင်းညိတ်လျှင် ရေစီး ရင်မှာ ခေတ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းမှုကို သဘောကျသွားသည်။

"ခေတ်က ဟန်မဆောင်တတ်ဘူးနော်"

"ဘာဟန်ဆောင်စရာရှိလဲ၊ အပွင့်ပဲ၊ ပြောစရာရှိရင် ပြောမယ်၊ ကဲစရာရှိရင် ကဲမယ်၊ မြူးမယ်၊ ကြွမယ်၊ ရေစီးရော ခေတ်တို့နဲ့ ကာလာတူလား"

ရေစီး ဘယ်လိုပြန်ဖြေရမှန်းမသိတော့ပါ။ ခပ်ပြုံးပြုံးလေးပဲ ပြောမိသည်။

"သိဘူး"

"သိချင်ရင် ဘော်ဒါလုပ်ကြည့်မလား၊ ခေတ်မှာ ဘော်ဒါတွေ အများကြီးရှိတယ်၊ ရေစီး မပေါင်းချင်ရင် ကာလာညှိကြည့်လေ၊ ခေတ်တို့နဲ့ ကာလာတူရင် လန်းသွားမယ်၊ ရေစီး လန်းချင်တယ် မဟုတ်လား"

မျက်စလေးနဲ့ ခပ်လန်းလန်းမေးတဲ့ ခေတ်။

ရေစီး စဉ်းစားသလို ခေတ္တငြိမ်သွားသည်။

ရေစီးသူငယ်ချင်းအားလုံး နယ်မှာကျန်ခဲ့သည်။ တစ်ယောက်တည်း ပျင်းနေတဲ့အချိန်မှာ ဘော်ဒါတွေရှိတော့ မပျင်းရဘူးပေါ့။

ခေတ်ကလည်း ရေစီးနဲ့ ရွယ်တူဆိုတော့ နယ်က သူငယ်ချင်းတွေလိုပဲ ပျော်မြူးဖွယ် ပေါင်းလို့သင်းလို့ကောင်းမှာပဲလို့ တွေးမိပြန်သည်။





"ရေစီး လန်းရအောင်ကွာ"

ရေစီးတစ်ကိုယ်လုံးကို အထက်အောက် စုန်ချည်ဆန်ချည် ကြည့်ရင်း ခေတ်မျက်ခုံးနှစ်ဖက် ဟန်ပါပါ ပင့်ထားရင်း နှုတ်ခမ်းလေးလွှပ်ကာ ဆိုသည်။

"အင်း"လို့

ရေစီး ထွေထွေထူးထူး မစဉ်းစားတော့ဘဲ ခေါင်းညိတ်လိုက်သည်။

"အိုကေ"

ခေတ်လက်ဖဝါးနှစ်ဖက် ဆုပ်ထွေးရင်း ပြောသည်။ မျက်လွှာလေး မေးချကာ ခေတ် မျက်လုံးတစ်ဖက်က ရေစီးကို ဒုတိယအကြိမ်မြောက် မှိတ်ပြလေသည်။

မျက်လုံးလေးတစ်ဖက် ဖျတ်ခနဲမှိတ်ပြတဲ့ အထောက်အထားက ဘာလဲ။ ရေစီးမသိပါ။

"အဟင့်"

ရေစီး တစ်မျိုးလေးတော့ ခံစားမိပါသည်။ ထို့ကြောင့် ခေတ်ကို ရေစီး မျက်စောင်းထိုးပါသည်။ ခေတ်က ရေစီးထိုးတဲ့ မျက်စောင်းကို မှိမိရရ ကြည့်ပြီး –

"ရေစီးက ခေတ်ရင်ဘတ်ကို တကယ်မြူးစေတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း၊ အပိုတွေ"

"အဟုတ်"

"ဟုတ်ရင် ပြီးရောပေါ့၊ ရေစီးက သူငယ်ချင်းရလို့ ပျော်တယ်၊ ဒါပဲနော်၊ ရေစီးကို အလိုလိုက်ရမယ်နော်"

"စိန်လိုက်လေ၊ ကြာသလားလို့၊ ဟင့် ဟင့် ဟင့်"

ပြောရင်း လွှင်လွှင်လေးရယ်လိုက်၊ ကိုယ်လေး ကြွလိုက်နှဲ့ စိန်ခေါ်သလိုပြောတဲ့ ခေတ်အမူအရာ မြူးကြွကြွလေးကို ရေစီး သဘောကျစွာပဲ ငေးကြည့်မိသွားသည်။

ငေးကြည့်မိတာကလည်း အကြောင်းရှိပါသည်။

ခေတ်ဆိုတာ ဘယ်လိုကောင်လေးအမျိုးအစား ဖြစ်နေမလဲ။ ရှူးစမ်းချင်တဲ့ ဆယ်ကျော်သက်တို့ရဲ့ စိတ်သဘောအတိုင်းပါ။

ပေါင်းကြည့်ရင် သိလာမှာပဲ။

ဟုတ်တယ်နော် ခေတ်။

✿ ✿ ✿



## အခန်း (၁၄)

"လာ ရေစီး"

ရေစီး လက်ဖျားလေးကို ခေတ် ခပ်ရဲရဲဆွဲကိုင်လျှင် ရေစီး တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားသည်။

"အိုး ခေတ်ကလည်း"

ရေစီး ရှက်သလိုမျိုးလေးဖြစ်၏။ မျက်နှာလှလှလေးလည်း ရဲ ညိုသလို၊ ခေတ်လက်ကိုလည်း ဖယ်ချသည်။ ခေတ်က ရေစီးလက်ကို ပွတ်ပေး၊ သဘောကျသလို၊ ပြုံးကြည့်၍ တစ်ချက်ဖျစ်လိုက်ပြီး –

"ဘာဖြစ်လို့လဲ ရေစီး"

"အိုး၊ ဘာလို့ ရေစီးလက်ကိုကိုင်တာလဲ၊ သူများတွေမြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးထင်လိမ့်မယ်"

"ဟား ဟား ဟား"

ခေတ်က သဘောကျသလို တဟားဟား ရယ်သည်။ မာန ရေစီးဆိုတဲ့ကောင်မလေးကို အံ့လည်း ဩပါသည်။

လက်ကလေးကိုင်တာပဲ ပုံကျသွားမတတ် အဖြစ်သည်းနေတာ အံ့ပါ့။

"ဖယ်ဟာ၊ ခေတ်က ဘာမှန်းလည်းမသိဘူး၊ ဖယ် လွှတ်"

ရှက်စိတ်ကလေးနဲ့ ပြောနေရင်း ဖျစ်ကိုင်ထားတဲ့ ခေတ်လက်ကို ရေစီး ဖယ်ချပြန်သည်။

ခေတ်ရင်မှာ အတော်လေးလည်း အံ့ဩသွားသည်။

မာနရေစီးဆိုတာ တကယ်အဖြူသန့်လေးမှန်း ပို၍သိသာနေလေသည်။

ရေစီးကို အလျှော့ပေးထားဦးမှပဲ စိတ်ထဲတေးမှတ်ရလေသည်။

ရေစီးစိတ် ခေတ်ဆီ မျောလာအောင် အချိန်ယူ ဆွဲဆောင်ရမယ်ဆိုတာ မိန်းကလေးတွေအကြောင်း နောကျေစွာသိနှင့်သည့် ခေတ် အလိုလို သဘောပေါက်လေသည်။

ထို့ကြောင့် ရေစီးလက်ဖျားလေးကို မြဲအောင်ကိုင်ထားရာမှ လက်ခုံကို ခေတ် လက်မနှင့်ဖွဖွ ပွတ်သပ်ဆွဲဆောင်၍ ဖွဖွလေး လွှတ်





ပေးလိုက်သည်။

ရေစီး ရှက်မျက်ဝန်းက ခေတ်လွှတ်လိုက်တဲ့ လက်ခုံလေးကို တစ်လှည့် ခေတ်ကိုတစ်လှည့်ကြည့်ရင်း ရင်တွေ ဘာတွေခုန်သလို ဖြစ်သွားသည်။ ထို့ကြောင့် ခေတ်ကို မျက်စောင်းထိုးပြီး –

"ခေတ်နော် နောက် အဲလိုမလုပ်နဲ့"

"အဟွန်း ရေစီးကလည်း ဘာဖြစ်လဲ၊ ဘော်ဒါတွေပဲဟာ၊ သိပ်တွန့်တိုမနေနဲ့၊ ရင်ခုန်သံတွေ ဒိတ်အောက်ကုန်မယ်"

"ဟွန်း၊ သွား ဘာရင်ခုန်သံတွေ ဒိတ်အောက်ကုန်မယ်လဲ၊ ရေစီးက မိန်းကလေးရှင့်၊ တွန့်တိုရမယ်လေ"

"ကဲပါ၊ တွန့်တိုတတ်မှန်းသိလို့ ခေတ်က ကဲမိသွားတာ"

"အောင်မာ၊ ဒါပဲနော် ခေတ်၊ သူငယ်ချင်းက သူငယ်ချင်းပဲ၊ ညီးတွေ၊ ဘောင်တွေတော့ ရှိရမယ်"

"မှန်ပါ့၊ ရေစီးအမိန့်အတိုင်းပါဗျာ၊ ဟား ဟား ဟား"

ခေတ် ခပ်မြူးမြူး ခပ်ကြွကြွအသံနဲ့ ပြောရင်း တဟားဟား ရယ်ပြန်သည်။ ခေတ်ရယ်လေ၊ ရေစီးက မျက်စောင်းထိုးလေ။

ဟုတ်တယ်လေ။

ခေတ်ရယ်ပုံက တစ်မျိုး။

သရော်သလိုလို၊ အမှတ်အထောင်းထားသလိုလိုနဲ့၊ လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် လေပေးဖြောင့်စေဖို့ လိုက်လျောကာ ရယ်ချတဲ့သဘော။

"အို၊ ဘာလို့ရယ်နေတာလဲ၊ ဟိုမှာ သူများတွေ ကြည့်ကုန်ပြီ ခေတ်ရဲ့"

မျက်စောင်းထိုး အမူအရာနဲ့ ရေစီးမေးထိုးပြတော့မှ ခေတ်က ပခုံးလေးတွန့်ကာ ဆောရီးဆိုပြီး ရယ်ရှိန်သတ်သည်။

ခေတ်က ခေတ်သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး ရေစီးကို ခေါ်လာခြင်း။ ရေစီးကလည်း သငယ်ချင်းတွေ ရတော့မယ်ဆိုတဲ့အသိနဲ့ ပျော်ပြီး ပါလာသည်။

ခေတ်သူငယ်ချင်းတွေရှိနှင့်သည့် Blue Zone ကော်ဖီဆိုင်ရောက်လျှင် ဆိုင်ထဲလှမ်းအဝင်မှာ ခေတ်က ရေစီးလက်ကို လာကိုင်ခြင်းဖြစ်သည်။

ခေတ်နဲ့ရေစီးရဲ့အဖြစ်အပျက်ကို ကော်ဖီဆိုင်အပြင်ဘက် စားပွဲဝိုင်းတွေမှာ စားသောက်နေကြတဲ့ စားသောက်သူတွေ သတိထားကြည့်နေကြသည်။

သူများတွေ ဝိုင်းကြည့်တော့ ရေစီးက ရှက်လှသည်။

ဒီတော့မှ ခေတ်က ရယ်ရှိန်ရပ်ကာ ရေစီးဘေး တိုးကပ်လာပြီး –

"ရေစီးက သိပ်မမိုက်ဘူး"





"ဟွန်း၊ ဘာမမိုက်တာလဲ"

"ဖီလင်ပေါ့ဟ၊ နေဦး၊ နောက်မှ ရေစီးကို သင်ပေးမယ်၊ လာ ဟိုကောင်တွေ စောင့်နေရလို့ တင်းနေဦးမယ်"

ပြောရင်း ဘေးဆန့်ချထားတဲ့ ရေစီးလက်ဖျားကို ပြန်ဆွဲကိုင်ဖို့ ပြင်သည်။ ရေစီးက ခေတ်ထက်ဦးစွာ လက်နှစ်ဖက်ပိုက်၍ ခေတ်ကို အနိုင်ရအပြုံးလေးနဲ့ စောင်းကြည့်ပြီး ခေတ်ရှေ့မှ ဆိုင်ထဲ သုတ်ခနဲ့ အရင်ဦးဆုံးဝင်လိုက်သည်။

"အဟင့်၊ နေနှင့်ဦးပေါ့လို့"

ခေတ်က နှုတ်ခမ်းပါးကို မချိတချိပြုံးကာ အသံတိတ်ရွတ်ရင်း ရေစီးနောက်မှာ ဆိုင်ထဲဝင်သည်။

"ရေစီး ဒီဘက်ခန်း"

ခေတ်က သူငယ်ချင်းတွေရှိတဲ့ သီးသန့်ခန်းထဲ ဦးဆောင်ခေါ်သွားသည်။ ရေစီး ပခုံးနှစ်ဖက် စုံတွန့်ပြကာ ခေတ်ဦးဆောင် ဝင်သွားတဲ့ သီးသန့်ခန်းထဲ လှမ်းဝင်ခဲ့သည်။

အို၊ ခေတ်သူငယ်ချင်းတွေက များလိုက်တာလို့ ရင်ထဲ ရေရွတ်မိသည်အထိ။

တကယ်ပါ။ အားလုံးအယောက်နှစ်ဆယ်တိတိ။ ယောကျ်ားဆယ်ရော၊ မိန်းကလေးပါပေါ့။ ထူးခြားတာက ကောင်လေးတွေ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ အတွဲ ကိုယ်စီ။ နှစ်ယောက်ထိုင် ဆိုဖာပုပုလေးတွေပေါ်မှာ ပူးပူးကပ်ကပ် ထိုင် နေကြလေ။

သူတို့တွေက ချစ်သူတွေလား။ ဟုတ်မှာပေါ့။

ဒါကြောင့် ဒီလောက်တောင် ပူးကပ်ပြီး ထိုင်နေကြတာလေ။

“ဟေ့ ခေတ်၊ ဘယ်လိုလဲကွာ၊ မင်းဒီဇိုင်းက မလန်းလိုက်တာ”

ဟု ခေတ်နောက်မှ လိုက်ဝင်လာတဲ့ ရေစီးနဲ့ခေတ်ကို ခေတ်သူငယ်ချင်းကောင်လေးတစ်ယောက် စိတ်ပျက်သံနှင့် လှမ်းပြောသည်။

“ဟုတ်တယ် ပွင့်ထွင့်မှ လန်းအောင် ရေအများကြီး လောင်းဖို့လိုတယ်ကွ၊ ဟား ဟား ဟား”

ခေတ်က ထိုကောင်လေးခေါင်းကို ရင်းရင်းနှီးနှီး လှမ်းပုတ်ပြောရင်း ရယ်ပြန်သည်။ ရယ်ရင်း လွတ်နေသော တစ်လုံးတည်းကျန်နေသည့် နှစ်ယောက်ထိုင်ဆိုဖာခုံမှာ ဝင်ထိုင်သည်။

ခေတ်နဲ့ထွင့်ထွင့်ပြောတဲ့စကားအဓိပ္ပာယ် ဘာမှန်း ရေစီးမသိပါ။

“လာ ရေစီး၊ ထိုင်”

ရေစီးကို ခေတ် လည်ပြန်လှည့်ခေါ်သည်။

“ဟွန့်၊ ဘယ်မှာထိုင်ရမှာလဲ”

ရေစီးထိုင်စရာနေရာ မတွေ့သေးပါ။ နှုတ်ခမ်းလေးဆူ၍ မေးလျှင် ခေတ် မျက်ခုံးပင့်ကြည့်၍ ပြောသည်။





“ဒီမှာလေ ခေတ်ဘေးမှာလာထိုင်၊ လာစမ်းပါ”

“ဟွန်း၊ ထိုင်ချင်ဘူး”

“လာပါကွာ၊ ရင်းရင်းနှီးနှီးပေါ့ ရေစီးရယ်၊ ဘာဖြစ်လဲ၊ ခေတ်နားမှာ ထိုင်လို့ ရေစီး အသားပဲ့သွားမလား။ ဟာ တကယ်အုံးစားတယ်”

ခေတ်ဆံပင်ကို သ,လိုက်ကာ အားမလိုအားမရ ပြောရင်း ရေစီးလက်ကိုလည်း ဆွဲထိုင်စေသည်။ ရေစီးခမျာ ဒီတစ်ခါ ငြင်းလို့ မရနိုင်ပါ။

ဆွဲကိုင်စေတဲ့အတိုင်း အရှိန်နဲ့ ထိုင်ချသလိုဖြစ်တဲ့ ရေစီးကိုယ်က ခေတ်နဲ့ကပ်လျက် ဖြစ်သွားမှ ခေတ်သဘောကျသလို ပြုံးသွားသည်။

“အဲလိုလုပ်စမ်းပါ ရေစီးရယ်၊ ဘာမှရှက်နေစရာမလိုဘူး၊ ခေတ်ဘော်ဒါအားလုံးက နားလည်မှုရှိတယ်၊ ပွင့်လင်းတယ်၊ လွတ်လပ်တယ်၊ ဗီလင်အပြည့်ပဲ၊ ကဲ မိတ်ဆက်ပေးမယ်၊ ကွာ”

ခေတ်က သွက်သွက်ပဲပြောရင်း ခေတ်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးသည်။ အားလုံးအတွဲကိုယ်စီနဲ့။

ကောင်လေးတွေရော၊ ကောင်မလေးတွေရော သည်းသည်းတဲ့တဲ့ချည်းပဲ။ ပြောနေတဲ့ဘာသာစကားတွေကလည်း ဟိုမလွတ် ဒီမလွတ်။

သူ့အတွဲနဲ့သူ ဗီလင်တွေတက်ပြီး စားလိုက်၊ သောက်လိုက်၊ တွတ်ထိုးလိုက်နဲ့ ပျော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် မိတ်ဆက်ပေးတော့မှ ရေစီးကို အသိအမှတ်ပြု စကားတွေပြောသည်။ အားလုံးက ရေစီးကို အားမရသလို ဖြစ်နေကြဟန်တူသည်။

"ရေစီး ဗီလင်တွေတက်လာအောင် ခေတ် လက်ချာပစ်လိုက်စမ်းပါတဲ့"

"ဟား ဟား ဟား"

"ဟုတ်တယ် ဟုတ်တယ်၊ သိပ်ဖြူနေရင် မကောင်းဘူး။ ကာလာလေးနဲ့မှ"

"ဟား ဟား ဟား"

"မင်းကလည်း ကာလာတွေ ခြယ်ပေးလိုက်စမ်းပါ၊ ဒါမှ ဝေါ်င်းစင်းဖြစ်မနေမှာကွ"

"ဟား ဟား ဟား"

ခေတ်သူငယ်ချင်းကောင်မလေးတွေ ဝိုင်းပြောတော့ ခေတ်နဲ့အတူ ကောင်လေးအားလုံး သဘောတကျရယ်ကြသည်။ ကောင်မလေးတွေလည်း ဝိုင်းရယ်သည်။

ရယ်သံပြောသံတွေကြောင့် ရေစီး အူကြောင်ကြောင်ဖြစ်သွားပြီး

"ဘာလဲဟ၊ ဘာလို့ရယ်တာလဲ ခေတ်"

"ရေစီးက သိပ်ဖြူတာကိုး"





"ဟွန်း ဘာဖြစ်တာလဲ ခေတ်နော်၊ တော်ပြီ ရေစီး နားမလည်တာတွေ လျှောက်ပြောပြီး ရယ်နေကြတာ၊ ရေစီး စိတ်ဆိုးတယ်၊ တော်ပြီ၊ မခင်တော့ဘူး"

ရေစီး တကယ်စိတ်ဆိုးဟန်နဲ့ ဆတ်ခနဲ ထ,လိုက်သည်၊ ဒီတော့မှ ခေတ်ဆိုတဲ့ကောင် ပျာယာခတ်သွားသည်။

"ဟာ ရေစီး ဆောရီးဟာ၊ ဆောရီး၊ ခေတ် တောင်းပန်ပါတယ်ကွာ၊ သူငယ်ချင်းတွေက ဒီလိုပဲ၊ နောက်ကြတာ၊ ရေစီးကို ပျော်ပျော်ရွှင်ရွှင်ဖြစ်စေချင်လို့ပါ၊ ဟာ"

ခေတ်သူငယ်ချင်းအားလုံး ခေတ်ပြောတာကိုကြည့်ပြီး ရင်ထဲကျိတ်ပြုံးလိုက်သည်။

ခေတ်ဆိုတဲ့ကောင်က ဘယ်ကောင်မလေးကိုမှ ချော့မော့တောင်းပန်ရိုး ထုံးစံမရှိတာ သူငယ်ချင်းတို့အားလုံး သိသည်။

အခုမှ အဖြူအသန့်လေးကို တောင်းတောင်းပန်ပန်ဖြစ်နေတာဘာ ကြောင့်မှန်း အားလုံးသိသည်။

အဖြူအစင်လေးမို့ ခေတ်က တခြားကောင်မလေးတွေကိုဆက်ဆံသလို ကြည့်ရင်လား မကြည့်ရင်သွား ဆိုပြီး မရင့်ရဲပေ။

မရခင်တော့ ဒီလိုပေါ့။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေဆိုတော့လည်း ခေတ်ဘက်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြောကြဖို့ ဝန်မလေးပေ။

"ရေစီး၊ ဆောရီးဟာ၊ ယူတို့က ခင်လို့ စ,တာပါ"

"ရေစီး ဒိုးသွားရင် ခေတ်ဆိုတဲ့ကောင် ခွေသွားမယ်၊ မသွားပါနဲ့လား။ ကြိုတုန်း ဆုံတုန်း ပျော်ပျော်ရွှင်ရွှင်ပေါ့ဟာ၊ ကဲလာ အားလုံး လန်းသွားအောင် ကလစ်သွားပြီး dance ကကြမလား"

ခေတ်သူငယ်ချင်းအားလုံး ဝိုင်းဝန်းပြောကြတာနဲ့ ခေတ် တောင်းပန်တာနဲ့ ပေါင်းပြီး ရေစီး ဖွတ်ထွက်သွားခွင့်မသာ။

ခေတ်သူငယ်ချင်းအားလုံး တက်ညီလက်ညီ ဝိုင်းဆွဲတာကြောင့် ရေစီး တွန့်ဆုတ်တွန့်ဆုတ် ပါသွားသည်။

စိတ်ကလည်း ခေတ်ရဲ့တောင်းပန်မျက်လုံးနဲ့ အမူအရာကို ကျေနပ်သွားသလို တစ်ခါဖူးမှ မမြင်ဖူးသည့် dance ကတာကိုလည်း ခံစားကြည့်ဖို့ စိတ်ဝင်စားသွားသည်။

"လာပါ ရေစီး စိတ်ကို အဲလောက်လည်း တင်းမထားနဲ့၊ လူငယ်ဆိုတာ စက္ကန့်တိုင်း လန်းနေရတယ်၊ လန်းကြမယ်နော် ရေစီး"

ခေတ် ပခုံးချင်း ဖွဖွတိုက်ပြောလျှင်။ ရေစီး စူးစမ်းချင်တဲ့စိတ်နဲ့ ခေါင်းညိတ်မိသွားသည်။ ရင်ထဲမှာလည်း တစ်ကိုယ်တည်း မေးမိသွား၏။

လန်းတယ်ဆိုတာ ဘာလဲကွယ်။

✿ ✿ ✿



## အခန်း (၁၅)

"သမီးရေ"

"ရှင် ချစ်မေမေ"

ရေစီး အလှပြင်နေရင်းတန်းလန်း ထူးရလေသည်။ မေမေက အခန်းထဲ တန်းဝင်လာရင်း –

"ဟော ခုထိ မပြီးသေးဘူးလား"

"မပြီးသေးဘူး ချစ်မေမေရဲ့၊ ခုမှ အိုင်းရှဲဒိုး ခြယ်နေတုန်း"

"အမယ်လေး၊ သမီးမမတွေကိုလည်း အားနာပါဦး"

"ဘာဆိုင်လဲ ချစ်မေမေရဲ့"

"သမီးလေး အလှတွေ စွတ်ပြင်နေရင်း သမီးမမတွေ မိုန်

www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့"

"အိုး ဘာမှမဆိုင်တာ"

"ဆိုင်တာပေါ့"

"အဲဒါဆိုလည်း ရေစီးမပြင်တော့ဘူး"

စိတ်ဆိုးတဲ့ပုံစံမျိုးလည်း မဟုတ်ဘဲ သမီးငယ်က အိုင်းရှဲဒိုးတံလေး ချလိုက်၏။ ဒေါ်သီရိမေက သမီးအငယ်ဆုံးလေးရဲ့ဆံပင်ကို ချစ်စဖွယ်အမူအရာနဲ့ ထိုးဖွလိုက်ရင်း –

"ကဲပါ သမီးရယ်၊ မြန်မြန်လေး အဝတ်လဲပြီး ဆင်းခဲ့၊ လေဆိပ်ဆင်းဖို့ နောက်ကျနေလိမ့်မယ်"

"ဟုတ်ကဲ့ပါ ချစ်မေမေရေ"

ရေစီး သွက်သွက်လေးပြောရင်း မှန်တင်ခုံရှေ့က ထလေသည်။ မေမေက စိတ်ချလက်ချနှင့် ရေစီးအခန်းထဲက ထွက်သွား၏။

ထိုအခါ

မှန်တင်ခုံဘက်သို့ ရေစီးတစ်ချက်ငဲ့ကြည့်သည်။ မှန်ပေါ်မှာထင်နေတဲ့ ရေစီးမျက်နှာလေးက နဂိုအလှသေးအတိုင်း၊ ဖူးနေ၏။ ညီအစ်မသုံးယောက်ထဲမှာ ရေစီးက အလှဆုံးဟု အသိုင်းအဝိုင်းက ဆိုကြသည်။

မမနှစ်ယောက်ကလည်း တစ်လေသံတည်း ထွက်၏။





"ရေစီးလေးက အငယ်ဆုံး၊ အလှဆုံး"

"ရေစီးလှတော့လည်း တို့ညီအစ်မ စန်းပွင့်တာပေါ့၊ သိပ်လှတဲ့ ညီမလေးကို ပိုင်ဆိုင်ခွင့်ရတဲ့ အစ်မတွေလေ"

"ဟုတ်ပါ့"

မမနှစ်ယောက် ထိုသို့ပြောတော့လည်း ကြည်နူးရပြန်သည်။ သို့သော်လည်း ထိုကြည်နူးမှုက တာရှည်မခံ။

မမနှစ်ယောက်လုံး နိုင်ငံခြားပညာတော်သင် သွားကြမည်။ ဟိုရောက်ရင် မမတို့က ပညာသင်ရင်း တစ်ဖက်ကလည်း အလုပ်လုပ်ကြမည်။ ဟိုမှာပဲ အခြေအနေကြဖို့လည်း ရည်မှန်းထားသည်။

မေမေနဲ့ဖေဖေကလည်း မမနှစ်ယောက်ကို ထောက်ခံအားပေး၏။

မမတို့ အခြေကျနေနိုင်အောင် မေမေနဲ့ ဖေဖေကလည်း ကြိုးစားနေသည်။ ရေစီးက မမတို့လို စိတ်ကူးမရှိပါ။

နယ်မြို့လေးကနေ ပြောင်းလာတာကို သဘောကျပေမယ့် ရန်ကုန်မှာအခြေကျနေတာကို ကျေနပ်၏။ ရေစီး စိတ်ဝင်စားရာ, ဝါသနာပါရာ အလုပ်ကို ကျောင်းတက်ရင်း လုပ်ဆောင်သွားဖို့ စိတ်ကူးထားသည်။

ရေစီးစိတ်ကူးကိုတော့ မေမေတို့ သိအောင် ထုတ်မပြောသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ရေစီးမှာ နယ်က သူငယ်ချင်းတွေနဲ့ ဝေးနေပေမယ့် ဝေါင်မနေတော့ပါ။

ခေတ်တို့အဖွဲ့ ရှိတယ်လေ။

ဒါကြောင့် ရေစီးစိတ်ကူးနဲ့ရေစီး ပျော်အောင်နေသည်။ မမတို့ နှစ်ယောက်စလုံး တစ်ပါတည်း အမေရိက ထွက်တော့မှာ သိပေမယ့် ရေစီး ဝမ်းမနည်းပါ။

ပျော်ပျော်ရွှင်ရွှင်ပဲ လေဆိပ်လိုက်ပို့သည်။

မမတို့ကိုပို့ပြီး ပြန်အထွက်မှာ မေမေ၊ ဖေဖေတို့ရဲ့ မိတ်ဆွေ အန်တီဒေါ်ခင်လှရီနဲ့ ဆုံသည်။

ရေစီးက အန်တီ့ကို ခုမှစမြင်ဖူးတာပါ။

အန်တီကလည်း ရေစီးကို ခုမှမြင်ကာ သဘောတွေကျနေသည်။ အန်တီက သူ့သားတော်တစ်ပါး နိုင်ငံခြားထွက်ဖို့ကိစ္စ အေးဂျင့်နဲ့ လာ ဆွေးနွေးတာတဲ့။

ရေစီးက စိတ်မဝင်စားလှပါ။

နိုင်ငံခြားထွက်မယ်ဆိုတော့ မမတို့လိုပဲနေမှာပေါ့။ ဟိုမှာ အခြေ ကျနေဖို့လေ။

ရေစီးက သိပ်ဟာက်ဟာက်ပက်ပက်မရှိပေမယ့် အန်တီက လှိုက် လှိုက်လှဲလှဲချည်း ဖြစ်နေသည်။





ထိုအခါ မေမေက –

"သမီးလေးကို သဘောကျရင် အိမ်ခေါ်ထားလိုက်တဲ့"

"အိုး တကယ်လား"

အန်တီက ဖက်လှဲတကင်း ဆိုချေသည်။

"တကယ်ပါ ခင်လှရီရယ်"

"တကယ်ဆိုပြီးရော ချွေးမတော်မယ်လေ"

"တော်လိုက်ပါလေ၊ ခမည်းခမက် ဖြစ်ရတာပေါ့"

"ဟင့် ဟင့် ဟင့်"

"အိုး"

မေမေတို့ ပြောဆိုရယ်မောပေမယ့် ရေစီး ရှက်ရှက်နှင့် အန်တီ ရှေ့ကမှ ရှောင်ထွက်ခဲ့သည်။ ဖေဖေနဲ့မေမေတို့က ရယ်မောရှိနှ် မပျက် ကြပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"စီး"

ရေစီး ဖက်ရှင်သင်တန်းခန်းမဆီ ဦးတည်နေလျှင် နောက်ကနေ အပြေးအလွှားခေါ်နေတဲ့ ခေတ်။

ရေစီး လှည့်ကြည့်လိုက်တော့ ခေတ် အမောတကော ပြေးလာရင်း ပြောသည်။

"စီးရာ ဘယ်တွေယွန်းနေတာလဲ"

"သင်တန်းသွားမလို့"

"ဘယ် ဘယ်လို"

"သင်တန်းကျောင်းလေ၊ ရေစီးက ဖက်ရှင်သင်တန်း တက်နေ





တာ၊ ဘာဖြစ်လို့လဲ"

"ဟာ မမိုက်လိုက်တာ"

ခေတ်ပြောလျှင် ရေစီး ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ ခေတ်က ရေစီးတစ်ကိုယ်လုံးကို ထက်အောက်စုံဆန်ကြည့်ရင်း –

"ခေတ်မှာ ပွဲအကြီးကြီးရှိတယ်၊ အဲဒီပွဲကို နွှဲဖို့ 'စီး' ကို လာခေါ်တာ၊ စီးက ကျောင်းပိတ်ရက်တောင် မနားဘဲနဲ့၊ ဟာ"

"အိုး ရေစီးက ကျောင်းပိတ်ရက်မို့ ဝါသနာပါတဲ့ သင်တန်း တက်နေတာလေ"

"တက်မယ်ဆိုလည်း တက်၊ လောလောဆယ် အချိန်ရသေးတယ် မဟုတ်လား"

"အင်း"

ရေစီး မညာချင်ပါ။ နာရီတစ်ချက် မြှောက်ကြည့်၏။ သင်တန်းချိန် စောနေတာမို့ ခေါင်းညိတ်လိုက်သည်။

"အဲဒါဆို သွားစို့"

ပြောပြောဆိုဆို ရေစီးလက်ကို ဆွဲလေသည်။

"ကျွတ်"

အဲလို လက်တဆွဲဆွဲပြုတာကို ရေစီး မနှစ်မြို့လှပါ။ ထို့ကြောင့် ခေတ်လက်ကို ပုတ်ချရင်း –



www.burmeseclassic.com

www.burmeseclassic.com



"အချိန်အများကြီး မရဘူးနော်"

"အေးပါ"

ခေတ်က ပြုံးစလွယ် ခေါင်းညိတ်၏။ အဓိက ရေစီးပါလာဖို့။ ဒင်းလေးက ခေတ်တို့အဖွဲ့နဲ့ ခင်မင်ရုံသာ။ ခေတ်တို့နဲ့ ကာလာတူအောင် ဘယ်လိုမှ ဆွဲဆောင်လို့မရတာကို ခေတ်စိတ်ထဲ ဘဝင်မကျပါ။

ကာလာတူလာအောင် စိတ်ရှည်ရှည်နဲ့ ဆွဲညှိနေရသည်။

ခုလည်း သူခေါ်လို့ ပါလာပေမယ့် စစ်စစ်ပေါက်ပေါက် မေးနေသေးသည်။

"ခေတ်တို့ ပွဲအကြီးက ဘာပွဲလဲ"

"ပျော်ပွဲစား"

"ဟွန်း၊ ပျော်ပွဲစားများ ပွဲကြီးကြီးတဲ့"

"ဒါပေမဲ့ စိတ်ချ၊ စီး ပျော်စေရမယ်"

"ရေစီး သိပ်ပြီးအပျော်မမက်ဘူး ခေတ်၊ ဒီတစ်ခါ အားနာလို့နော်၊ နောက်ဆို အချိန်ပေးဖို့ မလွယ်ဘူး၊ ရေစီးက ကျောင်းချိန်နဲ့ သင်တန်းချိန်ကွက်တိပဲ"

"စိတ်ချပါဟာ၊ ခေတ်က ရေစီးအချိန်တွေကို မဖြုန်းပါဘူး။ ခုလို ပိုနေတဲ့အချိန်လေးကိုပဲ သုံးမှာ၊ လာ စီး"

ပြောပြောဆိုဆို ရေစီးကို တက္ကစီနဲ့သွားဖို့ ခေါ်လေသည်။





ရေစီးက ခေါင်းခါရင်း –

"ရေစီးမှာ ကားပါပါတယ်"

"အဲဒါဆိုလည်း ရေစီးကားနဲ့ပဲ သွားမယ်လေ၊ ခေတ်ကား ဝပ်ရှော့ရောက်နေလို့"

"ရတယ်"

ရေစီး ကားပါကင်ဆီသွားပြီး ကားထုတ်ခဲ့သည်။ ခေတ်က သူ့မကားနဲ့ အလိုက်သင့်လေး ပါတော်မူလာသည်။

ကားမောင်းနေတဲ့ ရေစီးကို ခေတ် မိုးနိုးကြည့်ရင်း ရင်ထဲမှာ ဘာညာဘာညာဖြစ်နေသည်။

ဒီငနဲမလေးကို ချွေရတာ ခေတ်ဘဝမှာ အပင်ပန်းဆုံးဖြစ်သည်။ အင်းလေ ခေတ်ဆိုတဲ့ကောင်ကြီးရင် ဘယ်မိန်းကလေး ခံနိုင်ရိုးလား။

အခုမဟုတ်လည်း နောက်ထပ်၊ နောက်ထပ် အကြိမ်ရေတွေ အများကြီး ခေတ်လက်ထဲမှာ ရှိနေသေးတယ်လေ။

"ကဲ ဘယ်နေရာလဲ ပြော"

ရေစီး စိတ်မရှည်သလို မေးသည်။ ခေတ်က မျက်နှာမပျက် စတမ်းပဲ ရယ်ရယ်မောမောအမူအရာနှင့် ဆိုသည်။

"သရဖူလမ်းသွယ်ထဲက ရွှေနံ့သာစံအိမ်လေ"

ခေတ်ပြောတဲ့အတိုင်း စံအိမ်လမ်းဆီ ကွေ့လိုက်သည်။ စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ကားတွေအစီအရီ။ ခေတ်သူငယ်ချင်းတွေ စုံနေပြီဖြစ်မယ်။

ရေစီးကားလေးဝင်လာတာ တွေ့တာနဲ့ ခေတ်ရဲ့သူငယ်ချင်း အားလုံး မြူးသွား၏။

ရေစီးကိုလည်း ဒီတစ်ခါ လှိုက်လှိုက်လှဲလှဲကြီး ခေါ်၏။

"လာ စီး၊ စီး ပါလာမယ်လို့ပြောတာ၊ အိုင်တို့ မယုံဘူး"

ခေတ္တာဦးက တအံ့တဩပြောသည်။

"ဘာလို့မယုံတာလဲ"

"ဪ စီးက ခေတ္တာတို့အဖွဲ့ထဲ ပျော်ဝင်မနေဘူးဆိုတော့ လေ"

"ကဲလာ အထူးအစီအစဉ်ရှိတယ်"

ဒေလီယာတို့စုံတွဲကလည်း လာပြီး ဆွဲခေါ်ပြန်သည်။

"စီး လာ"

ခေတ်ကလည်း အရေးတယူ လုပ်နေသေးတာမို့ စံအိမ်ထဲ ဝင်ခဲ့သည်။ စံအိမ်ရဲ့ဧည့်ခန်းမကျယ်မှာ စားပွဲသောက်ပွဲက မြိုင်နေသည်။

ခေတ်တို့အုပ်စုက ဒါပါပဲ။

ကလပ်မှာ ကချင်ကမယ်။ မကချင် ပန်းခြံထဲ အုပ်စုလိုက်ဝင်ပြီး အချစ်နားလန်ထကြမယ်။

ဒါမှမဟုတ်လည်း ခုလိုပဲ စံအိမ်တစ်ခုခုမှာ ကမယ်။ သူတို့မှာ





အမျိုးမျိုးအဖုံဖုံ ကနည်းတွေနဲ့ စခန်းသွားနေကြတာ။ ဘာရည်မှန်းချက်မှလည်း ရှိပုံမပေါ်။

ကျောင်းလည်း မှန်မှန်မတက်တာ ပိုဆိုးသည်။

ခုလည်းကြည့်။ ဝိုင်းဖွဲ့မထိုင်ရသေးဘူး။ အသင့်ငှဲ့ထားတဲ့ ဖန်ခွက်တွေကိုင်ပြီး သံစဉ်နဲ့အပြိုင် ယိမ်းနွဲ့နေကြသည်။

"ရော့ စီး"

ခေတ်ကမ်းပေးတဲ့ ဖန်ခွက်ကို ရေစီး ကိုင်ထားလိုက်သည်။ မယူရင်လည်း အတင်းတိုးပေးမှာ သိနေတာမို့ အလိုက်သင့် ယူလိုက်သည်။

အားလုံး ချီးယားစ်လုပ်ပြီး မော့သောက်ချိန်မှာ ရေစီး မော့မသောက်ပါ။ ဖန်ခွက်ကို ကိုင်ထားလျက်နဲ့ ခန်းမအပြင်ဘက် လှစ်ခနဲ လျှောက်ထွက်ခဲ့၏။

ထို့နောက် ဖန်ခွက်ထဲက အရည်တွေကို အလှစိုက်ထားတဲ့ နှင်းဆီပန်းအိုးပေါ် သွန်းချ၏။ ထို့နောက် ဖန်ခွက် ပစ်ချကာ ကားပေါ် လွှားခနဲတက်ပြီး မောင်းထွက်ခဲ့သည်က မြန်ဆန်စွာ။

"ဟာ"

ဂူးခနဲ ကားမောင်းထွက်သွားသံ ကြားလိုက်တော့ ခေတ်ရင်ထဲ ဟာခနဲဖြစ်ကာ မျက်လုံးတောင်းမှောက် ရှာကြည့်၏။ အုပ်စုထဲမှာ စီး ရှိမနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်။

ဒီပွဲက သူ့ရင်ထဲ ရေစီးရောက်အောင် အုပ်စုဖွဲ့ ဖန်တီးတဲ့ပွဲ။

အကြိမ်ကြိမ် လွတ်ထွက်သွားတဲ့ စီးကို ခေတ် ပို၍ အမှတ်အဝေးထားမိ၏။

တကွေ့ကွေ့တော့ ကြုံဦးမှာပေါ့ စီးရယ်။

အဲဒီတော့ ခေတ် ဘာလဲဆိုတာ သိရလိမ့်မယ်။

ကျစ်။

လောလောဆယ် အရည်လေး နည်းနည်းဝင်တာနဲ့ အခံရှိတဲ့စိတ်က လန်းလန်းထ၏။

စီးနဲ့ နှစ်ပါးကြည့်လို့မရလျှင် အနီးကပ်ဆုံးမှာ ရှိနေသည့် အိုင်းရစ်ခါးကို လှမ်းဖက်၏။

အိုင်းရစ်ကလည်း ခေတ်ကို ကြွေနေသူမို့ မြူးမြူးလေး သိုင်းဖက်ကာ မျက်နှာလေး မော့ပေး၏။

ထိုအခါ စီးမျက်နှာလေးအဖြစ် အစားထိုးမြင်ယောင်ရင်း ခေတ် အနမ်းတွေ ဒလဟော သွန်ချ၏။

ချစ်ကြစို့ စီးရယ်။

✿ ✿ ✿



အခန်း (၁၇)

"မာနရေစီး"

ရှေ့တည့်တည့်ရောက်လာကာ ရေစီးမျက်နှာလေးကို စူးစူးနစ် ...စ် စိုက်ကြည့်ရင်း ခေါ်ဆိုတဲ့ လူရွယ်။ ရေစီး မော့ကြည့်လိုက်တော့ ထိုလူရွယ် ပြုံးပြ၍ –

"မာနရေစီး မဟုတ်လား"

"ဟုတ်တယ်၊ ရှင်က ဘယ်သူလဲ"

ရေစီး ပြန်မေးလိုက်တော့ ထိုလူရွယ် ဟက်ခနဲ့ ရယ်ချင်း။ ...ယ်လိုက်လျှင် ဘယ်ဘက်ပါးမှာ ပါးချိုင့်ကလေး ခွက်ဝင်သွားသည့် ...ချောင်အား ပါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နာမည်က စုန်ရေ"

"ရှင့်ကို ရေစီး မသိပါဘူး"

"ဟုတ်ပါတယ်၊ ရေစီး ကိုယ့်ကိုမသိပေမယ့် ရေစီးကို ကိုယ်သိတယ်"

"ဘာမှလည်း မဆိုင်ဘဲနဲ့"

ရေစီး စိတ်မဝင်စားစွာပြောရင်း သူ့ရှေ့မှ လျှောက်ထွက်ခဲ့၏။ ဆန်ရေက သူမနောက် အပြေးတစ်ပိုင်း လိုက်လာပြီး -

"ရေစီး ကိုယ့်ကိုမသိပေမယ့် ကိုယ့်မာမီ ဒေါ်ခင်လှရီကိုတော့ သိတယ်မဟုတ်လား"

ဒေါ်ခင်လှရီ ရေစီး တိုးတိုးလေး ရွတ်မိလျှင် ခြေလှမ်းတွေ တန့်သွား၏။ မြင်လွှာမှာလည်း အန်တီ ဒေါ်ခင်လှရီ၏ပုံရိပ်လေး ထင်၏။

ပန်းပွင့်ထိုး ရယ်ဒီမိတ်အထည်စကို ကျောက်ပွင့်လုလုလေး အနားသတ်ထားသော ကြည်ပြာရောင်ဝတ်စုံလေးနှင့် အလှသွေးကြွယ်နေသော အန်တီဒေါ်ခင်လှရီ။

မျက်နှာပြည့်ပြည့်လေးမှာ ပြုံးချိုလျက် ရေစီးကို မြင်မြင်ချင်း နှစ်ဖက်ကျွမ်းဝင်နေသော အန်တီမျက်ဝန်းအစုံ။

ခုတော့ အန်တီ့သားဖြစ်တဲ့ စုန်ရေက ရေစီးရှေ့ရောက်လာပြီး "ပြောလေ မာမီ့ကို ရေစီး သိတယ်မဟုတ်လား"





"အင်း သိတယ်၊ လေဆိပ်မှာ တစ်ခါကြုံဖူးတယ်"

"မာမီက ရေစီးကို အလည်ခေါ်ခဲ့ပါတဲ့၊ ကိုယ့်ကို မှာလိုက်တယ်၊ အဲဒါနဲ့ ကိုယ်လည်း ရေစီးတို့တိုက်ကို ရောက်ခဲ့တယ်၊ ရေစီးမေမေက ရေစီး သင်တန်းသွားနေတယ်၊ လိုက်သွားလေဆိုတာနဲ့ ကိုယ်လိုက်လာပြီး ရေစီးသင်တန်းချိန်ပြီးတဲ့အထိ စောင့်နေလိုက်တာ"

"ဟွန်း၊ ရေစီးကို ရှင် မမြင်ဖူးဘဲနဲ့ ဘယ်လိုလုပ် ရေစီးမှန်း သိလဲ"

"ဒီမှာကြည့်"

စုန်ရေက သူ့လက်ကိုင်ဖုန်းလေး ဖွင့်ပြသည်။ လေဆိပ်မှာတုန်းက ရေစီးရှက်ရှက်နဲ့ ထွက်ခဲ့တဲ့ပုံ။ အန်တီက ဖုန်းနဲ့ အမိအရ ရိုက်ထားလိုက်မှန်း ရေစီး မသိလိုက်ပါ။

စုန်ရေ ဖွင့်ပြမှ ပိုလို့တောင် ရှက်လာသည်။

"တွေ့လား၊ မာမီ့ဖုန်းနဲ့ ရိုက်ထားတာ၊ ကိုယ်က ကိုယ့်ဖုန်းမှာ ကူးထားလိုက်တယ်၊ ဒါကြောင့် ခန်းမထဲက ထွက်လာတာနဲ့ ဒါ မာနရေစီးပဲဆိုတာ တန်းသိသွားတယ်"

"တော်တယ်လို့ မချီးကျူးချင်တော့ဘူး"

"မချီးကျူးရင်လည်း ကျေနပ်ပါတယ်၊ လောလောဆယ် မာမီ ခေါ်ခိုင်းလိုက်တယ်၊ ရေစီး လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

ရေစီး နှာခေါင်းလေးရှုံ့ကာ မျက်နှာလေး လွှဲ၏။ ဘယ့်နှယ် ခုမှသိတဲ့သူ့နောက် လိုက်သွားရင် ခက်ခက်ချည်ရဲ့။

ရေစီးစိတ်ကို စုန်ရေ ဖတ်တတ်သွားသည်ထင့်။

"မယုံရင် ရေစီးမေမေ့ဆီ ဖုန်းဆက်မေးကြည့်"

"မလိုပါဘူး"

"မလိုပါဘူးလို့သာ ပြောနေတာ၊ ရေစီးစိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ် မဟုတ်လား၊ ရော့ အန်တီဖုန်း ကိုယ်ခေါ်ပေးမယ်"

ပြောပြောဆိုဆို စုန်ရေက မေမေ့ဖုန်းနံပါတ်ကို နှိပ်၏။ မေမေ ဖုန်းတန်းဝင်တာနဲ့ ရေစီးလက်ထဲ ဖုန်းထည့်ပေး၏။

"မေးကြည့်လေ"

စုန်ရေပြောသံအဆုံးမှာ မေမေ့ဘက်က ဖုန်းထူးသံကြား၏။

"ဟဲလို"

ထိုအခါ ရေစီး နှုတ်ဆိတ်မနေသာတော့ပါ။

"မေမေ ရေစီးပါ"

"အေး ပြောသမီး၊ မောင်စုန်ရေနဲ့ တွေ့တယ်မဟုတ်လား"

"ဟုတ်"

"အေး၊ သမီးအန်တီက သူ့သမီးကို အလည်လာဖို့ ခေါ်ခိုင်း





လိုက်တာ၊ သမီးလိုက်သွားလေ၊ မေမေ ခွင့်ပြုပါတယ်"

"ဟုတ်ကဲ့ မေမေ၊ ရေစီး လိုက်သွားပါ့မယ်၊ ဒါပေမဲ့ အချိန် အကြာကြီးမနေဘူးနော်၊ ရေစီး သင်ခန်းစာတွေကို လက်တွေ့ လေ့ကျင့်ဦးမယ်"

"အေးပါ သမီးရယ်၊ သမီးရဲ့အချိန်တွေကို သမီးအန်တီက လည်း သိပ်မဖြုန်းပါဘူး၊ စိတ်ချပါ၊ စုန်ရေနဲ့ လိုက်သာသွား"

"ဟုတ်ကဲ့ မေမေ"

"ဒါပဲနော် သမီး"

"ဟုတ်"

ရေစီး ခေါင်းညိတ်၍ ဖုန်းကို စုန်ရေလက်ထဲ ပြန်ထည့်ပေး လိုက်သည်။

စုန်ရေက ကျေနပ်ပြုံးလေးနှင့် –

"ယုံပြီလား ရေစီး"

"အို၊ ယုံတာမယုံတာထက် မေမေက သွားဆိုတော့လည်း လိုက်သွားရမယ်"

"ကဲလာ၊ ကိုယ့်မှာ ကားပါတယ်"

"ရေစီးမှာလည်း ကားပါ,ပါတယ်၊ စုန်ရေ ရှေ့ကသွားနှင့်၊ ရေစီး နောက်ကလိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

စန်ရေ မြူးမြူးလေး လက်ဖျစ်တီးပြီး ရပ်ထားတဲ့ကားဆီ သွား၏။ ရေစီးကလည်း သင်တန်းခန်းမကားပါကင်ဆီ သွား၏။

ထို့နောက် စန်ရေရဲ့ပရာဒိုကားသစ်ကြီးနောက်မှ ရေစီးရဲ့မာစီးဒီးကားဖြူလေး လိုက်ပါခဲ့လေသည်။

စန်ရေနဲ့ ခုလို ဆုံရခြင်းက ရေစီးဘဝအတွက် ကံကောင်းခြင်းလား။

ဒါမှမဟုတ် ကံဆိုးခြင်းတွေလား။

ခုချိန်ထိတော့ ဘာမှမခန့်မှန်းနိုင်သေးပါ။

✿ ✿ ✿



# အခန်း (၁၈)

"ဟား ဟား ဟား"

ခေတ်ကိုကြည့်ပြီး ထွင့်ထွင့်တို့ တစ်ဖွဲ့လုံး ရယ်မောကြလေသည်။ ခေတ်မျက်နှာရှုံ့လိုက်၊ နှာခေါင်းပွတ်လိုက်နှင့် ရင်ထဲမှာ တင်းနေပါသည်။

"မင်းတို့ကောင်တွေ ရယ်ထားဦးပေါ့ကွာ"

"ဟား ဟား ဟား။ တင်းမနေနဲ့ ခေတ်ရာ၊ ရေစီးဆိုတဲ့ဟာကလေးနဲ့တွေ့မှ ပန်းညှိုးနေရတယ် မဟုတ်လား"

"ကျွတ်"

ကမ္ဘာစိုး ရယ်မောလျက် ဝေဖန်သလိုပြောလျှင် ခေတ် စိတ်ဝိန်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ အရက်ဖန်ခွက်ကို ယောင်ယောင်ယမ်းယမ်း ကိုင်လိုက်၏။

"ကိုယ်တို့က လှောင်နေတာ မဟုတ်ဘူး။ အဖြစ်အပျက်က အဲသလိုဖြစ်နေတာကွ"

"ဟုတ်တယ်၊ စူးစူးတို့လည်း ထောက်ခံတယ်"

သတ္တုမင်းရင်ခွင်ထဲမှ စူးစူးဆိုတဲ့ မိန်းကလေးကလည်း ထောက်ခံပြန်သည်။

"ခေတ်ကလည်း ဘာလို့တင်းရမှာလဲ၊ ရေစီးမပါလည်း လန်းလို့ရတဲ့ညစ္စာ"

အိုင်းရစ်က မြူးမြူးလေး ပြော၏။

"အိုင်းရစ်ကလည်း ခေတ်လန်းချင်တာက ရေစီးနဲ့၊ ရေစီးနဲ့ မလန်းရလို့သာ၊ ယူနဲ့ ဖြေသိမ့်နေရတာ"

ခေတ္တာ ဝင်ပြောလျှင် အိုင်းရစ် မျက်နှာမပျက်အောင် ထိန်း၍ ငါးမုန့်ကြော်ကို ကလွှေမပျက်စား၏။

"ဖြေသိမ့်တယ်ဆိုတာလည်း ခေတ်ရဲ့လိုအပ်ချက် ပြည့်တာပဲ မဟုတ်လား၊ နော်၊ ခေတ်"

အိုင်းရစ်က ခေတ်ပခုံးပေါ်ကို ခေါင်းလေးမှီ၍ ပြော၏။ ခေတ်က မှီနွဲ့လာတဲ့ အိုင်းရစ်၏ခေါင်းလေးကို အသာပွတ်သပ်၍ –

"နင်ပဲ ကိုယ့်ကို နားလည်ပေးနိုင်တယ်၊ ကျေးဇူးပဲ အိုင်းရစ်"





"ဟား ဟား ဟား၊ အိုင်းရစ် ဖြစ်သွားပြန်ပြီ"

ယောကျ်ားလေးအဖွဲ့က ပြောရင်း ရယ်မောပြန်သည်။

"ဟွန်း၊ ယူတို့ကလည်း ခေတ်ကို ဒီလိုမပြောပါနဲ့၊ ခေတ် ဘယ်ငါးကိုဖြစ်ဖြစ် မိအောင်ဖမ်းနိုင်တဲ့သူ"

"ရေစီးဆိုတဲ့ ငါးမလေးကို မမိသေးဘူးလေ"

"အချိန်ကျရင် မိမှာပေါ့ဟ"

ခေတ္တာပြောတော့ ဒေလီယာက သဘောမကျသလိုနှင့်။

"ဘယ်တော့မိမှာလဲ"

"အချိန်တစ်ခုရောက်ရင် မိမယ်၊ စိတ်ချ"

ခေတ် ဒက်ခနဲ ဝင်ပြော၏။

"အဲဒီအချိန်တစ်ခုဆိုတာ နောက်ဘဝတော့ မဖြစ်စေနဲ့"

"ဟာ သတ္တုစုတ်"

ခေတ် စိတ်မရှည်ချင်တော့ပါ။ တစ်ယောက်တစ်ခွန်း ပြောနေကြတာက ခေတ်ကို အထင်သေးမှုတွေနဲ့။ ခေတ် တင်းမာမှုအရှိန်တက်၏။ နောက်ဘဝလို့ပြောတဲ့ သတ္တုကို လက်သီးဖွဖွနဲ့ လှမ်းထိုး၏။

သတ္တု ရှောင်ရှားရင်း –

"နောက်ဘဝမဟုတ်ရင် ဒီဘဝရဲ့ ဘယ်နေ့ ဘယ်ရက်မှာ မိအောင် ဖမ်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခေတ်၊ အဲဒါတော့ ခေတ်ပြောဖို့ လိုတယ်ကွ"

သူငယ်ချင်းတစ်ဖွဲ့လုံး ဒါပဲ သိချင်စွာ မေးမြန်းကြ၏။ ထိုအခါ ခေတ် လေးလေးနက်နက် တွေးမိသွားသည်။

"ပြောလိုက်လေ ခေတ်"

ခေတ် မေးဖျားလေးကို လှုပ်ကိုင်၍ အိုင်းရစ်က အားပေးသယောင် ပြော၏။

"ဟုတ်သားပဲ၊ အားပေးတဲ့သူလည်း ရှိနေသားပဲ၊ ပြောကွာ"

"ကိုယ်တို့က မင်းရဲ့စွမ်းဆောင်ရည်ကို ဂုဏ်ပြုချင်လို့ပါကွ"

"အဲဒါ အသေအချာပဲ၊ ရေစီးကို မိတဲ့နေ့ ခေတ်ကို ကိုယ်တို့ အကောင်းဆုံးပွဲနဲ့ ဂုဏ်ပြုမယ်"

"ဟုတ်တယ်၊ ဘယ်နေ့လဲပြော ခေတ်"

သူငယ်ချင်းအားလုံး ဖိမေးနေသည်က ခေတ်ရဲ့စွမ်းဆောင်ရည် အကောင်အထည်ဖော်မယ့်နေ့ကို ကြိုတင်သိချင်စိတ်နှင့်။

ခေတ်ကလည်း ဒီကိစ္စကို အမြန်ဆုံးပဲ စွမ်းဆောင်ချင်ပါသည်။ ဒါကြောင့် –

"ဒီအပတ် ဆန်းဒေးကွာ"

"ဟေ့ မြန်လှချည်လား"

"ဟား ဟား ဟား"





ထွဋ်ထွဋ် မေးခွန်းနောက်မှာ ရယ်သံတွေ ဆူထွက်လာပြန်သည်။ ဒီရယ်သံတွေက သူ့ကို ခနဲ့သလို ဖြစ်၏။ ဒါပြင် အားပေးအားမြှောက်တဲ့ သဘောတွေလည်း ပါဝင်နေတာမို့။

"ဆန်းဒေးကွာ၊ အချိန်ပါ အတိအကျပြောလိုက်မယ်၊ ညနေ လေးနာရီ"

"ဟာ ခေတ် တကယ်လား"

"ကိုယ်တို့ကို ဘာနဲ့ သက်သေပြမှာလဲ"

သူငယ်ချင်းတွေ ဝိုင်းဝန်းမေးကြပြန်သည်။ ဘယ်လိုသက်သေ ပြမလဲတဲ့။

"အလွယ်လေးရယ်ကွာ"

"ဘယ်လိုလွယ်တာလဲ"

"ဟာ၊ ပြောရရင် စကားလုံးတွေ ရှုပ်ကုန်တော့မယ်၊ မင်းတို့ သာ အမြင်ကြည်အောင် မျက်စဉ်းခတ်ထားလိုက်၊ ခေတ်ဆိုတဲ့ကောင် ရေစီးကို ဘယ်လိုဖမ်းပြီး လန်းလန်းထမလဲဆိုတာ သိစေရမယ်"

"တကယ် စိန်တယ်နော်"

"စိန်တယ်ကွ၊ စိန်တယ်"

"မင်း စိန်ခေါ်တဲ့အတိုင်း မဖြစ်ရင်ကော"

"ဟေ့ ယောက်ျားမလုပ်တော့ဘူး။ စဉ်းတီတုံးပေါ်တင်ပြီး ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပစ်လိုက်''

''အိုး၊ ခေတ်ကလည်း မဟုတ်တာတွေ''

အိုင်းရစ်က နှမြောတသပြော၏။

''လက်မဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်လေ၊ စိန်ခေါ်တဲ့အတိုင်း ဖြစ်မလာရင် ခုတ်ဖြတ်တာကတော့ ခုတ်ဖြတ်ရမှာပဲ၊ ဟား ဟား ဟား''

သတ္တုမင်းတို့ ရယ်ပြန်သည်။

''ခေတ် အောင်မြင်ရင်တော့ ခေတ်ကို ဖူးခက်ခေါ်သွားပြီး ပြုစုမယ်''

ထွန်းထွန်းက အတည်ပြော၏။

''ကဲ စိန်ခေါ်ပြီးပြီဆို ခေတ်ကလည်း အပီလုပ်တော့၊ နင်တို့တွေလည်း နင်တို့ကတိတွေ တည်ပစေနော်''

အိုင်းရစ်က မှုမှုတတဖြစ်အောင် ဝင်ပြော၏။

''အေး ဟုတ်တယ်၊ ခေတ္တာတို့က သက်သေလုပ်မလား''

မိန်းကလေးအဖွဲ့ကလည်း ဆိုချေသည်။ ထိုအခါ ခေတ်လက်မလေး ထောင်၍ သူငယ်ချင်းအားလုံးရှေ့မှာ အလေးအနက် ကြော်ငြာလိုက်သည်။

''ခေတ်တဲ့ကွ၊ ဘယ်တော့မှ လွှတ်တယ်ဆိုတာ မရှိဘူး၊ လွှတ်ထားတာပဲ ရှိတယ်၊ ဒီနေ့ကစပြီး လွှတ်မထားတော့ဘူး၊ ဖမ်းပြီကွ၊





ဟား ဟား ဟား''

ခေတ် အားအပြည့်ပြောကာ ရယ်မောပစ်လိုက်သည်။

ထိုအခါ သူငယ်ချင်းတွေလည်း ခေတ်ကို မယုံမရဲဖြစ်တာတွေ လျော့ကျန်သည်။

''ဟုတ်သားပဲ''

''ခေတ်က လွှတ်ထားတာပဲ ဖြစ်မယ်''

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဘယ်လို ရေစီး''

''မမ ကြားတဲ့အတိုင်းပဲလေ''

''အလို မဟုတ်တာပဲ''

''ဘာလို့မဟုတ်ရမှာလဲ၊ ရေစီးစိတ်ကူးက မမတို့လို မဟုတ်ဘူး၊ ရေစီးက ရေစီးစိတ်ကူးနဲ့ရေစီး''

''စဉ်းစားပါဦး ညီမလေးရယ်''

မမက ရေစီးကို စဉ်းစားခိုင်းပြန်သည်။ ရေစီးက ချက်ချင်းပဲ ခေါင်းလေးရမ်း၏။

ဒေါ်သီရိမေ မသိမသာ သက်မချရင်း ငြိမ်နေလိုက်သည်။





ညီအစ်မတွေ ဖုန်းပြောနေတာက သူမတို့မိဘနှစ်ပါး၏အစီအမံကို သမီးငယ်လေး နားလည်လက်ခံအောင် အစ်မဖြစ်သူများ ဖုန်းဖြင့် စည်းရုံးနေကြခြင်း။

''ရေစီးဘက်က စဉ်းစားစရာမလိုပါဘူး မမရယ်၊ ရေစီး ကျောင်းပြီးတာနဲ့ ဖက်ရှင်လောကထဲ ဝင်မယ်၊ ပြီးတော့ ဖေဖေ့အထည်ချုပ်စက်ရုံ အရှုံးပြနေတာကို ဖေဖေက ရပ်ဖို့ စိတ်ကူးနေတယ်၊ ရပ်လိုက်တာနဲ့ ဝန်ထမ်းတွေ အလုပ်လက်မဲ့ဖြစ်ကုန်မယ်၊ ဒါ့ကြောင့် ဆက်လုပ်နိုင်ဖို့ ရေစီး ဖက်ရှင်ဘက်ကို အာရုံစိုက်ပြီး သင်ခဲ့တာ မမရဲ့၊ ကုန်အမှတ်တံဆိပ်အသစ်နဲ့ ဖက်ရှင်ပုံစံတွေထွင်ပြီး ဈေးကွက်ထဲသွင်းမယ်လေ၊ ရေစီးဘက်က အားလုံး အဆင်သင့်ဖြစ်နေပြီ မမရဲ့၊ ဒီနှစ် စာမေးပွဲပြီးရင် ရေစီး စက်ရုံထဲဝင်တော့မယ်၊ စာမေးပွဲလည်း နီးပြီ မမရဲ့၊ နှစ်ပတ်တည်း လိုတာ၊ ဖေဖေနဲ့မေမေကလည်း မမတို့ဆီ မိသားစုအတူလိုက်သွားဖို့ ပြောပါတယ်၊ ရေစီးကိုယ်တိုင်က မသွားချင်တာ၊ အဲဒီအတွက် ရေစီးကို စိတ်မဆိုးပါနဲ့၊ မမတို့လည်း မမတို့စိတ်ကူးထဲကအတိုင်း လုပ်ဆောင်ကြသလို၊ ရေစီးလည်း ရေစီးစိတ်ကူးကို အကောင်ထည်ဖော်မှာလေ''

ညီမလေး ရှည်လျားစွာ ပြောဆိုရှင်းပြနေသည်က အကျိုးသင့်အကြောင်းသင့်ဖြစ်နေပေမယ့် 'ပန်းရေစီး'နဲ့ 'ရွှေစင်ရေစီး'တို့သက်သင့်

www.burmeseclassic.com



မခံချင် ဖြစ်ရသည်။ ဒါ့ကြောင့် အစ်မကြီး ပန်းရေစီးလက်ထဲက ဖုန်းကို ညီမလတ် ရွှေစင်ရေစီးက ဆွဲယူပြီး ပြောသည်။

"ညီမလေးပြောတာကို မမတို့ နားလည်ပါတယ်၊ ဒါပေမဲ့ ဖေဖေနဲ့မေမေက မမတို့ဆီ လာနေမယ်၊ လုပ်ငန်းသစ်ထူထောင်ကြဖို့ အဆင်သင့်ဖြစ်နေပြီလေ၊ အဲဒီတော့ ညီမလေး တစ်ယောက်တည်း ကျန်ခဲ့လို့ ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်ရမှာလဲ မမရဲ့"

"ဟွန်း၊ ချော့ချော့လုလု ညီမလေးကို တစ်ယောက်တည်း ထားခဲ့ဖို့ ဖေဖေနဲ့မေမေက စိတ်ချမတဲ့လား၊ ပြီးတော့ မမတို့လည်း စိတ်မချဘူး"

"အိုး ဘာမှမဆိုင်တာ၊ ရေစီးကိုယ် ရေစီး ထိန်းနိုင်ပါတယ်"

"ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်လေ"

"ကိုယ်ကောင်းရင် ခေါင်းဘယ်ရွေ့မလဲ၊ စိတ်မပူပါနဲ့ မမ"

"အိုး၊ ဒီလို ယတိပြတ် ပြောလို့ရမတဲ့လား၊ ညီမလေး အချိန်ယူပြီး စဉ်းစားပါဦး"

"ဟင့်အင်း၊ ရေစီး ဆုံးဖြတ်ထားပြီး စိတ်ကူးတွေလည်း စီနေရာနဲ့ ဖြစ်နေပြီလေ"

"ကဲ ကဲ ရေစီးလေး နောက်မှ ဆက်ဆွေးနွေးရအောင်လား"





မမကြီး ပန်းရေစီး ဝင်ပြောရင်း ရေစီးစိတ်ကို သူတို့ဘက်ပါအောင် လမ်းကြောင်းရှာသည်။

"ရတယ်လေ၊ မမတို့လည်း ပြန်စဉ်းစားပေါ့"

"ဘာကိုလဲ ညီမလေး"

"ရေစီးကို ဖိအားမပေးဖြစ်အောင်"

"အိုး ဒီကောင်မလေး၊ အငယ်ဆုံး ဖွတ်တရွတ် အဆန်ဆုံးပဲ၊ တော်ပြီ မေမေတို့နဲ့ပဲ မမတို့ ပြန်ဆွေးနွေးတော့မယ်၊ ဒါပဲနော် ညီမလေး"

မမတို့နှစ်ယောက် စိတ်မလျှော့ချင်သေး။ စကားစဖြတ်ကာ ကုန်ချသွားလေသည်။ ထိုအခါ ရေစီးလည်း ဖုန်း အသာချကာ ရေစီးစိတ်ကူးနဲ့ရေစီး လေးလေးနက်နက် ခေါင်းလေးဆတ်မိ၏။

ဟုတ်တယ်လေ။

ရေစီးစိတ်ကူးကလည်း ရေစီးဘဝရှင်သန်မှုအတွက် နိုင်မာတဲ့ ရွေးချယ်မှုပဲ။ ဖေဖေနဲ့မေမေက မမတို့နှင့်အတူ အခြေချဖို့ စိုင်းပြင်းလျက်။ ရေစီးကို အပါခေါ်ဖို့ ကြိုးစားကြခြင်း။

ရေစီးကလည်း ဘူးဆို ဖရုံမသီးချင်ပါ။

လူဆိုတာ မိမိရဲ့စိတ်ကူးနဲ့ ဘဝထူထောင်ဖို့ ရွေးချယ်ပိုင်ခွင့်တော့ ရှိရမယ်လေ။

ရေစီးရဲ့ရွေးချယ်မှု မအောင်မြင်ရင်တော့ မေမေတို့ဆီ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့။ ခုတော့ အကောင်အထည်တောင် မဖော်ရသေးဘူး။ တပ်ခေါက်ပြီး နောက်ဆုတ်ရမယ်ဆိုတာ မဖြစ်နိုင်သေးဘူး။

ရေစီးသင်ထားတဲ့ ပညာက အပေါ်ယံမှ မဟုတ်တာ။

ရေစီး လေးလေးနက်နက် သင်ခဲ့သလို လေးလေးနက်နက် အကောင်အထည်ဖော်ချင်ပါသည်။

ဒါကြောင့်။

✿ ✿ ✿



## အခန်း (၂၀)

"တီ တီ တီ"

ပိတ်လိပ်ရှည်ကို ဖြန့်ခင်းပြီး အင်္ကျီညှပ်ဖို့ လုပ်နေတုန်း ဖုံးတတီတီမြည်လာသည်။ အလုပ်လုပ်နေတုန်း ဖုန်းမြည်လာရင်း စိတ်အနှောင့်အယှက်ဖြစ်သလို ခံစားရ၏။

ထို့ကြောင့် စားပွဲပေါ်က ဖုန်းကို လှမ်းယူရင်း စက်ပိတ်လိုက်ဖို့ စိတ်ကူးဖြစ်သည်။ သို့သော်လည်း ပေဂျာပေါ်မှာ ခေတ် ဖုန်းနံပါတ်မြင်ရတော့ စိတ်ကူးထဲကအတိုင်း ဖုန်းစက် မပိတ်ဖြစ်တော့ပါ။

ခေတ်နဲ့ မတွေ့တာတောင် အတော်ကြာနေပြီ။

ဘာပွဲရှိတာယ်လို့ ဖုန်းဆက်ပြီးပြောပြော ရေစီး အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



များလို့ ရှောင်ခဲ့သည်ချည်း။

ရှောင်ပါများတော့လည်း အားနာလှသည်။

ဘာပဲဖြစ်ဖြစ် ဖုန်းဆက်လာတုန်း စကားစမြည်လောက်တော့ ပြောသင့်သည်ဟု ရေစီး ယူဆသည်။

ထို့ကြောင့် –

"ဟဲလို"

"စီး"

ခေါ်သံက နွမ်းဖျော့ကာ အားအင်ကုန်ခန်းနေသလိုနှင့် အသံက လည်း ဝါးနေသည်။ ခေတ်အသံက ဘယ်တုန်းကမှ ထိုသို့မဟုတ်ပါ။

အစဉ်အမြဲ တက်ကြွမြူးတူးနေခဲ့သည်။

ခုမှ ထူးထူးခြားခြား အသံက ခွန်အားမဲ့နေတာမို့ ဘာကြောင့် လဲဆိုတာ သိချင်လာသည်။

"ခေတ် နေကောင်းရဲ့လား"

"ဟင့်အင်း"

"ဟင်"

"ဟုတ်တယ်၊ ခေတ် ဖျားနေတာ စီးရဲ့"

"အိုး ဖျားနေရင် ဆေးခန်းသွားမှပေါ့"

ရေစီး တကယ် ပူပန်မိပြီး ပြောရ၏။ ခေတ်ကလည်း ရေစီးကို





စိုးရိမ်ပူပန်သံကြောင့် အားတက်သရောဖြစ်ကာ။

"သွားပါတော့ စီးရယ်၊ လောလောဆယ် ဆေးသောက်ပြီး နားမလို့"

"နားလေ ခေတ်ရဲ့"

"ဟို ဆေးမသောက်ခင် တစ်ခုခုစားရင် ကောင်းမလားလို့"

"ကောင်းတာပေါ့ ခေတ်ရဲ့၊ ခေတ်မာမီကို ပေါင်မုန့်လေး မာလေး လုပ်ခိုင်းလိုက်လေ"

"မာမီမှမရှိတာ"

"ဟင် အန်တီမရှိဘူး။ ဟုတ်လား"

"အင်း"

"ဘယ်သွားလို့လဲ"

"ဟန်းနီးမွန်း"

"ဟယ်၊ လူကြီးတွေတန်မဲ့"

"ကဲ ရေစီး လာခဲ့မယ်၊ ခဏစောင့်"

"အိုကေ စီးရဲ့၊ ခေတ်ကလည်း အဲဒါပြောမလို့"

"အေး လာခဲ့မယ်"

ရေစီး ဖုန်းပိတ်ကာ အခန်းထဲက ထွက်ခဲ့သည်။ အောက်ထပ် ရောက်တာနဲ့ မီးဖိုခန်းထဲ တန်းဝင်ကာ အိုဗာတင်းတစ်ဖွက်ဖျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်ဖြူဖြူလေးတစ်ထုပ် ယူ၏။

ပြီးတော့ ဗန်းထဲ အသင့်ထည့်ကာ တစ်ဖက်ခြံသို့ ကူးခဲ့သည်။

ခေတ်တို့မိသားစုပုံစံက တစ်မျိုး။

ခေတ်ဒယ်ဒီနဲ့မာမီက ခေတ်လိုပဲ ခြေခပ်ရှုပ်ရှုပ်။ ဖေဖေနဲ့ မေမေလို မဟုတ်ဘူး။ တည့်တည့်မျှမျှလည်း မရှိဘူး။ ခေတ်ဒယ်ဒီက မော်ဒန်ကောင်မလေးတွေနဲ့ ခြေရှုပ်ရင် ခေတ်မာမီကလည်း အားကျမခံ တတ်ပါ။

မော်ဒန်ဘွိုင်းတွေနဲ့ ဇာတ်လမ်းစ၏။

အေဂျင်စီထောင်ထားတာမို့ တိုသို့ဖရှိသူများလည်း အေဂျင်စီမှာရှိတာမို့ ခြေရှုပ်ဖို့ အခွင့်အရေးကလည်း နီးနီးကပ်ကပ်။

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အရွဲ့တိုက်ပြီး တွဲခုတ်ကြမည်။ ထို့နောက် သူ့ ငါအပြစ်တင်၊ ငါ့ကို သူက အပြစ်တင်နဲ့ လင်မယားနှစ်ယောက် ဆူညံဆူညံဖြစ်ပြီးရင် ပြန်တည့်၏။

ပြန်တည့်တာနဲ့ နှစ်ယောက်သား လက်ချိတ်ပြီး အပန်းဖြေခရီးထွက်၏။ ထိုအခါ သားဖြစ်သူက ဟန်းနီးမွန်း ထွက်သည်ဟု ခေါ်းစဉ်တပ်ပြောခြင်းဖြစ်သည်။

ခုလည်း ပြန်ပေါင်းထုတ်ဖို့ ဟန်းနီးမွန်း ထွက်ကြလေပြီ။

သားဖြစ်သူ နေထိုင်မကောင်းဖြစ်တာတောင် ငဲ့မကြည့်ဘူး။





တတ်လည်း တတ်နိုင်တဲ့ မိဘနှစ်ပါး။

ရေစီးက အိမ်နီးချင်းသူငယ်ချင်းသံယောဇဉ်နဲ့မို့ မနေသာ။ ဒါကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ခေတ်ရေ"

ဟာလျက်သားဖြစ်နေတဲ့ ညည့်ခန်းအဝင်တံခါးပေါက်မှ တိုက်ထဲ ရေစီး လှမ်းဝင်ခဲ့ရင်း ခေတ်ကို စာနာစွာ လှမ်းခေါ်လိုက်သည်။

ခေတ်ထံမှ ထူးသံမကြားရတော့ ပိုပြီး စိုးရိမ်သွားဧ၏။

အောက်ထပ်က စေ့ထားတဲ့အခန်းကို ဖွင့်ကြည့်သည်။ ထို အခန်းက ခေတ်မိဘနှစ်ပါး စံမြန်းရာအခန်း။

ခေတ်က မိဘနှစ်ပါးရဲ့မွေ့ရာထက် စောင်လေးခြုံကာ ကွေး ကွေးလေးခွေကာ မှေးမှိန်လျက် ရှိသည်။

"ခေတ်ရယ် နေထိုင်မကောင်းရင်လည်း စောစောတည်းက





ပြောပါလားလို့"

ရေစီးက စားပွဲပေါ် ဗန်းလေးချရင်း ပြောသည်။ ခေတ်က မှေးမှိန်းနေရာမှ အသာငဲ့ကြည့်သည်။ မျက်ဝန်းအစုံက အဖျားသွေး ကြောင့် လှဲနေသည်ဟု ရေစီးထင်သည်။

ထိုအခါ ရေစီးရဲ့လက်ဖဝါးလေးက ခေတ်နဖူးပေါ် ကြင်နာစွာ ရောက်၏။

"ကိုယ်ပူရှိန် ရှိနေသေးတယ်"

"ဆေးသောက်လိုက်ရင် သက်သာသွားမှာပါ စီးရယ်၊ အိုဗာ တင်းနဲ့ ပေါင်မုန့်လေး အရင်စားလိုက်၊ ပြီးတော့ ဆေးသောက်ပေါ့"

"စီးသဘောအတိုင်းပါ"

ခေတ်ရဲ့အသံလေးက တကယ်ဖျော့တော့ကာ။ အစဉ်အမြဲ တက်ကြွနေတဲ့ ခေတ်က ကျားပျိုတစ်ကောင်လိုဖြစ်ခဲ့ပေမယ့် နေမကောင်း တော့လည်း ယုန်သူငယ်လိုပင်။

"ကဲ ထ"

ရေစီးပြောတဲ့အတိုင်း ခေတ် ခွေနေရာမှ ကိုယ်လေးဆန့်ကာ ပြေညှင်းစွာ ထ၏။ ထိုအခါ ပခုံးအထိ ခြုံထားတဲ့ ဝွမ်းစောင်လေးက ခါးအထိ လျှောကျ၏။

ခြုံစောင်လေး လျှောကျလျှင် ခေတ်ရဲ့ကိုယ်အပေါ်ပိုင်းက အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ဘာညာမဝတ်ထားတော့ ထင်ခနဲပေါ်၏။

ရေစီးက မျက်မှောင်ကြုတ်ကြည့်လျက် –

"ဟင် အင်္ကျီဝတ်ထားမှပေါ့ ခေတ်ရဲ့"

"ကိုယ်ပူရှိန် ရှိနေလို့"

"ကိုယ်ပူပူ ဘာပူပူလေ၊ အင်္ကျီကတော့ ဝတ်ရမှာပေါ့၊ နေဦး ရေစီး ယူပေးမယ်၊ အင်္ကျီက ဘယ်နားရှိလဲ"

"ဒယ်ဒီ့ဗီရိုထဲက တစ်ထည်လောက် ထုတ်လိုက်လေ"

ရေစီးက ခေတ်ပြောတဲ့အတိုင်း ဒယ်ဒီရဲ့ဗီရိုရှိရာ ခုတင်ခြေရင်းနားသွားရင်း အင်္ကျီတစ်ထည် ထုတ်၏။

ခေတ်က သူ့ဖမိုးကို သူ့လက်ခုံနဲ့ပွတ်ကာ ကိုယ်လေးကျုံ့ထား၏။ နိုင်မာတောင့်ကြွသော သူ့ရင်အုံပေါ်မှ ဆေးမှင်ရုပ်က စိတ်ညွှတ်ဖွယ်ကောင်းစွာ အနမ်းခြွေနေသော ကိုးရိုးယားမင်းသားနှင့်မင်းသမီးပုံ။

ကြက်ကြက်ဖန်ဖန် ရင်ဘတ်မှာ ထိုပုံ ဆေးမှင်ထိုးရတယ်လို့။ ရင်ဘတ်ဟင်းလင်းပွင့်ပေါ်မှု။ ပုံက ရေစီးရဲ့မြင်လွှာကို မနှစ်မြို့စရာ။ ခေတ် ဒယ်ဒီရဲ့အင်္ကျီကို လှမ်းပေးရင်း။

"ကဲ မြန်မြန်ဝတ်"

ခေတ်က အင်္ကျီလှမ်းယူရင်း ပေါင်ပေါ်တင်ထားပြီး –

"အရင်မုန့်စားမယ်လေ"





"အဲဒါဆိုလည်း ပြီးရော"

ဒင်း အမြန်ဆုံး ဆေးသောက်ဖို့ အရေးကြီးသည်။ ဒါ့ကြောင့် ကော်ဖီဗန်းလေး ပင့်ယူဖို့၊ ရေစီး စားပွဲဆီသွားလျှင် ခေတ်ကို ကျောပေးအနေအထားလေးဖြစ်၏။

ထိုအခါ ခေတ်လက်က မြန်ဆန်ပေသည်။

ခွဲသား ကိုယ်ကျပ်လေး ဝတ်ထားလို့ သိမ်းသောခါးလေးနှင့် ပွင့်ကားနေသော ရေစီးတော်တင်ပါးဝိုင်းကို ခေတ် စိတ်ညွှတ်ကာ၊ လက်နှစ်ဖက်နဲ့ သိုင်းဖက်၍ ဆွဲယူ၏။

"အိုး"

"ချွင်း၊ ဂလွမ်း"

ရေစီးရဲ့အာမေဍိတ်သံလေးနဲ့အတူ ဆွဲယူမိတဲ့မုန့်ဗန်းလေး လွတ်ကျသွား၏။ ထို့အတူ ရေစီးရဲ့ကိုယ်လေးလည်း မြောက်ခနဲဖြစ်ကာ၊ ခေတ်ကိုယ်နဲ့လုံးထွေးလျက် မွေ့ရာပေါ် ကျ၏။

ရုတ်တရက်မို့ ရေစီး ခပ်ကြောင်ကြောင် ခပ်လန့်လန့်လေးဖြစ်တာ ပါးစပ်အပွင့်သားဖြစ်၏။ အံ့ဩလွန်ကဲပြီး အသံတွေ၊ ဘာတွေ ထွက်မနိုင်အောင်ဖြစ်လေသည်။

ရေစီးကိုယ်လေးကို မွေ့ရာနဲ့ တကယ်ဖိကပ်အောင် ခေတ် မြှုလာလျှင် ရေစီး အသိဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်"

"စီး"

"မခေါ်နဲ့ လူယုတ်မာ၊ အကြံသမား၊ ဖယ်နော် ခေတ်"

"ဟင့် ဟင့် ဟင့် စီးရယ်၊ စီးကို ခေတ်ဘယ်လောက်ချစ်လဲဆိုတာ လက်တွေ့ပြချင်လို့"

ခေတ်ပြောဆိုရင်း ကိုယ်မှ ခြုံစောင်ကို ဖယ်ခွာလျှင် ခေတ်တစ်ကိုယ်လုံးက အဝတ်မဲ့သား ဖြစ်၏။

"တောက်"

ရေစီးကို အနုနည်းနဲ့ ကြံစည်တာ၊ ဒီလိုကြံစည်လို့ ရမတဲ့လား ရေစီးမှာ ခြေတွေ၊ လက်တွေ ရှိတယ်လေ။

"ခေတ် ရှင် လွှတ်မလား မလွှတ်ဘူးလား"

"ရေစီးရယ်၊ ခေတ် ကြင်ကြင်နာနာ ဆက်ဆံပါ့မယ်"

"သေချင်းဆိုး"

တွန်းဖိလာတဲ့ ခေတ်ကိုယ်လုံးကို ရေစီး ငဲ့ညှာမနေနိုင်တော့ပါ။ သန်မာတဲ့ လက်ချောင်းတွေနဲ့ ဗလာကျင်းနေတဲ့ ခေတ်ကျောပြင်ကို လက်သည်းချွန် စိုက်ဝင်မတတ် ဖိကုတ်ခြစ်လိုက်၏။

"အား"

ကျောပြင်မှာ ကျင်ခနဲ နာမျက်စိရှုံ့သွားလျှင် ခေတ်ရင်မှာ





င်းသွား၏။ အလျော့ပေးရမယ့် အနေအထားဖြစ်နေမှန်း သိလျက်နှင့် ရေစီး ဒီလိုပြုမူတာက ခေတ်စိတ်မှာ စီးကို မညှာချင်တော့ပါ။

ကြင်ကြင်နာနာ နူးနူးညံ့ညံ့ပြုမူမယ်ဆိုတဲ့စိတ်က အရှိန်းဆန်သွား၏။

"ခေတ် ရှင် ရေစီးကို ဘယ်လိုမိန်းမစားအောက်မေ့နေလဲ၊ ဖယ်စမ်း၊ လွှတ်စမ်း"

ဖယ်ဖို့ လွှတ်ဖို့ မဟုတ်ဘူး။

ပိုင်ဖို့ ဆိုင်ဖို့ ချစ်ကြဖို့။

ခေတ်စိတ်ထဲက အတိုင်း ခေတ်ကိုယ်လေး တက်တက်ကြွကြွ လှုပ်ရှားဖို့ စတင်လျှင် ခေတ်ကိုယ် ယှိုင်နဲ့ကာ မွေ့ရာပေါ်ကျအောင် ရေစီး အားနဲ့ လိမ့်ချ၏။ ပွင့်ဟနေတဲ့ ပါးစပ်ကလည်း ခေတ်လည်တိုင်ကို ငုံကာ ဝံရေစီးရဲ့သွားတန်းလုလုနဲ့ ကိုက်ချ၏။ ဒါ့ပြင် ရေစီးရဲ့ဒူးတစ်ဖက်ကလည်း ခေတ်၏ဝမ်းဗိုက်အောက်ကို အရှိန်နဲ့ ထိုးစောင့်လေသည်။

ကျောပြင်၊ လည်တိုင်နှင့် ဝမ်းဗိုက်အောက်မှ တစ်ပြိုင်နက် …သိုက်ရလျှင် ခေတ်အော်သံ တုန်ခါသွား၏။

"အား"

ခေတ်တစ်ကိုယ်လုံးလည်း တွန့်ခနဲ လန်ကျသွား၏။ ထို့ပြင် ရေစီးစိတ်က ပိုရှုံ့ရှာနေသည်မို့ ခြေစုံနှစ်ဖက်နဲ့ ခေတ်ကိုယ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



စုံကန်၏။

ထိုအခါ

"ဝုန်း"

"အား"

ခေတ်ကိုယ်လုံးကြီး ခုတင်ပေါ်က လွင့်ကာ ကြမ်းခင်းပေါ် တိရစ္ဆာန်တစ်ကောင်လို လေးဖက်ထောက်ကျပြီး ခွေခေါက်ပုံကျသွား၏။

"တောက်"

ရေစီး အသားတဆတ်ဆတ်တုန်မတတ် ရှုံ့ရှာနေသည်။ ထို့နောက် ခုတင်ပေါ်က ကမန်းကတန်းဆင်းကာ တိရစ္ဆာန်လိုဖြစ်နေတဲ့ ခေတ်ကို ရေစီး အမုန်းလွန်ကာ ရေစီးခြေဖဝါးနဲ့ ဖိဆောင့်လိုက်၏။

"အွတ်"

ထို့ကြောင့် တက်ချင်သလို ဖြစ်သွားတဲ့ ခေတ်ကို ရေစီး ကျော နိုင်းထွက်ခဲ့မိသည်။ ဖြစ်ချင်ရာဖြစ်စေတော့။

စေတနာကို အစော်ကားခံရတာ။

မြှူစင်တဲ့ ရေစီးဘဝကို အရောင်တင်ဖို့ ကြံစည်တာ။ ရေစီးက မိန်းကလေးမို့ အလျှော့ပေးရရင် ရာဇဝင်ရိုင်းသွားမှာပေါ့။

မိန်းကလေးဖြစ်တိုင်း အားလျှော့မယ်မထင်နဲ့။

မိန်းကလေးမှာလည်း အစွမ်းအစရှိတယ်။



ဟောဒီလက်သည်းတွေ၊ ထက်မြတဲ့ သွားတွေ၊ ပြီးတော့ ဖော နဲ့ ရှေ့တိုးနေတဲ့ သူတို့ကိုယ်ကို ဒူးခေါင်းနဲ့ ဆောင့်လိုက်ရင် ဘယ်လောက်ပဲ အားကောင်းမောင်းသန် ယောကျ်ားဖြစ်ဖြစ် ခွေခနဲဖြစ်မည်မလွဲ။

ကဲ ခုတော့ ဘာတတ်နိုင်သေးလဲ။

ယောကျ်ားဆိုပြီး ကျားချောင်းချောင်းနေတဲ့ ခေတ်။

သမင်မလေးမှာလည်း ချိုရှိတယ်ဆိုတာ လက်တွေ့ သိနှင့်ပြီး မဟုတ်လား။

မာနရေစီးကို နောက် ဘယ်တော့မှ အရောင်ဆိုးဖို့ မကြံနဲ့ဆို ပါနဲ့။

အဲဒါ Lesson one လို့ မှတ်လိုက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သမီးလေးသဘောထားကိုလည်း မေးရပါဦးမယ် ရီရီရယ်"

ဒေါ်သီရိမေပြောလျှင် ဒေါ်ခင်လှရီး အားမလို အားမရဖြစ်လာသည်။ ထိုအခါ ဒေါ်သီရိမေနား ဒေါ်ခင်လှရီ ပြောင်းထိုင်ပြီး –

"သီရိ ဖျောင်းဖျရင် ရပါတယ်လေ၊ သမီး နားလည်မှာပါ"

"သမီးစိတ်ကို သီရိ သိပါတယ် ရီရီရယ်၊ သမီးငယ်လေးက ဖွတ်တရွတ်ရယ်၊ မိသားစုလိုက် ပြောင်းတဲ့ကိစ္စကိုပဲကြည့်၊ ဘူးဆို ဘာမှ မသိးတော့ဘူး"

"အဲဒါကိုက သီရိ စည်းရုံးလို့ရမယ့် ပွိုင့်ပဲ"

"ဘယ်လို"





ဒေါ်သီရိမေ တကယ်စိတ်ဝင်စားသွား၏။ ထိုအခါ ဒေါ်ခင်လှရီက သီရိပခုံးလေးကို သူမဘက် ဆွဲလှည့်ရင်း လေးလေးနက်နက် ပြောလေသည်။

"ဟုတ်တယ် သီရိရဲ့၊ သမီး ဒီမှာပဲနေခဲ့ရင် ပိုပြီး စိတ်ချလက်ချဖြစ်အောင် မိဘက စီစဉ်တာဆို ပြီးပြီပေါ့"

"အေးနော်"

ဒေါ်သီရိမေ ချက်ချင်း သဘောပေါက်သွားသည်။

"ဟုတ်သားပဲ ရီရီရဲ့၊ သီရိတို့ ထွက်သွားရင် သမီးတစ်ယောက်တည်း ကျန်ခဲ့မှာ၊ သမီးဖေဖေက အဲဒါကို စိတ်မချဆုံးဖြစ်နေတာလေ၊ မိဘ စိတ်ချလက်ချဖြစ်အောင် သမီးလေးကို ရီရီ့သားနဲ့ စီစဉ်ပြီးထားခဲ့တော့ ပိုကောင်းတာပေါ့။ ဒါမှ သမီးအတွက် အနီးကပ် အဖော်ရမှာလေ"

"ရီရီ အဲဒါကို တွေးမိလို့ သီရိကို ဖွင့်ပြောတာ၊ သားကလည်း သမီးလေးကို စုံမက်တယ်လေ၊ ပြီးတော့ သီရိကလည်း သမီးလေးကို သဘောကျတယ်၊ သားနဲ့သမီး နေရာကျရင် သီရိတို့လည်း စိတ်အေးလက်အေး ဖြစ်ပြီပေါ့၊ ဟုတ်ဖူးလား"

"ဟုတ်တယ်၊ သမီးကို နားဝင်အောင် ရှင်းပြပြီး အမြန်ဆုံး အကောင်အထည်ဖော်ကြတာပေါ့ ရီရီ"

"ဒါပေါ့ သီရိရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ဟင့် ဟင့်"

ဒေါ်သီရိမေနှင့် ဒေါ်ခင်လှရီတို့နှစ်ယောက် သဘောထားတွေ ခဏတွင်းချင်း ညီသွားသည်။

ထိုအခါ သဘောတကျ ရယ်မောရင်း လက်ဖဝါးအချင်းချင်း ဆုပ်ထွေးလိုက်သည်က ကတိကဝတ်ပြုကြသလို ဖြစ်လေသည်။

မေမေတို့ရဲ့ ရယ်မောသံတွေကို ရေစီး အနှောင့်အယှက်မပြုချင်တော့ပါ။ ဒါကြောင့် ရှောင်ထွက်ခဲ့သည်။

ထိုသို့ ရှောင်ထွက်ခဲ့သည်က စုန်ရေနဲ့ တည့်တည့်တိုးသလို ဖြစ်ရလေသည်။

ရေစီး ဘုရားဖူးမယ်ဆိုပြီး တစ်ယောက်တည်း ထွက်ခဲ့လျှင် ဘုရားမုခ်ဝမှာ စုန်ရေနဲ့ တည့်တည့်ဆုံ၏။ စုန်ရေက သစ္စာပန်းစည်းလေး ကိုင်ထားလျက်နဲ့ ရေစီးရှေ့ ရောက်လာပြီး –

"ရော့ ရေစီး၊ ရေစီး ဘုရားရှိခိုးဖို့"

"ဟွန်း၊ ရှင်က ဘယ်ကဘယ်လို ဒီကိုရောက်နေတာလဲ"

ပန်းစည်းလှမ်းမယူသေးဘဲ ရေစီး ပြုံးပြုံးလေးမေး၏။ စုန်ရေက ကြည်နူးစွာ စိုက်ကြည့်၍ –

"ပြောရမယ်ဆိုရင်တော့ အံ့သြစရာပဲ ရေစီးရယ်၊ ကိုယ့်စိတ်မှာ ရေစီးနဲ့တွေ့ချင်စိတ် ဖြစ်လာတယ်၊ အဲဒါနဲ့ ဘုရားမှာ လာထိုင်နေတာ၊





စိတ်ကူးကလည်း ဒီအချိန်မှာ ရေစီး ရောက်လာရင်ကောင်းမယ်လို့ တွေးမိတယ်၊ အဲဒီအတွေးလေးနဲ့ သစ္စာပန်းစည်းလေးဝယ်ပြီး စောင့်နေလိုက်တာ၊ မကြာပါဘူး၊ ရေစီး ရောက်လာတော့တာပဲ"

"ဟွန်း၊ အပြောကတော့ ရွှေမန်း"

"တကယ်ပြောတာ ရေစီးရဲ့၊ စိတ်ရဲ့တောင့်တမှုက တစ်ခါတစ်ခါ ကြိုတင်ဖန်တီးထားသလိုပဲ၊ တိုက်တိုက်ဆိုင်ဆိုင်တွေ ဖြစ်လာတာ၊ မယုံနိုင်စရာပဲ၊ ခုပဲကြည့်လေ"

"အဟင့် ဟုတ်ပါ့"

ရေစီး ကျေကျေနပ်နပ်ပဲ ခေါင်းလေးညိတ်မိသွားသည်။ ဒါလည်း တိုက်ဆိုင်မှုပဲလေ။

မေမေတို့နှစ်ယောက် ပြောဆိုနေတာတွေ အနှောင့်အယှက်မဖြစ်အောင် ရေစီး ရှောင်ထွက်ခဲ့ခြင်းရယ်ပါ။ ထိုသို့ ရှောင်ခဲ့ခြင်းက စုန်ရေရဲ့ စိတ်ကူးခံစားမှုကို ပြည့်ဝစေဖို့ စီစဉ်ထားသလို ဖြစ်၏။

ခုလို မထင်မှတ်ဘဲ ကြုံလာရတာမျိုးကို ရေစီးလည်း သဘောကျ၏။ ထိုအခါ စုန်ရေ ကမ်းပေးတဲ့ ပန်းစည်းလေးကို မြတ်နိုးစွာပဲ ရေစီး လှမ်းယူဖြစ်သည်။

အနီရောင် သစ္စာပန်းစည်းလေးက လှပဝင့်ကြွနေသလို မွှေးရနံ့လေးကလည်း ကြူကြူသင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမွေးရန့်ကပဲ ဆွဲဆောင်နေတာလား။

မထင်မှတ်တဲ့ ကြုံဆုံမှုကြောင့်လေလား။

ရေစီး မခွဲခြားတတ်ပေမယ့် နှစ်ယောက်အတူ ယှဉ်တွဲရင်း ဘုရားဖူးခွင့် ကြုံရသည်က ပထမဦးဆုံးအကြိမ်မို့ ရေစီးရင်မှာ ကြည်နူး ရသလို စိတ်လှုပ်ရှားဖွယ်ကောင်းစွာ ရင်ခုန်ရလေသည်။

ထိုရင်ခုန်မှုနောက်မှာ။

✿ ✿ ✿



## အခန်း (၂၃)

"တောက်"

ခေတ် တောက်ခေတ်ရင်း လက်ထဲက အရက်ဖန်ခွက်ကို စောင့် ချလိုက်၏။ ထိုအခါ ခွက်ထဲက ရွှေဝါရောင်အရည်တွေ ခုန်ထွက်ကုန်သည်။

သူငယ်ချင်းအားလုံး သက်မ,လှိုင်လှိုင်ချ၏။

အဖြစ်အပျက်က မယုံနိုင်စရာကောင်းနေသည်။ ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားပါ။

အောင်ပွဲခံမယ့် ခေတ်ဖြစ်စဉ်ကို စောင့်ကြည့်နေကြတဲ့ သူငယ် ချင်းတစ်ဖွဲ့လုံး မယုံနိုင်အောင်ဖြစ်ကာ ရုတ်တရက် ဆွံ့အသွားလေသည်။

ခေတ်ဘက်က ကူဖို့ကယ်ဖို့ထက် ရေစီးရဲ့တိုက်ကွက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လန့်၏။ ဒါပြင် အုပ်စုလိုက်ပေါင်းပြီး ဒီလိုကြံစည်ကောင်းလားဆိုပြီး တိုင်တောတာတွေ လုပ်လာရင်း ပြဿနာအကြီးကြီး ဖြစ်ဖွယ်ရှိသည်။

ဒါတွေကို တွေးမိလို့ သူငယ်ချင်းတစ်ဖွဲ့လုံး ငြိမ်နေခြင်း။ ရေစီး အရိပ်ပျောက်သွားမှ ခေတ်ကို ပြေးလွှားဖေးမရင်း ခုတင်ပေါ်တင်၏။ ဆရာဝန်ခေါ် ဘာခေါ်နှင့် အလုပ်တွေ ရှုပ်ကုန်သည်။

ရေစီးရဲ့လက်စွမ်းကြောင့် တစ်ပတ်လောက် ခေတ် ခံလိုက်ရသည်။ ထိုသို့ ခံရလေ၊ ခေတ် ခံပြင်းလေ။ ခေတ် ခံပြင်းလေ၊ ရေစီးကို ပစ်မှတ်ထား၍ စောင့်ကြည့်လေ။

စောင့်ကြည့်ခါမှ ရေစီးခြေလှမ်းတွေက သူထင်တာထက် ပိုလွှက်နေသည်။

ကြည့်စမ်း။

သူ မပန်လိုက်ရတဲ့ပန်းအနားမှာ ပိတုန်းတစ်ကောင်က ဝဲနေသလို၊ ရေစီးကလည်း အဝဲခံနေသည်။ ထိုမြင်ကွင်းကိုမြင်လေ ခေတ် ပေါက်ကွဲလေ။

သူ မပြည်းစမ်းရသေးတဲ့ အဖူးအစင်လေးကို ဘယ်ကောင်မှ ချဉ်းကပ်လာတာကို လက်ပိုက်မကြည့်နိုင်တဲ့စိတ် ဖြစ်တည်မှု။ ခေတ်၌ လွှမ်းကဲနေသည်။

"စိတ်လျှော့လိုက်ပါ ခေတ်ရာ"





ထွန်းထွန်းက အခြေအနေအရပ်ရပ်ကို တွေးဆစဉ်းစားမိတာမို့ အကြံကောင်းပေးလေသည်။

ခေတ်က လက်ထဲက အရက်ဖန်ခွက်ကို တစ်ရှိန်ထိုးမော့သောက်ရင်း ခေါင်းယမ်း၏။

"လျှော့ဖို့ မဟုတ်ဘူး၊ တိုးဖို့ကွ၊ တိုးဖို့"

"ရေစီးက သာမန်မိန်းကလေးတွေလို မြူးပြီးနေမယ့်သူ မဟုတ်ဘူး။ အတိုင်အဖောလုပ်တာနဲ့ အချုပ်ခံနေရမယ်၊ အဲဒါကို တွေးမိလို့ ပါကွာ"

"ကိုယ်တွေးတာက တခြား"

"ဘယ်လို တခြားလဲ"

"ကိုယ်ခံရသလို ဒင်းကိုလည်း ပြန်ခံရစေမယ်၊ အဲဒီအတွက် တစ်ခုခုတော့ တုံ့ပြန်ရမှာပဲ"

"ဘယ်လိုတုံ့ပြန်ဖို့လဲ"

"စောင့်ကြည့်ကွာ"

"မဟုတ်သေးဘူး ခေတ်၊ ဒီကိစ္စ ပေါ့သေးသေးမဟုတ်ဘူး၊ ဖြစ်လာရင် အားလုံးအရှုက်ကွဲမယ်"

"ဟား ဟား ဟား"

ဖန်ခွက်ကို ဖျစ်ဆုပ်ရင်း ခေတ် အငြိုးတကြီး ရယ်မောပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထွန်းထွန်းက ဘာကိုမှ နားမလည်စွာ ခေတ်ကိုသာ အငေး သား ကြည့်နေလိုက်သည်။

ထို့နောက် ဖန်ခွက်ကို နံရံမှာ ပစ်ပေါက်၏။

"ချလွမ်း"

ဖန်ခွက် ပစ်ကွဲသံနောက်မှာ ခေတ် ရယ်ရှိန်ကို တခဲနဲ ရပ်လိုက်၏။ သူ့အတွက် စိုးရိမ်နေတဲ့ ထွန်းထွန်းပခုံးကို ဆတ်ခနဲ ဆုပ်ကိုင်ပြီး ဆွဲယူလိုက်သည်။

ထွန်းထွန်းက စိုးရိမ်စိတ် တထိတ်ထိတ်။

"ခေတ် မင်း မင်း စိတ်ထိန်းဦးကွ"

"ဘာကွ၊ မင်းက ငါ့ကို ကြောင်နေပြီလို့ ထင်နေတာလား"

"မ မဟုတ်ဘူးကွာ၊ ကိုယ်က မင်းအတွက် စိုးရိမ်လို့ ပြောတာကွ"

"တောက်၊ မစိုးရိမ်နဲ့၊ စိုးရိမ်တယ်ဆိုတဲ့စကား ကိုယ့်ကို သင်းကွပ်သလိုပဲ ခံစားရတယ်၊ ကျွတ်"

ခေတ် စိတ်လိုက်မာန်ပါ လွှတ်ချလျှင် ထွန်းထွန်းကိုယ်လုံးက ဆိုဖာပေါ် ဝုန်းခနဲကျ၏။

"ထွန်းထွန်း မင်း ကိုယ့်ကို နောက်တစ်ခါ စိုးရိမ်တယ်လို့ မပြောနဲ့ကွ"





"အေး အေးပါကွာ"

ထွန်းထွန်းပဲ စိတ်ကို ပြန်လျှော့လိုက်ရသည်။ ခေတ်ဆိုတဲ့ သူ့သူငယ်ချင်းက အားလုံးထဲမှာ တစ်ဘာသာ။ ဘာပဲဖြစ်ဖြစ် အစွန်းဆုံး ရောက်အောင် လုပ်တတ်၏။

တခြားကိစ္စက အရေးမကြီးပေမယ့် ရေစီးကိစ္စက မလွယ်မှန်း သိလျက် ဖွတ်တိုးနေချင်တဲ့ခေတ်ကို ဖျောင်းဖျဖို့ စိတ်မကူးတော့ပါ။

ခေတ်ရဲ့ဇအတိုင်း လွှတ်ထားလိုက်တာ အကောင်းဆုံးပဲလို့ ထွန်းထွန်း ယူဆလိုက်သည်။

"အေးပါကွာဆိုပြီး နောက်ထပ် ဘာမှမပြောနဲ့၊ ကိုယ် ဘာလုပ်မလဲဆိုတာပဲ စောင့်ကြည့်လိုက်"

ထွန်းထွန်း ခေါင်းတဆတ်ဆတ် ညိတ်ရုံသာ။

စောင့်ကြည့်ဆိုလည်း စောင့်ကြည့်ရုံပေါ့။ ဘာတတ်နိုင်မှာမို့လဲ။ ခေတ်က သူ့စိတ်နဲ့သူ ရေစီးကို မှန်းဆလျက်။ အံတင်းတင်းကြိတ်၏။

"စီး"

ရင်ထဲက ခေါ်သံနောက်မှာ သူ့ရင်မှအင်္ကျီကို လက်နှစ်ဖက်နဲ့ ဆွဲဖွင့်လိုက်၏။

သူရင်ဘတ်မှ တက်တူးပုံရိပ်လို အနမ်းငွေ့ကာချွန့်မရရင် နေသာဘူးဆိုပြီး ကျော်ခိုင်းသွားမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်နဲ့ ခံစားလို့မရရင် ခြေဖနောင့်နဲ့တော့ နင်းခြေခွင့်ရ

ပါဦးမည်။

မယုံရင် စောင့်ကြည့်လိုက်။

ခေတ်တဲ့ကွ။

ခေတ်။

✿ ✿ ✿



## အခန်း (၂၄)

"အချစ်"

"ဟုတ်တယ်လေ ရေစီး"

"ဟွန်း"

ရေစီးက နှုတ်ခမ်းပါးလေးကို ပြုံးစူသလို တွန့်လိုက်ပေမယ့် ပြုံးမြမြလေး ဖြစ်လို့သွားသည်။ စုန်ရေက ထိုနှုတ်ခမ်းလေးကို ကြူမွှေး ချင်စိတ် ဖြစ်လာသည်။

ထို့ကြောင့် ခုံတန်းပေါ် ခပ်ခွာခွာလေး ထိုင်နေမိတဲ့ သူ့ကိုယ် ကို ရေစီးဘက် တိုးရွှေ၏။ ရေစီးက မသိမသာ ငဲ့ကြည့်၍ –

"ရေစီးက အချစ်ကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရေစီးသိတာ ဘာလဲ"

"ဘာပဲဖြစ်ဖြစ်လေ"

"ဟာ၊ အဲလိုတော့ ရှောင်ဖယ်ဖယ်မပြောနဲ့၊ မောင့်အတွက် ရေစီးပေးမယ့်အချစ်က အရေးကြီးတယ်"

အချစ်ဆိုတာကို အသည်းအသန်ဖြစ်နေတဲ့ စုန်ရေကို ရေစီး သဘောကျသလို တစ်ချက်စိုက်ကြည့်ပြီး နေရာမှ ထရပ်၏။

စုန်ရေက အားမလို အားမရဖြစ်ကာ ထိုင်ရာမှထလျှင်။ ရေစီး က ကမ်းစပ်နားရှိ ရေတမာပင်စည်မှာ ကိုယ်လေးမှီနဲ့ရပ်ပြီး စုန်ရေနဲ့ မျက်နှာချင်းဆိုင်သည်။

"ရေစီးကလည်း ရင်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြော တာပါ။ လောလောဆယ် ရေစီးရင်ထဲမှာ ချစ်တဲ့စိတ် မဖြစ်တည်သေးဘူး"

"ဒါဆို မောင့်ကို ဘာလို့လက်ခံတာလဲ"

ထိုမေးခွန်းနောက်မှာ ရေစီး ရှင်မြူးစွာ ပြုံးမိ၏။ စုန်ရေကတော့ သူ့ကိုယ်သူ မောင်နမ်စားသုံးကာ ရေစီးဆီက အချစ်ဆိုတာကို မရအရ ရင်ဖွင့်လာဖို့ ကြိုးစားနေဟန်တူသည်။

ရေစီးကလည်း မညာချင်ပါ။

"စုန်ရေကို ငြင်းစရာအကြောင်းမရှိဘူး"

"ဘာဖြစ်လို့"





"မေမေနဲ့ဖေဖေက ရေစီးကို တစ်ယောက်တည်း ချန်ထားခဲ့ ရတာထက် စုန်ရေနဲ့ လက်တွဲပြီး ကျန်ခဲ့တာကို သဘောကျတယ်၊ ဒါ ကြောင့် ရေစီး မငြင်းတာ"

"မငြင်းတာနဲ့ မချစ်တာက တခြားစီပါ ရေစီးရာ၊ လက်ခံတယ် ဆိုကတည်းက ချစ်လို့ ဟုတ်တယ်၊ မောင် အဲလိုပဲ ယူဆတယ်"

"ဒါကတော့ စုန်ရေ ယူဆချင်သလို ယူဆလေ"

"မောင် ယူဆတာမဟုတ်ဘူး၊ ယုံကြည်တာ၊ ရေစီးလက်ခံတယ် ဆိုကတည်းက မောင့်ကိုချစ်လို့ပဲ"

စုန်ရေစကားမဆုံးခင် ရေစီး မျက်စောင်းလှလှထိုးလိုက်၏။ စုန်ရေကတော့ အချစ်ဆိုတာကိုပဲ အရေးတယူဖြစ်နေတယ် မဟုတ်လား။ ဒီတော့ ရေစီး ဆက်မငြင်းချင်တော့။ ဒါပေမဲ့ ရင်ထဲက ဆန္ဒနဲ့ မဟုတ် တာကို ချစ်တယ်လို့လည်း ဝန်မခံချင်ပါ။

ပြေပြေလည်လည်ရှိဖို့ပဲ လိုအပ်တယ်လို့ ရေစီး ယူဆပါသည်၊ ဒါကြောင့် –

"ကဲပါ၊ စုန်ရေဘာသာ ယူဆချင်သလို ယူဆ၊ ရေစီး နားလည် ပေးပါတယ်"

"နားလည်ပေးရုံနဲ့ မရဘူး"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ နားလည်ပေးရုံပဲဆိုပြီး မောင့်ကို စိမ်းစိမ်းချည်း ဆက်ဆံနေတာ သဘာဝမကျဘူး"

"စိမ်းစိမ်းချည်း ဆက်ဆံတယ်"

"ဟုတ်တယ်လေ၊ ရေစီးက မောင့်ကို မောင်လို့ခေါ်မှပေါ့၊ ခုတော့ စုန်ရေတဲ့"

"ဟွန်း အခွဲကြိုက်"

ရေစီး တကယ်မျက်စောင်းထိုးမိ၏။ စုန်ရေက သဘောကျကာ ရှေ့တိုးလာပြီး –

"ချစ်တော့လည်း ချွဲဖို့လိုတယ်"

"ချွဲလေ၊ တယောလေးနဲ့ချွဲ"

"တကယ်လား"

"တကယ်ပေါ့"

"အဲဒါဆို မောင် တယောထိုးပြီး ချွဲပြမယ်"

ပြောပြောဆိုဆို စုန်ရေက ရေစီးလက်ကို ဆွဲယူသည်။ ရေစီးက အဆွဲမခံ၊ ကိုယ်လုံးလေးကို ရေတမာပင်ကိုင်းမကြီး ဖြာကျနေတဲ့ဘက်ကို အသာရှောင်ရင်း –

"ကဲပါ၊ စုန်ရေ ရှေ့ကသွားနှင့်"

"ဘယ်လိုလဲ"





"တယောထိုးပြမယ်ဆို"

ရေစီးမေးလျှင် စုန်ရေ ဝမ်းသာသွား၏။ အပျော်တမ်းသင်ထားတဲ့ တယောက ခုတော့ ကောင်းကျိုးပေးနေပြီထင်၏။

ထိုးပြမယ်။ လောလောဆယ် မောင့်ကို မောင်လို့ခေါ်။

မာနရေစီး မျက်စောင်းတဒိုင်းဒိုင်းထိုး၏။ စုန်ရေက အနည်းဆုံး သူ့ကို မောင်ဟု အသိအမှတ်ပြုခေါ်ဖို့လိုသည်ဟု ထင်သည်။

ဒါကြောင့် ခေါ်ခိုင်းခြင်း။

"ကဲပါ၊ နောက်တော့ ခေါ်ပါ့မယ်၊ လောလောဆယ် စုန်ရေ တယောထိုး၊ ရေစီး နားထောင်၊ ပြီးရင် ရေစီးတို့ မင်္ဂလာဝတ်စုံ သွားရွေးရအောင်လား"

"အိုကေ"

စုန်ရေ သဘောကျသွား၏။

ဘာပဲဖြစ်ဖြစ် လောလောဆယ် လက်ကလေးကိုင်ထားရရင်လည်း အချစ်သင်္ကေတဖြစ်သည်။

ထို့ကြောင့် ရေစီးကို သူ့လက်ကလေး ကမ်းပေးလိုက်သည်။ ရေစီးက သူ့လက်ကို တွဲမယ်လို့လုပ်ပြီးမှ ဘာစိတ်ကူးရသွားသည်မသိ။

"မင်္ဂလာဆောင်တဲ့နေ့မှ တွဲမယ်လေ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ တွဲတော့ ပိုပြီးလေးနက်တာပေါ့"

"အခုကတည်းကလည်း လေးလေးနက်နက် တွဲလို့ရပါတယ်"

"ကဲ မောင်လို့ပဲ အရင်ခေါ်မယ်၊ ကျေနပ်တော့ ရှေ့ကသွားနှင့်"

ရေစီး ဒါပဲပြောကာ၊ မျက်နှာဟန်လှလှလေးနှင့်ပါ ရှေ့က သွား ဖို့ ပြောလိုက်၏။ စုန်ရေက 'အချစ်' 'မောင်' 'လက်တွဲခွင့်' သုံးခုစလုံးကို တစ်ပြိုင်နက် အရယူချင်ပေမယ့် ရေစီးဘက်က ရှောင်တာတွေများနေ သည်။

လောလောဆယ် မောင်ဆိုတဲ့ အခေါ်အဝေါ်အတွက်သာ ကျေနပ်လိုက်ရသည်။

ရင်ခုန်စိတ်ကတော့ 'အချစ်' နဲ့ 'လက်တွဲခွင့်'ကို တောင့်တ နေဆဲ၊ ဒါကြောင့် ထိုနှစ်ခုပါ ဆက်လက်အပိုင်စားရစေဖို့ အလိုအပ်ဆုံး အမြန်ဆုံး မင်္ဂလာပွဲဖြစ်မြောက်အောင် လုပ်ဆောင်ရေး။

ဟုတ်တယ်။ အမြန်ဆုံးပဲ၊ မင်္ဂလာပွဲဖြစ်အောင် လုပ်ရမယ်။

စုန်ရေ ထိုသို့အဓိဋ္ဌာန်ကာ။ ရှေ့က ဦးဆောင်ထွက်ခဲ့သည်။

ရေစီးကတော့ စုန်ရေ အဲ မောင့်ကို ပြုံးပြုံးလေးပဲ ပြုံးပြနိုင် သည်က ပထမဆင့်။

အချစ်နဲ့ လက်တွဲရေးက နောက်အဆင့်တွေပေါ့။

✿ ✿ ✿



## အခန်း (၂၅)

"လှလိုက်တာ သမီးရယ်"

မေမေပြောဆိုရင်း မင်္ဂလာဂါဝန်လေးကို ရေစီးလက်ထဲက ဆွဲ ယူပြီး ဖြန့်ကြည့်၏။

"မပြီးသေးဘူး မေမေရဲ့"

"သိပါ့ သမီးရယ်"

ကိုယ်နှင့်အတိအကျဂါဝန်လေးမှာ ဒူးဆစ်အောက်ပိုင်း၌ ခပ်ပွပွ သဏ္ဌာန်ဖြစ်ပြီး ရေသူမအမြီးလို ဇာနားတွေ ဖြာကျနေသည်က တအားလှ သည်။

ရင်တစ်ပြင်လုံးမှာ ကျောက်ပွင့်တွေက အရောင်စုံကာ၊ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ရင်ရှေ့တစ်ပြင်လုံး ကျောက်ပွင့်ရောင်စုံ ကြဲပက်ထားသလို အနုပညာမြောက်သော ဒီဇိုင်းလေးဖြစ်လို့သွားသည်။

ရေစီးက ကျောက်ပွင့်တွေ သီလျှက်တန်းလန်းမို့ မေမေ့ကို မပြောမိခြင်း။ မေမေကလည်း မပြီးသေးမှန်း သိသော်လည်း မင်္ဂလာဂါဝန်လေးလှနေတာကို ကိုင်ကြည့်ချင်တာနဲ့ သမီးလက်ထဲက ဆွဲယူမိခြင်းဖြစ်သည်။

"မေမေ့သမီးလက်ရာက ရှယ်ပဲ၊ ဒီဇိုင်းမျိုး ဘယ်သတို့သမီးမှ ဝတ်ဖူးမှာမဟုတ်ဘူး"

"ဘယ်သူမှ မဝတ်ဖူးတဲ့ဒီဇိုင်းမျိုး ဝတ်ချင်လို့ ရေစီးဘာသာ ထွင်လိုက်တာ မေမေရဲ့"

"ဟုတ်ပဲ။ သူများဝတ်ပြီးတဲ့ ဒီဇိုင်းသစ်တွေထဲမှာ သမီးရဲ့ဒီဇိုင်းက Top ပဲ၊ သေချာတယ်၊ မေမေ့သမီးလေး ဒီမင်္ဂလာဝတ်စုံလေးဝတ်လိုက်တာက သမီးရဲ့ဖက်ရှင်ပညာကို မှတ်ကျောက်တင်လိုက်သလိုပဲ၊ မေမေတော့ သဘောကျသွားပြီ၊ နေဦး သမီးအန်တီကို မေမေ ဖုန်းဆက်ပြောလိုက်ဦးမယ်၊ မင်္ဂလာဂါဝန်လေးကို လာကြည့်လှည့်ပါလို့"

မေမေက အကဲပိုသလိုဖြစ်နေပြန်သည်။ ဂါဝန်လေးကို ရေစီးလက်ထဲ ပြန်ထည့်ပေးရင်း အခန်းထဲက ထွက်သွား၏။

ရေစီးက ဂါဝန်လေးကို တယုတယ ပြန်ပွေ့ပိုက်ရင်း ကျောက်





ပွင့်တွေ ဆက်ထိုးနေလိုက်သည်။

မင်္ဂလာဂါဝန်တွေ နှစ်ယောက်အတူ လိုက်ကြည့်ကြပေမယ့် ရေစီးရော မောင်ရော စိတ်တိုင်းမကျပါ။

"ရေစီး ဒီဇိုင်းကျွမ်းကျင်တာပဲ၊ ရေစီးဘာသာ မင်္ဂလာဂါဝန် ချုပ်ကြည့်ပါလား"

မောင်ပြောလျှင် ရေစီးလည်း သဘောကျသွား၏။

"အင်း၊ ရေစီးလည်း အဲလိုစဉ်းစားမိတယ်"

"အဲဒါဆို အိုကေ၊ မောင်တို့ ပိတ်စတွေ လိုက်ကြည့်ပြီး အရောင်ရွေးကြမယ်၊ ပြီးတော့ ရေစီး ဒီဇိုင်းဆွဲ"

"အိုကေ"

ဒီလိုနှင့် နှစ်ယောက်သား ဝိုးသားပါတဲ့ နိုင်ငံခြားဖြစ်ပိတ်လိပ်တွေကို လိုက်ကြည့်၏။ အသားမထူမပါးနဲ့ ဒီဇိုင်းဖော်လို့ အဆင်ပြေမယ့် အရောင်ကို ရွေးချယ်ကြ၏။

ရေစီး အသားအရေက ဖြူဖြူစင်စင်နဲ့ ကြည်လင်တောက်ပနေတာမို့ ပန်းနုရောင်ဖျော့ဖျော့ပိတ်စက အသားမှာ ကပ်ကြည့်လိုက်ရုံနဲ့ လင်းဝင်းသွား၏။

မောင်ကလည်း ဒီပန်းနုရောင်လေးကို သဘောကျ၏။ နောက်နားက ရေသူမပုံစံဖြစ်အောင် ဇာလှလှလေးကို တစ်ဖန်ရွေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းညွန့်နွယ်ခက်ပေါ်မှာ ကြိုးလှိုင်းတွေပါတဲ့ အင်္ဂလန်ဇာကို ရွေးချယ်လိုက်သည်။ ထို့နောက် သူမကိုယ်တိုင် ဒီဇိုင်းဆွဲကာ သုံးမယ့် ကျောက်တွေကို အစစ်တွေပဲ ရွေး၏။

ရောင်စုံကျောက်ပွင့်တွေအတွက် မောင့်မာမီ၏မိတ်ဆွေ ရတနာကုန်သည်နှင့် ချိတ်ဆက်ပေးကာ အပွင့်အရေအတွက်နဲ့ဒီဇိုင်းကို ရေစီးစိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေး၏။

ဒီဂါဝန်လေးကို တစ်နေ့တစ်ညနဲ့ အပြီးချုပ်၏။

ခုတော့ ပြီးခါနီးပြီလေ။ ဂါဝန်ပြီးတာနဲ့ ဖုန်းဆက်ပါတဲ့၊ မောင်က ကြိုပြောထားသည်။

"မင်္ဂလာဂါဝန်လေးကို မောင် ဦးဦးဖျားဖျား ကြည့်ပါရစေ" တဲ့။

"စိတ်ချပါ၊ မောင့်ကို ဦးဆုံးပြမှာပေါ့"

ရေစီးလည်း မောင့်ကို ဦးဆုံးမြင်စေချင်ပါသည်။ ခုတော့ မေမေက ဦးဦးဖျားဖျား မြင်သွားပြီ။ မေမေမြင်သွားတာနဲ့ အန့်တီ့ကိုပါ အကြောင်းကြားနေပါပြီ။

လောလောဆယ် မေမေနဲ့ အန့်တီထက်၊ မောင့်ကို ဦးစွာမြင်စေချင်တဲ့ စေတနာ၊ ရေစီးဘက်က ပိုနေမိသည်။

ဒါကြောင့် လက်စသတ်ရင်း ဂါဝန်လေးကို ပါကင်ထဲ တယု





တယထည့်၏။ ထို့နောက် အန်တီရောက်မလာသေးခင် မင်္ဂလာပါကင်လေးကို ပင့်မ၍ မေမေမရိပ်မိအောင် လှစ်ခနဲ ပြေးထွက်ခဲ့သည်က မောင့်ဆန္ဒကို ဖြည့်ဆည်းပေးဖို့။

သို့သော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဘာမင်္ဂလာဂါဝန်မှ မကြည့်ဘူး၊ သွား၊ ထွက်သွား"

ရေစီးကို မြင်သည်နှင့် ဒေါ်သမီးက အုန်းခနဲ ရှာချသလိုဖြစ်ကာ ရေစီးကို မောင် နှင်ထုတ်လေသည်။ ရေစီး ဘာကိုမှ နားမလည်နိုင်ဖြစ်ပြီး မောင့်ကို ငေးကြည့်နေမိသည်က အတန်ကြာ။

မင်္ဂလာဂါဝန်ထည့်ထားတဲ့ ပါကင်လေးကို တယုတယ ပွေ့ပိုက်ရင်း မောင့်ကို မျက်လုံးပြူးလေးနဲ့ စိုက်ကြည့်နေမိသည်။

"သွားတော့လို့ ပြောနေတယ်နော် ရေစီး"

"ကျွတ်၊ မောင် ဘာဖြစ်နေတာလဲ"

"အညာခံရလို့ကွ"





"ဘာ၊ အညာခံရလို့၊ဟုတ်လား"

"ဟုတ်တယ်ကွ၊ ဟုတ်တယ်၊ မင်း မောင့်ကို နွားလုပ်ဖို့ မကြိုးစားနဲ့၊ ကျုပ် နားဖားကြိုးအလျှိုခံမယ့်ကောင် မဟုတ်ဘူး"

"ဘာ၊ ဘာတွေလဲ"

ရေစီး ပိုခြ်နားလည်ရ ရှုပ်ထွေးကုန်သည်။ စုန်ရေက ဒေါ်သတွေနဲ့ တစ်ကိုယ်လုံး တုန်လျက်။ လက်ညှိုးတထိုးထိုးနဲ့ ရေစီးကို ပြောချ၏။

"ဘာတွေလဲလို့ လာမမေးနဲ့ ရေစီး၊ ကျုပ်နဲ့တုန်းကတော့ အထိမခံ ရွှေပန်းကန်လို လုပ်နေပြီးတော့၊ တခြားကောင်နဲ့ ဖြစ်ချင်ရာဖြစ်နေလိုက်တာ"

"စုန်ရေ"

ရေစီး အသံကုန်အော်ဟစ်လိုက်၏။ စုန်ရေက ရေစီးရှေ့ သွားခနဲ ရောက်လာပြီး –

"ငါ့ကို လာမဟောက်နဲ့၊ မင်းအဆင့်က ဘယ်အဆင့်ဆိုတာ ငါ သိသွားပြီကွ၊ ခေတ်နဲ့ ပလူးပလဲနေလို့ ဝ,သွားလို့ ကျုပ်ကို မျှော့လိုမြင်တွယ်တာ"

"တောက် စုန်ရေ"

ရေစီး အသားတဆတ်ဆတ်တုန်သွား၏။ ဒေါ်သကြောင့် လက်တစ်ဖက် မြှောက်တက်သွား၏။ စုန်ရေက ရေစီးလက်ဖဝါးကို မိမ်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပဲ ဆုပ်ကိုင်၍ တွန်းပစ်၏။

"မင်းထွက်သွားတော့"

"ဒုန်း"

"အား"

တွန်းလိုက်တာ အားနဲ့မို့ ရေစီးကိုယ်လေး ထိန်းမရနိုင်ဖြစ်ကာ နောက်ပြန်ကျလျှင် ရင်မှာ ပွေ့ထားတဲ့မင်္ဂလာဂါဝန်ပါကင်လေးပါ လွင့်ကျ၏။

"တောက်"

ပါကင်လေး လွင့်ကျလျှင်။ မင်္ဂလာဂါဝန်လေးပါ ပြူထွက်၏။ ရောင်စုံကျောက်တို့ဖြင့် အလှဝေစည်နေသည့် ဂါဝန်က လျှာထုတ်၍ ပြောင်ပြနေသလို၊ စုန်ရေ ခံစားလိုက်ရ၏။

ဒါကြောင့် ထိုဂါဝန်လေးကို ခြေဖနောင့်နဲ့ နင်းပစ်၏။

"စုန်ရေ"

"နင်မခေါ်နဲ့၊ မင်းနဲ့ကျုပ် အပြတ်ပဲ၊ မင်းကောင်နဲ့ မင်း ကြိုက်သလိုနေခဲ့ပြီးမှ ကျုပ်ကို ညို့ယူတာ ခံပြင်းဆုံးပဲကွ၊ ဟိုကောင် စိတ်ကြိုက်ချေမွထားတဲ့ ပန်းတစ်ပွင့်ကို ကျုပ်က အမြတ်တနိုး နမ်းရ မယ်တဲ့လား"

"တောက်"





ရေစီး ဒေါသမထိန်းနိုင်တော့ပါ။ စုန်ရေ စကားလုံးတွေက ရေစီးကို မျက်ရည်တွေ ပေါက်ပေါက်ကျစေသလို၊ လဲကျနေရာမှ ကုန်းရုန်းထပြီး စုန်ရေ့ပါးကို လှမ်းရိုက်လိုက်၏။

"ဖြန်း"

"ဟာ၊ မင်း"

စုန်ရေကလည်း သည်းမခံ။ နောက်တစ်ကြိမ် တွန်းပစ်လိုက်၏။ ထိုအခါ ရေစီးကိုယ်လေး တွယ်ရာမဲ့ လွင့်ကျလျှင် ခန္ဓာကိုယ် ဘေးတိုက်ကျ၏။

"အား"

ကြမ်းခင်းနဲ့ အစောင့်ခံရသလိုဖြစ်တဲ့ ရေစီးကိုယ်လုံးလေးက အောင့်မျက်ကာ ရုန်းထဖို့ အင်အားတွေ လျော့ကျ၏။

"မာနရေစီးတဲ့၊ ဘာမာနလဲ၊ တောက် ဆင့်မရှိတဲ့ မာန၊ ခေတ်ဆိုတဲ့ကောင်အတွက် ပျော်တော်ဆက်တဲ့ အညံ့စားမိန်းမ၊ မင်း ဘယ်လိုမိန်းမဆိုတာ မယူခင် သိလိုက်ရတာ၊ ကျုပ် ကံကောင်းသွားတယ်၊ မင်းကို နှုတ်ဆက်ခဲ့တယ် မာနရေစီး"

ပြောဆိုရုံအားမရဘဲ မင်္ဂလာဂါဝန်ကို ခြေနဲ့ကန်ပစ်လိုက်ပြီး ထွက်သွားတဲ့ စုန်ရေ့။

ရေစီး ကုန်းရုန်းထလို့မနိုင်ပေမယ့် ဒေါသကမနေ၊ လက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မိုလျက်ရှိတဲ့ စားပွဲပေါ်က ပန်းအိုးကို ဆွဲကိုင်ကာ စုန်ရေရဲ့ကျောပြင်ကို တအားကုန်လွှဲပစ်၏။

"တောက်"

"ချလွှမ်း"

အရာရာ အကျည်းတန်လျက်။

ဒါ ဘာကြောင့်လဲ။

တရားခံက ဒင်း။ တွေ့ရသေးတာပေါ့။ မာနရေစီးတဲ့၊ မာနကို မထိပါးနဲ့။ ဂုဏ်သိက္ခာကို မစော်ကားနဲ့။

ထိပါးစော်ကားခံရရင် ပြန်လည်တုံ့ပြန်ဖို့ ရေစီးဘက်က ဝန်မလေးဘူးဆိုတာ ရှင်တို့ မကြာခင် သိရလိမ့်မယ်။

စောင့်ကြည့်လိုက်။

တောက်။

✿ ✿ ✿



## အခန်း (၂၇)

"ဟား ဟား ဟား ဘာတတ်နိုင်သေးလဲကွ"

ခေတ် အားရပါးရ ရယ်မော်လိုက်သည်က အသည်းနှလုံးကို ဆူးချွန်ချွန်နဲ့ ထိုးဆွသလို ခံစားရလေ၏။

ထို့ကြောင့် ရေစီးခြေလှမ်းတွေ အရှိန်ပြင်းသွားသလို၊ နီးစပ်ရာ စားပွဲပေါ်မှ မဖောက်ရသေးတဲ့ ဘီယာဘူးလေးတစ်ဘူးကို ဆွဲယူ၍ ပစ် ပေါက်လိုက်၏။

"ထောက်"

"အား"

"ဟား၊ ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်မှာမို့ အားလုံးရုတ်ရုတ်သည်းသည်းဖြစ်ကုန်သည်။ ရေစီးကိုမြင်တော့ ခေတ်တို့ သူငယ်ချင်းအားလုံး ပြုံးကုန်သည်။

''ရေစီး''

''အေး မာနရေစီးတဲ့၊ ခေတ် နင်ရဲ့အောက်တန်းကျတဲ့စရိုက်ကို ငါ ဖော်ထုတ်မယ်၊ ခုချက်ချင်း နင်တို့တစ်ဖွဲ့လုံး အချုပ်ခန်းရောက်အောင် ငါလုပ်ပြမယ်၊ စောင့်ကြည့်လိုက်''

ရေစီး ပြောဆိုကာ လှည့်ထွက်ခဲ့လျှင် ခေတ် အံတင်းတင်းကြိတ်၏။ နဖူးစောင်းမှာ ရလိုက်တဲ့ ဒဏ်ရာကို လက်ဖဝါးနဲ့ ဆင့်ပွတ်ရင်း။

''ဒီမြွေမ ခုချိန်ထိ အစွယ်ထောင်နေသေးတယ်''

''အစွယ်ထောင်တာ အရေးမကြီးဘူး၊ ကိုယ်တို့ အငြိမ်ခံလို့ မဖြစ်ဘူးခေတ်''

''ဟုတ်တယ်''

ခေတ် ထိုင်နေရာမှ ဝုန်းခနဲထကာ။

''လာ၊ ရွှေစို''

''ဘယ်ရွှေ့မှာလဲ၊ လွတ်တဲ့ဆီ ရွှေ့ရမှာပေါ့ကွ၊ ဟိုကောင်မ ကူညီပါရစေအဖွဲ့ကို ခေါ်လာရင် လက်ကောက်ဝတ်နေရဦးမယ်၊ မြွေမ လက်လှမ်းမမီတဲ့နေရာကို ရှောင်ရယ်၊ အိုင်းရစ်ကို ဖုန်းဆက်ခေါ်လိုက်''

''ဘာလုပ်ဖို့လဲ၊ ကိုယ်ရွှေ့ရင် အိုင်းရစ်ကိုပါ ခေါ်သွားမှာပေါ့ကွ၊





တစ်ကိုယ်တည်းဆိုရင် ညှိုးနေလိမ့်မယ်''

''အေးကောင်းတယ်၊ အိုင်းရစ်ပါရင် လန်းရမယ်၊ ခေတ္တာကိုပါ အင်အားဖြည့်ခေါ်လိုက်မယ်၊ တစ်ဖွဲ့လုံး ရွှေ့ကြမယ်''

ကမ္ဘာစိုးကလည်း အားတက်သရော ပြောလေသည်။ ထိုအခါ ဖုန်းခွဲ အသီးသီးဆက်၍ မာနရေစီးလက်လှမ်းမမီအောင် အမြန်ဆုံး ရွှေ့ရလေသည်။

ကျွတ်။ မလွယ်။

မာနရေစီးတဲ့။

နာမည်က စီးဆင်းနေတဲ့သဘော။ ထိုသဘောက သူတို့ရဲ့ လွတ်လပ်ပျော်ရွှင်မှုကို တိုက်စားသွားနိုင်သည်။

အင်း မတိုက်စားခင် ရွှေ့ထားနိုင်မှ။

ဟုတ်တယ်။

ကုသခြင်းထက် ကာကွယ်ခြင်းကို အလေးထားရတော့မယ်။

ထို့ကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ချလွင်"

ကျောက်ပွင့်ရောင်စုံက မိုးရွာသည့်နှယ် ပြန့်ကျဲသွားလေသည်။ ရေစီးစိတ်ထဲရှိတဲ့အတိုင်း လုပ်ပစ်လိုက်တာက မှန်းတီးရှုံ့ရှာစွာ။

မင်္ဂလာဂါဝန်ကို တစ်စစီခွဲဖြဲသလို၊ ကျောက်ပွင့်တွေတစ်လုံးချင်းခွာ၍ စုစည်းကာ စုန်ရေတို့ခြံဝင်းကားဝင်လမ်းမှာ ပစ်ချရင်း ချာခနဲလှည့်ထွက်ခဲ့သည်။

ကြားထဲက ဒေါ်ခင်လှရီ စိတ်မကောင်းဖြစ်ရလေသည်။

ရေစီးလေးကို အပြစ်မဆိုသာပါ။ ငယ်ရွယ်သူရဲ့စိတ်ဆိုတော့လည်း နားလည်ပေးရုံသာ။ ရေစီးက ဘယ်သူမှ နားမလည်ပေးရင်လည်း





ဂရုမစိုက်ပါ။

ခင်းကော၊ ခင်းတို့ကိုရော ကမ္ဘာမကြေချင်။

ယောကျ်ားတဲ့။

ဘယ်လောက်သစ္စာရှိကြလို့လဲ။ တိုတစ်ဖွဲ့လုံး ခြေရာဖျောက်ပြေးကြတာ။ အမြီးတောင် ဖမ်းလို့မရတော့ပါ။

ခေတ်မာမီ ဒေါ်ဝတီချစ်က –

"မသိဘူး သမီးရယ်၊ ခင်းတို့တစ်ဖွဲ့လုံး ခြေရာဖျောက်နေကြတာလေ၊ အဲ့ပါရဲ့၊ လားရှိုးဘက် သွားတယ်လို့ ပြောသံကြားရတာပဲ၊ ဘာအဆက်အသွယ်မှ မလုပ်ကြဘူးတဲ့"

သေချင်းဆိုးတွေ။

သစ္စာရှိသတဲ့။ ကျားတွေတဲ့။ ခုတော့ ခွေးပြေးဝက်ပြေး။ ခင်းတို့ ပြန်လာတာနဲ့ တိုင်းတောထားတဲ့ကိစ္စ အကောင်အထည်ဖော်ရမယ်။

ခင်းတို့ ပြန်လာရင် ဆွဲစေ့ဖို့ အကောင်အထည်ဖော်မယ်လို့ စိတ်ကူးရုံရှိသေးတယ်။ စုန်ရေ့သတင်းက အော်ဂလီဆန်စဖွယ် ကြားရပြန်သည်။

စုန်ရေက သူ့သူငယ်ချင်းမကို ခိုးပြေးသတဲ့။

နှစ်ဦးသဘောတူလက်ထပ်ပြီး ဘန်ကောက်ထွက်သွားလေသည်။ မိန်းကလေးတစ်ယောက်ရဲ့ မြူစင်တဲ့ကိုယ်ကျင့်တရားကိုလေးသိက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ကို လုပ်ချင်ရာလုပ်ပြီး ရှောင်ထွက်သွားကြတာ ယောကျ်ားပီသကြရဲ့လား။

သတ္တိရှိရင် လာပြီး ရင်ဆိုင်လေ။

မာနရေစီးဟာ ဘယ်လိုမိန်းမဖြစ်တယ်ဆိုတာ ရဲစခန်းမှာ ပျက်နှာစုံညီ ရှင်းလိုက်ချင်သည်။

ရှင်းခွင့်မရတော့ ရေစီးစိတ်က ကျောက်ခဲတစ်လုံးလို မာကျစ်နေခဲ့သည်။ အရေးထဲ မေမေနဲ့ဖေဖေက နားချလာသည်။

"ရီရီက အရမ်းအားနာနေတာပဲ သမီးရယ်၊ သမီးလေးကို ငိုငို ကြည်ဖြူတယ်၊ မြှင့်မြှတ်နိုးနိုးလည်း ရှိတယ်၊ ဒါကြောင့် တောင်းဆိုပါရစေတဲ့"

"ဘာလဲ မေမေ၊ စုန်ရေကို နားလည်ပေးဖို့လား"

"မဟုတ်ဘူး သမီးရဲ့၊ ရီရီ့မှာ စုန်ရေအထက်က သားကြီးတစ်ယောက် ရှိသေးတယ်၊ ရီရီ့သားကြီး ဆန်ရေနဲ့"

"ဘာ"

ရေစီး အော်ထည့်လျှင် စိတ်အားထက်သန်စွာပြောနေသည့် မေမေ လန့်ဖျပ်သွား၏။ ရင်ဘတ်ကိုလည်း လက်ဖဝါးနဲ့ အသာဖိရင်း–

"အမယ်လေး သမီးရယ်၊ ဖြည်းဖြည်းပြောပါ၊ တကတည်း မေမေ ရောဂါရလိမ့်မယ်"

"မေမေ ပြောနေတာတွေ အဓိပ္ပာယ်မှ မရှိတာ၊ ရေစီးကို





ဘယ်လိုထင်နေကြတာလဲ"

"မ မဟုတ်ရပါဘူး သမီးရယ်၊ ရီရီပြောတာက သမီးရဲ့ဂုဏ်သိက္ခာအတွက်ပါ၊ ပြီးတော့ ရီရီ့သားကြီးကလည်း နိုင်ငံခြားမှာ၊ မေမေတို့လည်း မနက်ဖြန် သဘောက်ခါသွားဖြစ်တော့လေ၊ အဲဒီတော့ မေမေတို့နဲ့ သမီးလိုက်ခဲ့၊ ရီရီကလည်း သူ့သားကြီးဆီ လိုက်မယ်၊ ဟိုရောက်ရင် သမီးတို့ချင်း တွေ့ကြ၊ စိတ်သဘောထား တိုက်ဆိုင်တယ်ဆိုရင် . . ."

"တော်ပြီ မေမေ၊ ဘာမှမပြောနဲ့တော့၊ ရေစီးလည်း မလိုက်ဘူး၊ မေမေတို့ဘာသာ သွား၊ ဘယ်သေချင်းဆိုးကိုမှ မျက်နှာအောက်ကျခံပြီး မယူဘူး၊ မုန်းတယ်၊ အားလုံးကို မုန်းတယ်"

ရေစီး အသံကုန်အော်ဟစ်ကာ မေမေနဲ့ဝေးရာသို့ ထွက်ခဲ့မိသည်။ ထွက်ခဲ့မိသည့် ခြေလှမ်းတွေက ဖေဖေ့ရဲ့အထည်ချုပ်စက်ရုံသို့ ရောက်မှန်းမသိ ရောက်ခဲ့လေသည်။

ဒီလိုနဲ့ပဲ ရေစီး အလုပ်တွေကို ဖိလုပ်၏။

ဖေဖေနဲ့မေမေ ပြည်ပထွက်ခွာတဲ့နေ့ကတောင် ရေစီးလိုက်မပို့တော့ပါ။ ဖေဖေနဲ့မေမေ ထွက်သွားပြီးနောက် ရေစီးစိတ်က ပို၍ မာကျစ်သွား၏။

အလုပ်တွေသာ ရေစီးဘဝဖြစ်သည်။

ဒါပြင် ဒင်းတို့အုပ်စုရဲ့သတင်းကို စောင့်စားနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အလကားပင်။ ဒင်းတို့တစ်ဖွဲ့ နောက်ကျောမလုံဖြစ်ပြီး လားရှိုးဘက်မှ တရုတ်ပြည်ထဲ ပင်သွားကြတယ်လို့ သတင်းသဲ့သဲ့ရသည်။

တချို့ကလည်း အိုင်းရစ်၏အမျိုးတွေရှိတဲ့ ထိုင်ဝမ်ကို သွားကြသည်ဟုလည်း ဆိုသည်။

ဘယ်သတင်းမှန်လည်းတော့ မသိပါ။

သေချာတာက ရေစီးရှိနေတဲ့ ရန်ကုန်မြေပေါ် ဒင်းတို့ ခြေမချသည်က ခုချိန်ထိ။

ရေစီးက ရေစီးရဲ့မာနနဲ့ရေစီး တောင့်ခံနေခဲ့သည်။

ထိုအတောအတွင်း ပြဿနာတစ်ခုနဲ့ ကြုံရသည်။ ထိုပြဿနာက ရေစီးရဲ့အဖြစ်အပျက်ကို စောင့်ကြည့်ပြီး အပိုင်ကြံဖို့ ကြိုးစားတဲ့ လင်းသုတ။

စက်ရုံကိုစွန့်ပတ်သက်ပြီး ရေစီးဆီ ချဉ်းကပ်လာသည်။ စက်ရုံပြင်ဆင်ရေးနဲ့ပတ်သက်နေတာမို့ ရေစီး အလိုက်အထိုက် ဆက်ဆံတာကို ဒင်းက အဆင့်ကျော်ရုံမကဘူး။ ပြောလာတဲ့စကားတွေက အသားတင်မက၊ အသည်းနှလုံးပါ တဆတ်ဆတ်တုန်သည်။

"ဘာ ဘာပြောတယ် လင်းသုတ"

"ဪ ကိုယ်က အကြံကောင်းပေးတာပါ။ ကိုယ်က တရားဝင် အိမ်ထောင်ကွဲနေတာလွဲရင် ဂုဏ်သိက္ခာရှိတယ်၊ ရေစီးက မိန်းကလေး





ဆိုတော့ အမည်းစက်ထင်နေတဲ့ ပုံရိပ်နဲ့ဆိုတော့ ဘယ်သူလေးစားမလဲ။ ဒါကြောင့် ကိုယ့်ကို လက်ထပ်လိုက်ရင်း –

"သေနာကျ"

ရေစီးပေါက်ကွဲကာ နီးစပ်ရာပစ္စည်းကို ဆွဲယူလျက်။ စက်ရုံပြင်ဖို့ ချထားသည့်ပစ္စည်းကိရိယာတွေထဲက တူကြီးတစ်လက် ပါလာသည်။

ထိုတူနဲ့ ရွယ်တာမဟုတ်။ တကယ်ထုချဖို့ ဖြစ်တာမို့ လင်းသုတ ပျာပျာသလဲ နောက်ဆုတ်ကာ။

"ဆောရီး၊ ရေစီးရယ် သိက္ခာရှိအောင် ကိုယ့်ဘဝနဲ့ရင်းပြီး ကယ်တင်ချင်လို့"

ပြောလေကဲလေနဲ့ နောက်ဆုတ်နေတဲ့ လင်းသုတနောက် ရေစီး လွှားခနဲလိုက်၏။

"ဘာ ကယ်တင်ဖို့ သေနာကျ။ နောက်တစ်ခါ ဒီလေသံမျိုး ထွက်ဖို့မပြောနဲ့၊ စက်ရုံအရိပ်ကိုတောင် မနင်းနဲ့၊ ကဲဟာ"

ရေစီးလက်ထဲက တူနဲ့ တကယ်ပစ်ပေါက်လေသည်။ လင်းသုတ အရှောင်အတိမ်းမြန်ပေမယ့် နံရံနဲ့ထိပြီး လွင့်ကျတဲ့တူက လင်းသုတ၏ ဖနောင့်ကို မှန်၏။

ထိုအခါ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ထိုသို့သော အကြောင်းကြောင်းတွေကြောင့် ရေစီးစိတ်က ယောကျ်ားတွေကို ရွံရှာနေမိသည်။

ဘယ်ယောကျ်ားလေးနဲ့မှ နီးနီးစပ်စပ် မဆက်ဆံချင်တော့ပါ။ ဒါကြောင့် တသီးတခြားနေထိုင်ကာ၊ အထူးသဖြင့် လုပ်ငန်းနဲ့ ပတ်သက်လာရင်တောင် ရေစီး ရှောင်ခဲ့သည်။ မရှောင်နိုင်တဲ့ လုပ်ငန်းကိစ္စမျိုးနဲ့ ကြုံလာရင်တော့ ‘တိုးတိုးစံ’ နဲ့ ပြီးစေသည်။

ထိုအခါ ရေစီးဟာ သိပ်ဘဝင်မြင့်တဲ့မိန်းမ၊ မာနသရမ္ဘထားတဲ့ မိန်းမဆိုပြီး အပြစ်ပြောခြင်းခံရလေသည်။ ဘယ်သူတွေ ဘာပြောပြော ရေစီး ဂရုမစိုက်ပါ။ ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ဘဲ ရေစီး





နေလာတာ ခုဆိုရင် နှစ်ချီကြာခဲ့ပြီ။

မာနအသားကျနေချိန်မှာ နောက်ထပ် ဇာတ်လမ်းတစ်ခု ပေါ်လာသည်။ ထိုဇာတ်လမ်းက အခြားမဟုတ်ပါ။ ရေစီးစိတ်၊ ရေစီးသဘောနဲ့ ခေါင်းခံစားချက်ကို သိနှင့်နေတဲ့ ဒေါ်မေစိုး၊ ဒေါ်မယ်အိနဲ့ မိမှုမှုတို့ ပေါင်းပြီး ဒဏ်ရာရနေတဲ့ ယောကျ်ားတစ်ယောက်ကို စံအိမ်ထဲ ခေါ်သွင်းလာခြင်း။

ထိုအခါ ရေစီးစိတ်က ဝုန်းခနဲ ပေါက်ကွဲသွားကာ နှင်ထုတ်လိုက်သည်က ယတိပြတ်။

ထိုဖြစ်စဉ်ရဲ့နောက်ဆက်တွဲ ဒေါ်ဝေ ရောက်လာခြင်းဖြစ်သည်။ ခုတော့ ရေစီးဘဝ ငြိမ်းချမ်းနေပါသည်။ သို့သော် ဓနတိုင်မကောင်းဖြစ်တဲ့ အချိန်မှာ အားငယ်တာတွေ၊ အထီးကျန်ဆန်တာတွေ ခံစားရလျှင် ရေစီးစိတ်က မေမေတို့ဆီ ရောက်တတ်၏။

မေမေတို့ဆီ လိုက်သွားရင် ကောင်းလေမလား။

ထိုသို့တွေးမိပါသေးသည်။ သို့သော် ထိုအတွေးက ချက်ချင်းပြတ်တောက်သွားလေသည်။ အကြောင်းက မေမေတို့ အန်တီရီတို့ မိသားစုအားလုံး အမေရိကမှာ အခြေကျနေပြီ။

ရေစီးရောက်သွားလို့ ဇာတ်လမ်းဟောင်းပြန်စမှာကို ရေစီး အရွံရှာဆုံးဖြစ်သည်။ စုန်ရေက သူ့အိမ်ထောင်နဲ့သူ။ အန်တီရီရဲ့သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆန်ရေက မမတို့နှင့် ရင်းရင်းနှီးနှီးဖြစ်နေကြောင်း မမတို့နဲ့ ဖုန်းပြောစဉ် သိရ၏။

ဒါ့ပြင် အန်တီရီက ဖုန်းဆက်ပြီး သူ့သားကြီး ဆန်ရေနှင့် စကားလမ်းကြောင်း ပြန်စပြော၏။

အင်း ထိုတစ်ယောက်နဲ့လည်း မပတ်သက်ချင်တာမို့ မေမေတို့ဆီ လိုက်သွားချင်သည့်အတွေးက ချက်ချင်း ခေါင်းယမ်း၍ ဖယ်ရှားပစ်ပြီးသား ဖြစ်သည်။

ခုချိန်ထိ ရေစီးရင်ထဲ၊ အသည်းထဲမှာ ယောကျ်ားတွေရဲ့ စိတ်ကို ရွံရှာနေဆဲဖြစ်သည်။

အဲဒါ ရေစီး လွန်သလား။

ပြောကြစမ်းပါ။

✿ ✿ ✿

## အခန်း (၃၀)

"ဒင်"

နာရီတစ်ချက်တီးသံကြားရလျှင် ရေစီး နိုးလာသည်။ အိပ်ရေးဝ,နေသလိုဖြစ်ပေမယ့် ဗိုက်က ဆာသယောင် ရှိ၏။

ညဦးက ဆေးသောက်ပြီး စောစောအိပ်ဖြစ်တာမို့ ခုလို ညနက်သန်းခေါင်နိုးလာပြီး ဆာလောင်ခြင်းဖြစ်ဟန်တူသည်။

ထို့ကြောင့် တစ်ခုခု စားရင်ကောင်းမယ်ဆိုတဲ့အတွေးနဲ့ မွေ့ရာပေါ်မှ အသာထ၏။

"ဒေါ်ဝေ"

သတိရတာနဲ့ ဒေါ်ဝေကို ရေစီး လှမ်းခေါ်လိုက်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ထူးသံမကြားရပါ။ အင်းလေ။ ဒေါ်ဝေလည်း ပင်ပန်းပြီပေါ့။

အန်တီသွေးက ဆေးစားပြီး တစ်ပတ်လောက် အနားယူပါဦး လို့ ရေစီးနားနေတဲ့ တစ်ပတ်အတွင်း ဒေါ်ဝေ ဂရုစိုက်လုပ်ကိုင်ပေးရသည် မဟုတ်လား။

ဒါကြောင့် ပင်ပန်းပြီပေါ့။ ထို့ကြောင့် ဒေါ်ဝေကို ဆက်ပြီး ခေါ်မနေတော့ပါ။

မီးခလုတ်ဖွင့်ပြီး ခုတင်ပေါ်က ဆင်းသည်။ အိပ်ရေးဝနေပြီမို့ ရေစီး လန်းဆန်းနေပါပြီ။ အောက်ထပ်ကို ဆင်းလာရင်း ဒေါ်ဝေ့အခန်း တံခါးကို အသာပုတ်ကြည့်သည်။ အခန်းထဲက တုံ့ပြန်သံ မကြားရပါ။ နေပါစေလေ။

ရေစီးကိုယ်တိုင် မီးဖိုခန်းထဲ တန်းဝင်သွားပြီး ကော်ဖီတစ်ခွက် ဖျော်သည်။ ပေါင်မုန့်တစ်ချပ်ဖြင့် အဆာပြေစား၏။

စားသောက်ပြီး ပြန်ထွက်လာတော့ ဒေါ်ဝေ့အခန်းတံခါးကို တွန်းကြည့်၏။ ထိုအခါ အခန်းတံခါး အလွယ်တကူ ပွင့်သွားလျှင် ရေစီး ချောင်းကြည့်၏။

''ဟင်''

အခန်းမီး ထိန်ထိန်လင်းလျက်ဖြစ်ပေမယ့် အိပ်ရာပေါ်မှာ ဒေါ်ဝေ့ကို မတွေ့ရပါ။





ထိုအခါ ရေစီးမျက်လုံးလေး အပြူးသားဖြစ်သွားသည်။

''ဒေါ်ဝေ''

ယောင်ယောင်ရမ်းရမ်းနှင့်လည်း ဒေါ်ဝေ့ကို ခေါ်မိ၏။ ဘုရား ရော၊ ရေစီးရင်ဘတ်လေးပါ ဖိရင်း တခြားအခန်းတွေ လျှောက်ကြည့်၏။

မတွေ့။

တစ်တိုက်လုံးအနှံ့ ဘယ်နေရာမှမတွေ့ချေ။

ညကြီးမင်းကြီး ဒေါ်ဝေ ဘယ်ထွက်သွားတာလဲ။ သွားစရာရှိ ရင် ပြောဆိုသွားပါလား။ ခုတော့။

ရေစီး ရင်တထိတ်ထိတ်ခုန်ကာ၊ နီးရာဆိုဖာမှာ ကမန်းကတန်း ဝင်ထိုင်လိုက်ရသည်။ စိုးရိမ်တာလား၊ ကြောက်ရွံ့တာလား။ ဘာလား၊ ညာလား မသိတဲ့ ခံစားမှုက ဝေဒနာတစ်ရပ်နှယ်။ ညကြီးမင်းကြီး ရေစီးတစ်ယောက်တည်းမို့ စိတ်မှာ မလုံခြုံသလို ခံစားရ၏။

ဒါနဲ့ ချက်ချင်း စိတ်ကို ပြန်တင်းပြီး တိုးတိုးစံဖုန်းကို ခေါ် သည်။ ဖုန်းဝင်ပေမယ့် မကိုင်သေး။

ဒင်းလေး ဒီအချိန် အိပ်မောကျချိန် မဟုတ်လား။

မကိုင်မချင်း ရေစီး ခေါ်နေမိသည်။ အားမနာဘူးလို့ ဆိုချင် ဆိုပစေ။ လောလောဆယ် တစ်ယောက်ယောက်ရဲ့အသံလေး ကြားလိုက် ရရင် ရင်တထိတ်ထိတ်ဖြစ်တာတွေ ပြေတန်းကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ တိုးတိုးဘက်က ဖုန်းထူးသံကြားရ၏။

"ဟဲလို"

အိပ်ချင်မူးတူးနဲ့ တိုးတိုး ဖုန်းထူးတာက ရေစီးအတွက် ခွန်အားတစ်မျိုးပါပဲ။

"တိုးတိုးရေ မမပဲ"

"ဟင် မမရေစီး"

"ဟုတ်တယ် တိုးတိုးရဲ့"

"ဘာ..ဘာဖြစ်လို့လဲ မမရယ်"

တိုးတိုးမေးသံက အိပ်ချင်မူးတူးအသံတွေ ပျောက်ကာ ရေစီးအတွက် စိုးရိမ်မှုတွေ ပါနေပါသည်။

"ဟိုလေ ဒေါ်ဝေ"

"ဒေါ်ဝေ ဘာဖြစ်လို့လဲ မမ"

"ဒေါ်ဝေ မရှိတော့ဘူး"

"ဟင် ဒေါ်ဝေ မရှိတော့ဘူး ဟုတ်လား မမ"

"ဟုတ်တယ်၊ မမ တစ်ရေးနိုးလို့ ဆာလာတာနဲ့ ဒေါ်ဝေ့ကို ခေါ်ကြည့်တယ်၊ ထူးသံမကြားရဘူး၊ ရေစီးက ဒေါ်ဝေ အိပ်ပျော်နေတယ်လို့ပဲ ထင်တာ၊ မမဘာသာ ကော်ဖီဖျော်သောက်ပြီး ဒေါ်ဝေ့အိပ်ခန်းတံခါး ဖွင့်ကြည့်တယ်၊ အဲဒီတော့မှ အိပ်ခန်းထဲမှာ ဒေါ်ဝေမရှိမှန်း သိတယ်၊





ရှာကြည့်တာ တစ်တိုက်လုံးလည်း နှံနေပြီ တိုးတိုးရဲ့"

ရှင်းပြနေတဲ့ မမအသံလေးက စိုးရိမ်စိတ်ကြောင့် အနားသတ်တုန်ခါနေပါသည်။ ထိုအခါ တိုးတိုးစံလည်း စိုးရိမ်စိတ်ကလေးဖြစ်ကာ။

"နေဦး မမ၊ တိုးတိုး ဖုန်းဆက်ကြည့်မယ် ဒေါ်ဝေ့ကို"

"အေး ဆက်ကြည့်စမ်းပါ၊ ဒေါ်ဝေ့ဖုန်းနံပါတ် ရေစီး မသိဘူး"

"ဟုတ်ကဲ့ မမ၊ မမ စိတ်အေးအေးထား။ တိုးတိုး ဖုန်းဆက်ပြီးရင် မမကို အကြောင်းပြန်မယ်"

"အင်း"

"ဒါပဲနော် မမ"

"ဒါပဲ တိုးတိုး။ အကျိုးအကြောင်း ပြန်ပြောဖို့ မမေ့နဲ့"

"ဟုတ်ကဲ့ မမ"

ရေစီး ဖုန်းလေး အသာချရင်း သက်ပြင်းကြီး ချမိသည်။ သူမက နှလုံးအားနည်းနေတာနဲ့ ခုလိုဖြစ်လာတော့ နှလုံးအခုန်မြန်ကာ မူးချင်ချင် ဖြစ်လာသည်။

ထို့ကြောင့် အိပ်ခန်းထဲ ပြန်ဝင်ပြီး ဆေးသောက်ကာ မွေ့ရာပေါ် အသာလှဲနေလိုက်သည်။

လှဲနေရင်းလည်း တွေးတောမိသည်က ညကြီးအချိန်မတော် ဘယ်သွားစရာရှိလို့လဲ။ ရှိတယ်ဆိုလည်း ပြောဆိုပြီး သွားပေါ့။ ခုတော့။

www.burmeseclassic.com



ပွှန်း၊ သာသစေ။

ပြောဆိုပစ်မယ်လို့ ရေစီးစိတ်မှာ ခဲထားၿ၏။

ထိုစဉ်

"တီ တီ တီ"

ရေစီးရဲ့လက်ကိုင်ဖုန်းလေး မြည်လာသည်။ ရေစီး ဖုန်းကိုင်လိုက်လျှင် တိုးတိုးအသံ စီးဝင်လာသည်။

"မမရေ တိုးတိုးပဲ"

"ပြော၊ တိုးတိုး"

"ဟုတ်ကဲ့ မမ၊ ဒေါ်ဝေက အဒေါ်တစ်ယောက်ရဲ့အသုဘသွားတာတဲ့"

"ဘာ ဒီညကြီး ဘာအသုဘလဲ"

"ဟို၊ ဒီလို မမရဲ့၊ အသုဘက မရှိတော့ဘူး။ သင်္ဂြိုဟ်ပြီးသွားပြီ ဒေါ်ဝေ့အဒေါ်က ဆင်းရဲတော့ ဖဲဝိုင်းလုပ်တယ်လေ၊ အဲဒါ သွားစောင့်ပေးတာ"

"ကျွတ်၊ မဟုတ်တာတွေ"

"ဟုတ်တယ် မမရဲ့၊ ဖဲဝိုင်းမှာ အကောက်ကောက်ပေးတာ၊ ပြီးတော့ ဖဲကစားတဲ့လူတွေက အရက်သမားတွေလည်း ပါတော့ ဒေါ်ဝေလည်း မူးနေတယ်"





"ဘာ"

"ဟို၊ မူးတာက အရက်သမားတွေ ဖဲနိုင်လို့ အရက်တိုက်တယ်လေ၊ အဲဒါ ဒေါ်ဝေ အားနာနာနဲ့ သောက်မိပြီး မူးနေတယ်တဲ့"

"တောက်"

ရေစီး တောက်ခတ်ရင်း နှုတ်ခမ်းကိုက်မိသွားတာက ခံပြင်းလွန်းစွာ။ ထိုအခါ တိုးတိုးစံကလည်း ကမန်းကတန်းပဲ ဖြေရှင်းချက်ပေး၏။

"မမရယ် တိုးတိုး တောင်းပန်ပါတယ်၊ ဒေါ်ဝေ့ကို သူ့သူငယ်ချင်းတွေ လာပို့ပါလိမ့်မယ်၊ ဒေါ်ဝေ မူးနေတာကို ဘာမှမပြောပါနဲ့၊ နော် မမ၊ မနက်ကျရင် တိုးတိုး လာခဲ့မယ်၊ အခု ဒေါ်ဝေ့ကို ဒေါ်ဝေ့သူငယ်ချင်းတွေ လာပို့လိမ့်မယ်၊ မမ ဒါပဲနော်၊ မမ မမစိတ်ချ လက်ချ အိပ်လိုက်တော့၊ Good night မမ"

တိုးတိုးစံ ဒရောသောပါး ပြောဆိုဖုန်းချသွားလျှင် ရေစီး အံကြိတ်လိုက်၏။

ထို့နောက် လက်ကိုင်ဖုန်းကို ချပစ်ရင်း မိန်းမကြီးတန်မဲ့ အရက်သောက်ရတယ်လို့ ပြောမပြောချင်ဘူး။

လာပစေ။

ရေစီးလက်တစ်ဖက် ခါးထောက်ကာ လသာဆောင်သို့ ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေလိုက်သည်။ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။

"ဟင်"

ခြံဝင်းရှေ့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် လာရပ်၏။ လာရပ်တဲ့ကားက ရိုးရိုးမဟုတ်။ မြိုင်ကားအသစ်စက်စက်ကြီး။

ရှေ့ဆုံးကားရဲ့နောက်ခန်းကနေ ဒေါ်ဝေက ဒယီးဒယိုင် ဆင်းချလာသည်။

ပိုပြီးအံ့သြစရာကောင်းတာက ထိုမြိုင်ကားပေါ်မှာ ယောကျ်ားလေးတွေ။ အလွန်ဆုံးရှိလှ ရေစီးတို့အရွယ် လူငယ်တွေ။ အားလုံးကလည်း မူးမူးရူးရူး။

ဒေါ်ဝေက မိန်းမကြီးတန်မဲ့ ဘယ်လိုဖြစ်လို့ ဒီလူငယ်တွေနဲ့ သူငယ်ချင်းဖြစ်နေရတာလဲ။

ဘုရားရေ။

ဟိုတွေး ဒီတွေးနှင့် အံ့သြမှုလွှမ်းကဲနေတဲ့ ရေစီး။ ခြေလှမ်းတွေ ရွှေ့ဖို့ပင် မေ့နေသည်။

"ဟော့ ဒေါ်ဝေကြီး ဘိုင်ဘိုင်"

"ဒေါ်ဝေဆိုတဲ့ မိန်းမကြီး Good night"

"ဒိုးမယ်"

"ဝေးဟေးဟေး"





ကြည့်စမ်း ထိုလူငယ်တစ်သိုက် နောက်နောက်ပြောင်ပြောင်ပြောဆိုနှုတ်ဆက်ကြတာ မပြီးနိုင် မစီးနိုင်။

မိန်းမကြီးတန်မဲ့ ယောကျ်ားတွေနဲ့ ပရောပရီ။ ထိုကားနှစ်စီးပြန်လည်ထွက်သွားတော့ ဒင်းက ခြံဝင်းထဲ ဝင်လာသည်က အမူးလွန်နေတဲ့ ယောကျ်ားတစ်ယောက်အတိုင်း။

ရေစီးစိတ်က အလိုလို မသတီခြင်း ဖြစ်နေမိသည်။

ဒေါ်ဝေလို မိန်းမကြီးရဲ့သူငယ်ချင်းတွေက လူရွယ်ယောကျ်ားလေးတွေ ဖြစ်ကြရုံမက ကားအကောင်းစားတွေနဲ့။

မဟုတ်မှလွဲရော။

တစ်ခုခုတော့ တစ်ခုခုပဲ။

အဲဒီတစ်ခုခုက လွဲချော်မှု။ ဘာလွဲချော်မှုလဲ။ ရေစီး စုံစမ်းရမည်။ ဟုတ်တယ်။

ဒေါ်ဝေက မူးတဲ့အတိုင်း တိုက်ထဲဝင်လာသည်။ သူ့အခန်းထဲ သူ ယိုင်ထိုးယိုင်ထိုးနဲ့ ဝင်သွား၏။

အတန်ကြာတော့ ရေစီး အောက်ထပ်ဆင်းခဲ့သည်။

ဒေါ်ဝေ့အခန်းတံခါးကို ဖွင့်၏။

တံခါးက မပွင့်။

အထဲက ဂျက်ချလိုက်ပြီ ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းရင်တော့လား တွေ့ကြသေးတာပေါ့ ဒေါ်ဝေ။

ရှင်ကြီး ဘယ်လိုမိန်းမလဲလို့ လက်ညှိုးထိုးပြီးကို မေးမယ်။ ဟုတ်တယ်။

မေးကိုမေးမယ်။

✿ ✿ ✿



## အခန်း (၃၁)

မနက်ခင်းနေခြည်မှာ နွေးလျှလျှရှိ၏။

ပြတင်းတံခါးဖွင့်လိုက်သည်နှင့် နွေးလျှသော နေခြည်နှင့်အတူ လေနုလေးတို့ ပြေးဝင်လာသည်မှာ လတ်ဆတ်စွာရယ်။

ထိုလေနုအေးကို ရေစီး တစ်ရှိုက်ပြီး တစ်ရှိုက် ဖိရှူမိ၏။ လတ်ဆတ်သော လေနုအေးကို တစ်ရှိုက်မက်မက် ဝဝရှူလျှင် နှလုံးကျန်းမာရေးကောင်းလှ၏။

အန်တီသွေးပြောတဲ့အတိုင်း ရေစီး မနက်တိုင်း စောစောထ၍ နှလုံးကျန်းမာရေး လေ့ကျင့်ခန်းလုပ်နေမိသည်။ ထိုစဉ် မှုန်မှိုင်းလာသည်။ ထိုအချိန်မှာ ဒေါ်ဝေ့အခန်းထဲ ဝင်လာတာမို့ –



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းကိုင်လိုက် ဒေါ်ဝေ"

"ဟုတ်ကဲ့ မမ"

ဒေါ်ဝေက သယ်လာတဲ့ မနက်စာ စားတော်ဗန်းကို စားပွဲပေါ် တင်ပြီး ဖုန်းကိုင်လေသည်။

"ဟဲလို"

"ကိုယ် သစ်လွင်ထွန်းပါ၊ ရေစီးနဲ့ ပြောမလို့"

"မပြောနဲ့"

"ဘာ"

သစ်လွင်ထွန်း ဘာခံစားမှုဖြစ်သွားသလို အသက်ရှူလေ့ကျင့်ခန်း လုပ်နေတဲ့ ရေစီး လှည့်ကြည့်၏။

ဒေါ်ဝေက မျက်နှာထားနှင့်။

"ဟုတ်တယ်၊ မပြောနဲ့ဆိုတာ မမ သိပ်ကျန်းမာရေးမကောင်း လို့ ပြီးတော့ မမက ခင်ဗျားတို့လို ယောက်ျားတွေနဲ့ မပတ်သက်ချင်ဘူး။ ဒါကြောင့်ပါ"

"ဒီမှာ ရေစီး မပတ်သက်ချင်ရင် ရေစီးဘာသာ ကိုယ့်ကို ပြောပစေ၊ ခင်ဗျား ကြားကနေ ဘာမှဝင်ပြောစရာ မလိုဘူး"

"အိုး ပြောရမှာပေါ့၊ မပြောလို့ရမလား"

"နေစမ်းပါဦးကွာ၊ ခင်ဗျားက ရေစီးနဲ့ ဘာပတ်သက်လို့လဲ"





"အထိန်းတော်၊ ဒါပဲ"

ဒေါ်ဝေ ဘောက်ဆတ်ဆတ်ပြောရင်း ဖုန်းပိတ်လိုက်၏။ ရေစီး ရူးရူးစိုက်စိုက်ကြည့်ရင်း ဒေါ်ဝေကို နားမလည်အောင် ဖြစ်ရလေသည်။

အသက်ရှူလေ့ကျင့်ခန်းလုပ်တာကို ရေစီး ရပ်လိုက်ရသည်။

"ဒေါ်ဝေ"

"ဗျာ"

"ဘာ၊ ဘယ်လိုထူးလိုက်တယ်"

"ဗျာ၊ ဗျာမျှားသွားတယ်လို့ ပြောမလို့ပါ မမရယ်၊ ဘယ်လို ကြီးလည်း မသိဘူး၊ မမနဲ့ ပြောမယ်လို့ ဖွတ်ပြောတာ၊ အဲဒါကြောင့် ဒေါ်ဝေက"

"တော်စမ်းပါ"

ရေစီး စိတ်မရှည်နိုင်တော့ပါ။ ယတိပြတ်ပြောလျှင် ဒေါ်ဝေ မျက်နှာလေး အောက်ချလေသည်။

"ဒေါ်ဝေ ရှင်ဟာ သာမန်နဲ့မတူတာ သေချာနေပြီ"

"ဗျာ"

လို့ မထွက်မိအောင် ဒေါ်ဝေ ပါးစပ်ပေါက်ကို ကမန်းကတန်း ပိတ်လိုက်သည်။ ဒေါ်ဝေ့ရှေ့ ရေစီး တိုးလာလျှင် ဒေါ်ဝေ မလုံမလဲဖြစ် ပြီး ခြေလှမ်းတွေ နောက်ဆုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးက ဒေါ်ဝေကို စိုက်ကြည့်ပြီး –

"ပြောစမ်းပါ ဒေါ်ဝေ၊ ရှင် မိန်းမစစ်စစ်ဟုတ်ရဲ့လား"

"အဲ"

ဒေါ်ဝေ့တစ်ကိုယ်လုံး တွန့်ခနဲဖြစ်သွားကာ ခြေလှမ်းတွေ ပို၍ နောက်ဆုတ်သွားလေသည်။ ပြီးတော့ ပျာယာခတ်သလို ဖားလျားဖြစ်နေတဲ့ ချည်ကွက်အင်္ကျီရှည်ပွပွကို ဟိုဆွဲချ ဒီဆွဲချ ပြုရင်း –

"ဟိုလေ၊ မမ မနက်စာ စားလိုက်ဦးနော်၊ ဒေါ်ဝေလေ ဟိုဟာင်း ဟာင်းအိုးတည်ထားမိသလားပဲ"

ပြောပြောဆိုဆို ခြေလှမ်းတွေ နောက်ဆုတ်ရင်း လှည့်ထွက်သွားလျှင် ရေစီး အံကြိတ်လိုက်၏။

ခေါင်းကိုလည်း တစ်ဆက်တည်းခါရင်း။

တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးမိလေသည်။

ဒီကိစ္စ ပေါ့သေးသေး မဖြစ်နိုင်တော့ပါ။

နေနှင့်ဦးပေါ့ ဒေါ်ဝေ။

✿ ✿ ✿



## အခန်း (၃၂)

"တောက်"

ထိုမြင်ကွင်းမှာ ရေစီးစိတ်ကို ဝုန်းခနဲ ပေါက်ကွဲစေသည်။ ထိုအခါ ရေစီး တောက်ခတ်မိလျက်သားဖြစ်ကာ ထိုင်နေရာမှလည်း ထပြီးသား ဖြစ်လေသည်။

"ရေစီး"

"မရေစီး"

ဦးသစ်လွင်ထွန်းနှင့်စိန်ကုန်သည် ဒေါ်မမကြီးတို့ ပြိုင်တူခေါ်လျှင် ဝုန်းခနဲ ထမိသည့် ရေစီးကိုယ်လေး တောင့်မတ်သွား၏။

ပြီးတော့ သတိလည်း ဝင်ကာ ထိုမြင်ကွင်းဆီမှ အကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရုပ်သိမ်း၏။ ထို့နောက် ရှေ့မှာရှိနေသည့် လုပ်ငန်းရှင်နှစ်ယောက်ကို အားတုံ့အားနာဖြစ်ပြီး ရေစီး ပြန်ထိုင်လေသည်။

"ဆောရီး"

နှုတ်ကလည်း အလိုလို တောင်းပန်ပြီးသားဖြစ်၏။

"ရပါတယ်"

"ဒါနဲ့ ဘာဖြစ်လို့လဲ၊ မမကြီးတို့ ဆွေးနွေးတဲ့ကိစ္စမှာ မရေစီး အနေနဲ့များ ဘဝင်မကျတာရှိလို့လဲ"

ဦးသစ်လွင်ထွန်းက 'ရပါတယ်' လို့ ပေါ့ပေါ့လေး လက်ခံပေမယ့် ဒေါ်မမကြီးက ပွင့်ပွင့်လင်းလင်း ထုတ်မေး၏။

ရုတ်တရက် လွတ်ထွက်သွားတဲ့ ရေစီးစိတ်ကြောင့် ဒေါ်မမကြီးတို့ကို ရေစီး အားနာရကာ ပျာပျာသလဲ ရှင်းပြရလေသည်။

"မ မဟုတ်ပါဘူး။ မမကြီးတို့ ကမ်းလှမ်းတဲ့ကိစ္စနဲ့ မဆိုင်ပါဘူး။ ရေစီးရဲ့ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပါ၊ ဆောရီးပါ၊ ရေစီး ထပ်ဆင့်တောင်းပန်ပါတယ်၊ ဒေါ်မမကြီးနဲ့ ဆွေးနွေးတဲ့ကိစ္စ ရေစီး သဘောကျပါတယ်၊ ငြင်းပယ်စရာ အကြောင်းမရှိပါဘူး"

"တကယ်ပြောတာလား ရေစီး"

ဦးသစ်လွင်ထွန်းမေးလျှင် ရေစီး လေးလေးနက်နက် ခေါင်းညိတ်၏။





"ရေစီး တကယ်ပြောတာ၊ ကိုသစ်လွင်ထွန်းကိုလည်း ကျေးဇူးတင်ပါတယ်၊ အခု ဆွေးနွေးတဲ့အတိုင်းပဲ အတည်ပြုမယ်၊ ပြီးတော့ စာချုပ်ချုပ်ကြတာပေါ့ မမကြီးရယ်၊ နော်"

"ဝမ်းသာလိုက်တာ ရေစီးရယ်၊ မမကြီးက ရုတ်တရက်ဆိုတော့ ထိတ်ခနဲဖြစ်သွားတာပဲ"

"ဆောရီးပါ"

ရေစီး ထပ်တလဲလဲ တောင်းပန်မိ၏။

"ရပါတယ်၊ အရေးကြီးတာက လုပ်ငန်းကိစ္စ ဆွေးနွေးတယ် ရေစီးဘက်က လက်ခံလို့ မမကြီး ဝမ်းသာပါတယ်၊ ရေစီးကို ကျေးဇူးလည်း တင်တယ်၊ ဒါကြောင့် ဆွေးနွေးပွဲထမြောက်ခြင်း အထိမ်းအမှတ်နဲ့ နေ့လယ်စာ စားကြမယ်လေ၊ မမကြီး စီစဉ်ထားတယ်၊ ရေစီး နေ့လယ်စာ အတူတူစားကြမလား"

ဒေါ်မမကြီး လှိုက်လှိုက်လှဲလှဲ ပြောလာသည်။ ရေစီးဘက်က စိတ်လွတ်ကိုယ်လွတ် တောက်ခတ်တဲ့ဖြစ်စဉ်ရှိနေတာမို့ ရေစီး ခေါင်းလေး အသာညိတ်ရလေသည်။

"အိုကေ"

ဦးသစ်လွင်ထွန်းက ဝမ်းအသာဆုံးဖြစ်ရလေသည်။ ထို့နောက် သုံးယောက်သား အဆင့်မြင့်ကော်ဖီဘားမှထကာ ဒေါ်မမကြီး စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အတိုင်း ယိုးဒယားထမင်းဆိုင်သို့ လိုက်ပါခဲ့ရလေသည်။

မမကြီးတို့နှင့် နေ့လယ်စာ စားနေရပေမယ့် ရေစီးစိတ်နဲ့ ရေစီးမြင်လွှာမှာ ထိုမြင်ကွင်း လွှမ်းမိုးနေဆဲပါ။

✿

ရေစီးတို့ လုပ်ငန်းကိစ္စဆွေးနွေးရင်း၊ သက်သောင့်သက်သာ ထိုင်နေကြတဲ့ ကော်ဖီဆိုင်က မှန်အကြည်ရောင်တွေနဲ့မို့ လေးဖက်လေးတန် မြင်ကွင်းကို အတိုင်းသား မြင်ရလေသည်။

ထိုအခါ ကော်ဖီဆိုင်ရဲ့မျက်နှာချင်းဆိုင်တွင် ဘီယာနှင့်အကင်မျိုးစုံရောင်းသည့် စားသောက်ဆိုင်ရှိ၏။

ထိုစားသောက်ဆိုင်ရှေ့ ပြိုင်ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် လာရပ်တာမြင်လျှင် ရေစီး တအံ့တသြ ကြည့်မိ၏။ ထိုပြိုင်ကားနှစ်စီးကား ဒေါ်ဝေ့ကို လာပို့တဲ့ ညက ပြိုင်ကားနှစ်စီး။ ရေစီး မှတ်မိနေသည်။

ရေစီးကြည့်နေရင်းနဲ့ ပြိုင်ကားပေါ်မှ လူရွယ်အုပ်စု ဆင်းလာသည်။ အားလုံးပေါင်း လေးယောက်။ ထိုလူရွယ်တွေကလည်း ထိုညက ဒေါ်ဝေ့ကို လိုက်ပို့တဲ့သူတွေပဲ။





ထိုလူရွယ်ထဲမှာ တစ်ယောက်က ထင်ထင်ရှားရှား။ အနီရောင်ကိုယ်ကျပ်တီရှပ်နှင့်အသားကပ်လို ဘောင်းဘီရှည်နှင့်မို့ ထင်ရှားနေသည်။

ထိုကားနဲ့ ထိုလူရွယ်တွေကိုကြည့်ရင်း ရေစီးမြင်လွှာမှာ ထိုညက ပုံရိပ်တွေ မြင်လာသလို။ ထိုပုံရိပ်တွေအတိုင်း ထပ်တူခံစားရ၏။ ထို့ပြင် တီရှပ်နဲ့လူရွယ်ကို ကြည့်နေရင်း ဒေါ်ဝေရဲ့ပုံစံကို မြင်ယောင်လျှင် ရေစီး ထိတ်ခနဲဖြစ်သွား၏။

ဘုရားရေ။

ရင်ထဲမှ ဘုရားတမိသွား၏။

သူငယ်ချင်း တရုန်းရုန်းနဲ့ ထိုလူရွယ်က ဒေါ်ဝေများလား။

ဘုရားရေ။

နောက်တစ်ကြိမ် ရင်ထဲဘုရားတမိလျှင် ရေစီး ပို၍မယုံနိုင်အောင် ဖြစ်ရလေသည်။

မှုးနေတဲ့ ဒေါ်ဝေ။

သူ့မထက် ခေါင်းတစ်လုံး ပိုမြင့်နေတဲ့ ဒေါ်ဝေ။

တစ်ကိုယ်လုံးအနှံ့ သနပ်ခါးတွေ ထူးပိန်းနေအောင် လိမ်းကျံ၍ ထဘီအပွင့်ကြီးကြီး။ အင်္ကျီလက်ရှည်၊ လည်ပင်းစေ့ကို ပုဝါကြီးဝတ်ဆင်တဲ့ ဒေါ်ဝေ။

မိန်းမကြီးပုံစံမျိုးဖြစ်အောင် ဆံပင်ပွပွကြီးထုံးဖွဲ့၍ မျက်မှန်



www.burmeseclassic.com

www.burmeseclassic.com



ထူထူကြီး တပ်ထားသေးသည်။

အသက်အရွယ်နဲ့မလိုက်အောင် သွက်သွက်လက်လက်ရှိနေတာ

လည်း အံ့ဩရသည်။

တစ်ခါတစ်ရံ ဗျာနဲ့ ထူးတတ်သလို၊ အတွေ့အထိက မိန်းမ

မဆန်။ ဒါပြင်။

ဒါပြင်။

ရေစီး တွေးတောမြင်ယောင်မိလေ ထိုတစ်ယောက်က ဒေါ်ဝေ

နဲ့ ပိုတူလာလေ။

ဟင့်အင်း။

ပိုတူတာ မဟုတ်ဘူး။ ဒေါ်ဝေပဲ ဖြစ်ရမယ်။ ဟုတ်တယ်။

ရေစီးစိတ်ထဲမှာ ယတိပြတ်ခံစားရလျှင် ဒေါသတို့ ဖြစ်တည်စေသည်။

ထို့ကြောင့် ဝုန်းခနဲ ပေါက်ကွဲကာ –

'တောက်' ခတ်မိခြင်းဖြစ်လေသည်။

ရေစီးစိတ်ထဲ ဖြစ်တည်တဲ့အတိုင်း ထိုအုပ်စုဆီ ရေစီး ဦးတည်

သွားမည်။ ဦးသစ်လွင်ထွန်းနဲ့ဒေါ်မကြီးခေါ်သံ ကြားလိုက်ရမှ အလုပ်ကိစ္စ

ကို အသိဝင်လာတာမို့။

✿ ✿ ✿



## အခန်း (၃၁)

"ဒေါ်ဝေ"

ရေစီး ဖိခေါ်လိုက်လျှင် ဒေါ်ဝေ ပျာပျာသလဲ ရောက်ရှိလာ

သည်။ လက်တစ်ဖက် ခါးထောက်ရပ်နေတဲ့ ရေစီးကိုမြင်လျှင် ဒေါ်ဝေ

မလုံမလဲနဲ့ ခြေလှမ်းနောက်ဆုတ်သလို ဖြစ်သွားသည်။

စူးစူးစိုက်စိုက်ကြည့်နေတဲ့ ရေစီးကို ဒေါ်ဝေ ပြန်မကြည့်ဘဲ

မျက်မှန်ထူထူနောက်မှာ မြင်လွှာကို ချထားရင်း –

"ဘာ ဘာခိုင်းမလို့လဲ မမ"

"ခိုင်းမလို့မဟုတ်ဘူး။ မေးမလို့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ အသံမထွက်မိအောင် ဒေါ်ဝေ နှုတ်ခမ်းကို ဆွဲကိုက်လိုက်ပြီး –

"ဘာ ဘာမေးမလို့လဲဟင်"

"ဘာပဲမေးမေး ရှင် ရေစီးမျက်နှာကို တည့်တည့်ကြည့်ပြီးဖြေ"

ရေစီးပြောစကား နောက်မှာ ဒေါ်ဝေ့တစ်ကိုယ်လုံး တွန့်ခနဲဖြစ်သွား၏။

"ကဲ ရေစီးမျက်နှာကို ရှင် တည့်တည့်ကြည့်စမ်းပါ"

ရေစီးပြောလျှင် ဒေါ်ဝေ မျက်လွှာချထားဖို့ ခက်ခဲသွား၏။ စိတ်မှာလည်း ဂနာမငြိမ်ဖြစ်ကာ မာနရောင်စဉ်တွေ လွှမ်းနေတဲ့ ဘော့စ်မမကို အသာကြည့်ရလေသည်။

ထိုအခါ ရေစီးလက်က စားပွဲပေါ်ရှိ ရေခွဲထည့်ထားသော ရေဖန်ခွက်ကို ကောက်ကိုင်ပြီး မျက်နှာတည့်တည့် အားထည့်၍ ပက်လိုက်မိ၏။

"အား"

မထင်မှတ်ဘဲ ရေနဲ့ အပက်ခံရတော့ ဒေါ်ဝေ လန့်ခနဲဖြစ်ကာ မျက်နှာပေါ်မှ ရေတွေ ပွတ်ချ၏။ ထိုသို့ပွတ်ချလျှင် မျက်မှန်ကျွတ်ကျသွား၏။

ရေစီးက နောက်ထပ် ရေတစ်ခွက်ဖြင့် ဒုတိယအကြိမ် ပက်





လိုက်လျှင် ဒေါ်ဝေ့လက်နဲ့ ပွတ်ပြီး ရေစတွေ စင်အောင် သုတ်ပြန်၏။

ထိုအခါ သနပ်ခါးထူထူက ရေနဲ့အတူ ပါသွားကာ သနပ်ခါးအောက်က မျက်နှာ ဘွားခနဲပေါ်လာသည်။

ဖန်ခါစေ့ပုံ မျက်ဝန်းအိမ်ကျယ်ကျယ်နဲ့ ဖြောင့်စင်းသော နှာတံ၊ သွယ်လျသော မျက်နှာ၊ နိုင်မာသော မေးဖျားဝန်းကျင်မှ ရိပ်သင်ထားလို့ ပြန်တက်စ မွှေးညင်းငုတ်တွေနဲ့ ယောကျ်ားတစ်ယောက်၏မျက်နှာ ထား။

ထိုအခါ –

ရေစီးစိတ်ထဲမှ သံသယဖြစ်မိသည့် ယောကျ်ားတစ်ယောက်ဖြစ်နေသဖြင့် ရေစီး မျက်လုံးအပြူးသားဖြစ်သွားသည်။

ဘုရားရေ။

"ရှင် ရှင်"

ရေစီး လက်ညှိုးလေးထိုးမိလျက်သားနှင့် ငြိမ်သက်သွားသည်မှာ သတိလက်လွှတ်။

ထို့နောက် စိတ်လှုပ်ရှားကာ အသက်ရှူ မှန်းကျပ်လျက်၊ မျက်ရည်တွေ ဟောခနဲကျလာသည်။

ဒေါ်ဝေလည်း ရုတ်တရက်မို့ သတိလက်လွှတ်ဖြစ်ပြီး ရေတွေ သုတ်မိခြင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိရလျှင် အရာရာ နောက်ကျသွားလေသည်။

သူ့ကို လက်ညှိုးတထိုးထိုးနှင့် ပြောမယ့်စကားလုံးတွေ ရေစီး နှုတ်က ထွက်မလာတော့ပါ။

စားပွဲပေါ်က ရေအင်နှင့် ကောက်ပေါက်၏။ ထိုအခါ ဒေါ်ဝေ့ ခေါင်းမှ ဆံပင်အုံကြီးကို တိုက်မိကာ ဆံထုံးကြီး ရွဲ့စောင်းကျိုးကျ၏။

"အဲ"

"ရှင် ရှင် လူယုတ်မာ၊ အယောင်ဆောင်သမား၊ သွား ထွက်သွား၊ နေဦး မသွားနဲ့၊ ရှင့်ကို ရဲလက်အပ်မယ်"

ရေစီးစိတ်ထဲက ဖြစ်လာတဲ့အတိုင်း ရဲစခန်းသို့ ဖုန်းဆက်လေသည်။

"ရေစီး"

ယောက်ျားသံ ပီပီသသကြီး ကြားရလေသည်။

"နင် မခေါ်နဲ့၊ လူယုတ်မာ"

ရေစီးစိတ်ကို ရေစီး ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ပါ၊ ပိပိရိရိ အညာခံနေရတဲ့ဖြစ်စဉ်။ ကြည့်စမ်း။

ရေစီး မုန်းတီးရွံရှာရတဲ့ ယောက်ျားတွေက ရေစီးကို တစ်နည်းမဟုတ် တစ်နည်းနဲ့ အကွက်ကျကျ စိတ်ဒုက္ခပေးဖို့ ချဉ်းကပ်ခဲ့သည်။

ခုတော့။





"ရေစီး ကျွန်တော် တောင်းပန်ပါတယ်၊ ဖုန်းမဆက်ပါနဲ့"

သူ ကမန်းကတန်းပြောရင်း မမလက်ထဲက ဖုန်းကို ဆွဲလု၏။

"ဟင်"

ဖုန်းက ရေစီးလက်ထဲက လွတ်ကျ၏။

"တောက် လူယုတ်မာ"

သူ့ကို ဆွဲလွှဲရိုက်ဖို့ပြင်လျှင် ရေစီးခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ ရင်ထဲမှာလည်း စို့ကျပ်လျက်။ တလှပ်လှပ်။

ထိုနောက်မှာ ရေစီးကိုယ်လေးကို ရေစီး မထိန်းနိုင်ဖြစ်၏။

"ရှင့်ကို ဒီတစ်သက် ခွင့်မလွှတ်ဘူး။ ရွံတယ်၊ မုန်း"

ရေစီးစကားလုံးတွေ မဆုံးလိုက်ပါ၊ ထိန်းမနိုင်ဖြစ်သော ရေစီးကိုယ်လေး ယိုင်နဲ့ကျသွားလျှင်။

"ရေစီး"

ဘယ်ခေါ်သံကိုမှ ရေစီး မကြားနိုင်တော့ပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ရေစီး သတိရလျှင် ရင်ထဲမှာ မောလျှသလို ခံစားနေရသည်။ တစ်စုံတစ်ခုခု အဖိခံထားရသလို ရင်မှာ လေးလံလျက်။ မျက်ရည်ပူတွေ တသောသောကျ၏။

တိုအချိန်တွင် ရေစီးလက်ဖဝါးကို ကြင်ကြင်နာနာ ဆုပ်ကိုင်ခြင်းခံရလေသည်။ နွေးထွေးသော ထိုခံစားမှုကြောင့် ရေစီးမြင်လွှာကို အားယူပြီး ဖွင့်ကြည့်လျှင် ခပ်ဝါးဝါးပုံရိပ်တစ်ခု။

"ရေစီးလေး"

ထိုပုံရိပ်က ရေစီးကို ကြင်ကြင်နာနာခေါ်နေပါသည်။

ထိုအခါ ရေစီးရင်ထဲမှာ တီးတိုးခေါ်မိသည်။





"အန်တီသွေး"

"ဟုတ်တယ်၊ ရေစီး ဘာမှစိတ်မပူပါနဲ့၊ အန်တီသွေး ရှိပါတယ်"

"ဟင့်"

ရေစီး စိတ်ထိခိုက်စွာ တစ်ချက်ရှိုက်မိသည်။

"ရေစီးလေး ဘာဖြစ်ချင်လဲ၊ အန်တီသွေးကိုပြောလေ၊ အန်တီသွေး အားလုံးဖြည့်ဆည်းပေးမယ်၊ လောလောဆယ် ရေစီးလေး အနားယူဖို့ လိုတယ်၊ ရောဂါဆိုတာ မွေးထားလို့မရဘူး၊ ဒီရောဂါမျိုးက စိတ်နဲ့ အများကြီး သက်ဆိုင်တယ်၊ ထစ်ခနဲဆို စိတ်က ပေါက်ကွဲတာနဲ့ ရောဂါက ကြွလာတာပဲ၊ ဒါကြောင့် အန်တီသွေးပြောတာ နားထောင်ပါကွယ်၊ လောလောဆယ် ရေစီး ဘာဖြစ်ချင်လဲ ပြောလေ"

"တိုးတိုးကို ခေါ်ပေးစမ်းပါ"

ရေစီး ရှိုက်ရင်းတန်းလန်း အံကြိတ်လျက် ပြောလိုက်၏။ အန်တီသွေးက သက်မချရင်း အခန်းပြင်ထွက်သွား၏။

မွေ့ရာပေါ် အလျားလိုက်လှဲနေတဲ့ ရေစီးကိုယ်ကို ရေစီး ရုန်းထဖို့ ကြိုးစားချင်စိတ် ဖြစ်၏။ သို့သော်လည်း ခွန်အား ကုန်ခမ်းနေသလို ဖြစ်ကာ ခေါင်းထောင်တာနဲ့ ရင်ထဲက တလှပ်လှပ်ဖြစ်သလို မိုက်ခနဲလည်း ရှာ၏။

ထို့ကြောင့် ခေါင်းအုံးပေါ်က ခေါင်းကို မကြွတော့ဘဲ ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ စိတ်ထဲမှာတော့ ပေါက်ကွဲချင်စိတ်က တာဆူနေဆဲ။

ဒီလိုတွေဖြစ်ရတာ ဘာကြောင့်လဲ။ ရေစီးကို ဝိုင်းပြီး လက်စားချေနေကြတာလား။ ဒီမိန်းမ ယောကျ်ားတွေကို မုန်းတယ်၊ ရွံတယ်လို့ ဟစ်ကြွေးနေတာ အမြင်ကတ် ဖို့ ကောင်းတယ်။

ဒါကြောင့် ယောကျ်ားတစ်ယောက်ကို မိန်းမလို ပြင်ဆင်ပြီး ထားလိုက်တာ ဒင်း ဘာတတ်နိုင်သေးလဲလို့ တိုးတိုးကအစ မိမ္မူအလယ် ဒေါ်မယ်အိတို့အဆုံး နောက်ကွယ်မှာ ဟားတိုက်ရယ်မောပြီး အနိုင်ယူနေကြမှာလေ။

ထိုသို့တွေးမိလေ ရေစီးနှလုံးသားထဲမှ ရှက်စိတ်တွေ မွန်ထူပြီး ပေါက်ကွဲချင်လေ။ တို့ကို အလုပ်ဖြုတ်တဲ့ မာနရေစီး။ တို့အုပ်စု ပူးပေါင်းကြံစည်သမျှ ခံပေတော့လို့ ပြောနေတဲ့ မျက်နှာတွေ။

ဟင့်အင်း။

ရေစီး ဘယ်မျက်နှာကိုမှ မမြင်ချင်ဘူး။ လုံးဝမမြင်ချင်ဘူး။ ထိုစဉ် အန်တီသွေးနောက်က ကပ်ပါလာတဲ့ တိုးတိုးစံကို မြင်လျှင် ရေစီး လွှတ်ခနဲ ပေါက်ကွဲလေသည်။

"သွား ထွက်သွား"

ရေစီး ဒေါသတကြီး နှင်ထုတ်မိလျှင် အန်တီသွေးအနားရောက်လာပြီး ခေါ်သည်။





"ရေစီးလေး"

"မခေါ်နဲ့"

အန်တီသွေးခေါ်သံ ကြားရသော်လည်း ရေစီး ထိုသို့အော်ဟစ် နှင်ထုတ်နေမိသည်။

"မမ"

"မခေါ်နဲ့ တိုးတိုး၊ နင် သစ္စာဖောက်တာ၊ ငါ့ဘဝကို အမည်းစက်စွန်းအောင် နင်လုပ်တယ်၊ နင့်ကို ငါ လုံးဝခွင့်မလွှတ်ဘူး။ နင့်မျက်နှာ ငါ မမြင်ချင်ဘူး၊ နင့်ကို အလုပ်ဖြုတ်လိုက်ပြီ၊ အိုး အဲဒီစက်ရုံကိုပါပိတ်"

"ရေစီးလေး"

အန်တီသွေးက စိုးရိမ်တကြီးနဲ့ ရေစီးလက်မောင်းကို လာရောက်ဆုပ်ကိုင်လေသည်။

"အန်တီသွေးရယ်၊ ရေစီးပြောတာကို အန်တီသွေး လုပ်ပေးစမ်းပါ"

"အေး အေးပါ သမီးရယ်"

အနှင်ခံရလို့ မျက်စိမျက်နှာပျက်နေတဲ့ တိုးတိုးစံကို ဒေါ်သွေးသွေး မျက်ရိပ်ပြ၏။ သဘောကတော့ ရေစီးရဲ့မြင်ကွင်းရှေ့မှ ရှောင်နေစေဖို့ ဖြစ်သည်။

တိုးတိုးစံ ထွက်သွားလျှင် အန်တီသွေး သက်မကြီးချ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ရေစီးလက်ဖဝါးကို ကြင်နာစွာ ဆုပ်ကိုင်၍ –

"ကဲပါ ရေစီးလေးရယ်၊ ရေစီးလေး ဖြစ်ချင်တာကို အန်တီသွေး အားလုံးလုပ်ပေးမယ်၊ ဟုတ်ပြီလား။ လောလောဆယ် ရေစီးသဘော အတိုင်းပဲ၊ စက်ရုံပိတ်ထားမယ်၊ တိုးတိုးကိုလည်း အလုပ်က ထုတ်လိုက်မယ်၊ နော် ရေစီးလေး"

"မြန်မြန်ထုတ်ပစ်လိုက် အန်တီသွေးရယ်၊ ရေစီးအပေါ် သစ္စာဖောက်တဲ့သူတွေ"

"အေးပါကွယ်၊ အေးပါ၊ ကဲ ကဲ ရေစီး စိတ်လျှော့လိုက်ပါ ကလေးရယ်၊ နော်၊ အန်တီသွေးကို ယုံစမ်းပါ။ လောလောဆယ် ရေစီးလေး အနားယူလိုက်၊ အိပ်လိုက်ဦးနော် သမီး"

ဒေါ်သွေးသွေး စာနာစိတ်အပြည့်နဲ့ ချော့မော့နေသည်က သူမလေးကို သမီးရင်းသဖွယ် ချစ်ခင်နေလို့ဖြစ်သည်။

ရေစီးလေးရဲ့ ပြင်းထန်စိတ်က ရေစီးဘဝ၊ ရေစီးကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့်မို့လည်း ဆရာဝန်တစ်ဦးရဲ့စေတနာဖြင့်လည်း ချော့မော့ခြင်း ဖြစ်သည်။

သူမ ချော့မော့တော့လည်း သူမလေး ငြိမ်သက်ကာ မြင်လွှာလေးချ၏။ ဒီလိုကျတော့လည်း ကလေးလေးလိုပါပဲလားကွယ်။

✿ ✿ ✿

အခန်း (၃၅)

"ရေစီးကို ကျွန်တော် ချစ်တယ်၊ ချစ်လွန်းလို့လည်း အနီးဆုံးမှာ နေခွင့်ရအောင် ကြိုးစားခဲ့တာပါ အန်တီသွေး"

"ဘုရားရေ"

ကြားလိုက်ရတဲ့ စကားလုံးတွေက ရင်ကို ဒိုင်းခနဲမှန်းကာ ရင်ခွင်တစ်ခုလုံး လျှောင်လှပ်သလို ရေစီး ခံစားလိုက်ရသည်။

"ချစ်လွန်းလို့တဲ့"

"ဟင့်အင်း"

ရေစီး ဘာမှမကြားလိုဘူး။ ရေစီးကို ချစ်ဖို့လည်း မလိုဘူး။ အနီးဆုံးမှာလည်း နေခွင့်ရအောင် ကြိုးစားဖို့မလိုဘူး။ ရေစီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေရဲ့အချစ်ကိုလည်း တမ်းတနေတဲ့ မိန်းကလေးမဟုတ်ဘူး။

ရွံ့ရှာစိတ်နဲ့ မုန်းတီးနေတဲ့ မိန်းကလေးပါ။

ဒါကြောင့် ထိုအသံတွေ ပေါ်ထွက်နေတဲ့ ဧည့်ခန်းထဲ ခြေဦး လှည့်ကာ ကျွန်းလှေကားနားရှိ စားပွဲရှည်ပေါ် အလှဆင်ထားသည့် ပန်းအိုးကိုပါ တစ်ပါတည်း ရေစီး ဆွဲယူခဲ့သည်။

"ဒီမှာ"

ရေစီးကို ဘွားခနဲမြင်လျှင် အန်တီသွေး ထိတ်ခနဲဖြစ်သွားသည်။ သူက ဧည့်ခန်းဝဘက် ကျောပေးထိုင်နေသည့် ဆိုဖာခုံမှ နောက်လှည့် ကြည့်၏။

မျက်အိမ်ကျယ်သော သူ့မျက်ဝန်းသည် စူးစူးရှရှရှိလှရုံမက ရေစီးကို စိုက်ကြည့်လိုက်သည်က ရေစီးရဲ့မာနစိတ်ကို ဖရိုဖရဲဖြစ်သွား သလို ရှိ၏။

ဟင့်အင်း။

ရေစီးဟာ မာနကြီးတဲ့မိန်းကလေး။ ဒီလိုအကြည့်တွေကို ပျော့ ဝင်မယ့် မိန်းကလေးမဟုတ်ဘူး။ ဒါကြောင့် စိတ်ကို ရေစီး ပြန်လည် မောင်းတင်၏။

သူက ကြည့်နေရုံမက ထိုင်နေရာမှထရင်း ရေစီးဆီ လျှောက် လာ၏။





"ရေစီး"

"ရှင် ကျွန်မနာမည် မခေါ်နဲ့။ ခုချက်ချင်း ကျွန်မတိုက်ထဲက ထွက်သွား။ ရှင် ထွက်မသွားရင် ကျွန်မစိတ်ထဲရှိတဲ့အတိုင်း လုပ်မိလိမ့် မယ်"

"ရေစီး ဘာလုပ်ချင်လဲ ပြောလေ"

မေးရင်း သူ့ရှေ့တိုးလာလျှင် ရေစီးခြေလှမ်းနောက်ဆုတ်ပြီး–

"ရှင် ရှေ့တိုးမလာနဲ့နော်"

ဪ သွေးသွေး ပျာယာခတ်ရလေပြီ။ ဒီလူငယ်နှစ်ယောက်ကြား မှာ ဘယ်လိုဖြေရှင်းပေးရမှန်း မသိတော့ပါ"

ရေစီး ရှေ့ကိုတိုးသွားတဲ့ ထိုလူငယ်ကိုလည်း ဆွဲတားဖို့ ခက်လှ သည်။ ထိုလူငယ်ကလည်း သူ့ရင်ထဲမှာ လေးလေးနက်နက် ခံစားနေရ တဲ့ ချစ်စိတ်ကြောင့် ရေစီးရှေ့ကိုသာ တိုးသွားလေ၏။

ရေစီးက ခြေတစ်လှမ်းနောက်ဆုတ်သလို ပန်းအိုးကိုင်လက်ကို လည်း မြှောက်ထား၏။

လူငယ်ကလည်း မမှု။

"ရေစီး ကိုယ့်ကို ဘာလုပ်ချင်လဲ ပြောလေ"

"အဲလိုလုပ်ပစ်ချင်တယ်ဟာ၊ ကဲဟာ"

ပြောဆိုရင်း ရေစီး တကယ်လွှဲရိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား"

"ရေစီးလေး"

ဒေါ်သွေးသွေး ပြေးလာပြီး ဆွဲပေမယ့် နောက်ကျသွားလေပြီ။ သူ့ရဲ့ဘယ်ဘက်ချိုင်းမှာ သွေးတွေဖြာခနဲ စီးကျ၏။ ဒါတောင် သူ မမှုသေးပါ။

"ရေစီး ကျေနပ်ပြီလား"

"မမေးနဲ့"

"ကိုယ်မေးနေတာက ရေစီး မကျေနပ်သေးရင် ကျေနပ်တဲ့ အထိ လုပ်စမ်းပါ၊ ကိုယ် ကျေကျေနပ်နပ်ကြီး ခံရဲတယ်"

"ရှင် ထွက်သွား သွား"

"ရေစီးက ထွက်သွားဆိုရင် ကိုယ် ထွက်သွားပေးမယ်၊ ဒါပေမဲ့ ကိုယ့်နှလုံးသားထဲက ချစ်တဲ့စိတ်ကိုတော့ ရေစီး မောင်းထုတ်လို့ မရပါဘူး။ ရေစီးကို ကိုယ်ချစ်တယ်၊ ရေစီးကို ချစ်ခဲ့တာ ခုမှမဟုတ်ဘူး။ ညီ ထက် အရင်ချစ်ခဲ့တာပါ"

"မပြောနဲ့ မကြားချင်ဘူး"

ရေစီးလက်နှစ်ဖက်နဲ့ နားကို ပိတ်ထားလိုက်သည်။

"အန်တီသွေး သူ့ကို နှင်ထုတ်ပေးစမ်းပါ၊ ဟင့် ဟင့် ဟင့်"





ပြောရင်းဆိုရင်း စိတ်နှလုံးသားမှာ ဆောက်တည်ရာမဖြစ်လာသည်။ ထိုအခါ ရေစီး ငိုချလျှင် ကိုယ်လုံးလေးပါ လဲမတတ်ဖြစ်၏။ ဒေါ်သွေးသွေးက ကမန်းကတန်း ဝင်ထိန်း၍ –

"သွားပါတော့ကွယ်၊ အန်တီသွေး တောင်းပန်ပါတယ်၊ နော် လူလေး"

ဒေါ်သွေးသွေး တောင်းတောင်းပန်ပန် ပြောတာတွေရဲ့နောက်မှာ သူ ချာခနဲ လှည့်ထွက်သွား၏။

သူထွက်သွားပေမယ့် ကျန်ခဲ့တာက တစ်စက်စက်ကျကျန်ခဲ့တဲ့ သူ့ချိုင်းမှ သွေးစက်တွေနဲ့သူ့စကားလုံးတွေ။

"ဟင့်အင်း"

"မကြားချင်ဘူး၊ မမြင်ချင်ဘူး၊ လုံးဝမမြင်ချင်ဘူး"

ရေစီး အပေါ်ထပ်သို့ ပြေးတက်ခဲ့ကာ မွေ့ရာပေါ် ကိုယ်လုံးလေး ပစ်ချရင်း ငိုမိ၏။

ဟင့် ဟင့် ဟင့်။

ဘာကြောင့် ဒီလိုတွေဖြစ်တည်လာရတာလဲ။

ပြောကြပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"တီ တီ တီ"

အပြင်က ပြန်လာတဲ့သူ။

ညှော်ခန်းထဲ လှမ်းဝင်ချင်း ဖုန်းမြည်လေသည်။ မြည်နေတဲ့ ဖုန်းက သူ့လက်ကိုင်ဖုန်းမဟုတ်ပါ။

နံရံမှာ ဘက်ထရီအားသွင်းရင်းတန်းလန်း မြည်နေသည့် မာမို့ လက်ကိုင်ဖုန်း။ မာမိက ဒီအချိန်ဆို မီးဖိုခန်းမှာ အလုပ်များနေတတ်သည်။

ဒါကြောင့် မာမို့ဆီ ဖုန်းယူသွားပေးမယ်လို့ စိတ်ကူးပြီး မာမို့ ဖုန်းကိုဖြုတ်ယူလျှင် –





"ဟင်"

ဖုန်းမြည်သံနှင့်အတူ ပေဂျာမှာ ပေါ်နေတဲ့ မျက်နှာပြည့်ပြည့် လေး။ ရှက်ဟန်လေးစွက်နေတာမို့ ထူးထူးခြားခြား ဆွဲအားပါနေသည်။

ထိုမျက်နှာလေးကိုကြည့်မိရုံနှင့် သူ့ရင်အခုန်မြန်သွား၏။ ဒါ ဘာကြောင့်လဲ။ ရင်ခုန်နေရင်းတန်းလန်း သူ့ကိုယ်သူ ပြန်ဆန်းစစ်မိ သည်။

ဘယ်မိန်းကလေးနဲ့မှ ရောရောနှောနှောမနေတတ်သလို၊ မိန်း ကလေးချောချောလှလှမြင်တိုင်း သူ့ရင်က ဘယ်တုန်းကမှ ခုန်တာမျိုး မရှိခဲ့ပါ။ ဒီမိန်းကလေးကို မြင်ခါမှ ရင်ခုန်နေတာဆန်း၏။

အထူးသဖြင့်

အပြင်မှာ မြင်ဖူးတာလည်း မဟုတ်ဘဲနဲ့။

ဓာတ်ပုံလေးမြင်ရုံနဲ့ ရင်ခုန်နေတာက ထောင့်တစ်နေရာကမှ ငြိမ်သက်နေတဲ့ သူ့နှလုံးသားခံစားချက်ကို အချက်ပြမီးလေးပြနေသလို ခံစားရလေသည်။

တစ်ဆက်တည်းလည်း ဒီမိန်းကလေး ဘယ်သူလဲ။ နာမည် ဘယ်လိုခေါ်လဲ။ ဘယ်မှာနေလဲ။ မာမိနဲ့ ဘယ်လိုပတ်သက်နေလဲ။

သိချင်စိတ်များစွာနှင့် တဝဲလဲလဲ ဖြစ်လို့နေသည်။ မာမို့ဆီ မြည်နေတဲ့ဖုန်းလေး ယူသွားပေးရင်း မေးခွန်းများစွာ မာမို့ကို မေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်ကူးနေမိသည်။

မာမို့ကို ဖုန်းလှမ်းပေးလိုက်သလို မာမို့ဖုန်းစကားပြောနေတာကို စောင့်နေလိုက်သည်။

သို့သော်လည်း မာမို့ညီမ အန်တီချိုချိုရဲ့အိမ်တွင်းရေးကိစ္စတွေ ပြောပြနေတဲ့ အန်တီချို၏လေကြောရှည်နေတာကြောင့် မာမီ တော်ရုံနဲ့ ဖုန်းပြောမပြီးနိုင် ဖြစ်လေသည်။ ဒါနဲ့ပဲ သူ အပေါ်ပြန်တက်ခဲ့သည်။

အပြင်က ပြန်လာတာမို့ သူ့ကိုယ်မှာ ချွေးစေးတွေနဲ့ အိုက်စပ်စပ်လည်း ဖြစ်နေသည်။ ဒါကြောင့် အိပ်ခန်းထဲဝင်၊ ခဏနားပြီးပြီး ရေချိုး အဝတ်လဲပြီး အောက်ထပ်ပြန်ဆင်းခဲ့သည်။

မာမီရှိရာ မီးဖိုခန်းထဲ ပြန်ဝင်ခဲ့သည်။ သို့သော် မာမို့ကို မီးဖိုခန်းထဲမှာ မတွေ့ရပါ။ ဒါနဲ့ မာမို့အိပ်ခန်းဆီ တန်းလာခဲ့သည်။

ထိုစဉ် –

"သူလေးက ဘယ်သူလဲ၊ ပြောပါ မာမီရာ"

ညီငယ်၏ တတွတ်တွတ်မေးသံ။ မာမီက ပေဂျာပေါ်မှ သူမပုံလေးကို ကြည်ကြည်နူးနူးကြည့်၍ –

"မာမို့သူငယ်ချင်းရဲ့သမီးလေးပါ"

"နာမည် ဘယ်လိုခေါ်လဲ မာမီ"

"မာနရေစီးတဲ့"





"ခိုက်တယ် မာမီရာ၊ သားကို မိတ်ဆက်ပေး မာမီရာ၊ နော် မာမီ"

ညီငယ်စုန်ရေ တတွတ်တွတ်ပြောရင်း မာမို့ကို ချွဲနေသည်။ ညီငယ့်ချွဲသံက မာမီအတွက် သဘောတွေ့စရာဖြစ်နေပေမယ့် သူ့ရင်မှာ အလိုလိုနေရင်း ပူလောင်ဆူလှောင်ဖြစ်လို့ သွားသည်။

"သားငယ် တကယ်စိတ်ဝင်စားတယ်ဆိုရင် မာမီ ချိတ်ပေးမယ်လေ"

"ဟာ၊ ဒါမှ မာမီကွ"

ညီငယ်က မာမို့ကို အားပါတရဖက်ရင်း ဝမ်းမြောက်ဝမ်းသာ ပြော၏။ ထိုအခါ သူ့စိတ်နှလုံးသားမှာ မခံချည့် မခံသာဖြစ်ကာ၊ မာမို့ အခန်းထဲ တန်းဝင်ခဲ့သည်။

"မာမီ ညီကို သိပ်အလိုမလိုက်နဲ့"

"ဟာ၊ ကိုကို ဘာဝင်ရှုပ်ပြန်ပြီလဲ"

"ဟုတ်သားပဲ သားကြီးရယ်၊ သားငယ်က ရေစီးလေးကို မြင်မြင်ချင်း သဘောကျလို့တဲ့၊ မာမို့ကို တကျီကျီပူဆာနေတာ၊ မာမီကလည်း သားငယ်လေး သဘောကျတယ်ဆိုတော့ ဝမ်းသာနေတာ၊ ဒါကြောင့် ရေစီးလေးနဲ့သားငယ်ကို ချိတ်ပေးမယ်လို့ ပြောနေတာပါကွယ်"

"အဲဒါကို သား လက်မခံချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ကိုကို ဘာဖြစ်နေတာလဲ"

မာမီ့မေးသံနောက်မှာ ညီငယ်က ဝုန်းခနဲထပြီး မေး၏။ သူက ညီငယ်ကို စိုက်ကြည့်၍ –

"ဒီမှာညီ၊ ညီက မိန်းကလေးလှလှမြင်တိုင်း မနိုက်တာ ရှိခဲ့ဖူးလား"

သူ့မေးခွန်းကို ညီ ဒက်ခနဲ မဖြေပနိုင်ပါ။ မာမီကလည်း မတွေခနဲဖြစ်သွား၏။ ထိုအခါ သူ ဆက်ပြောသည်။

"မိန်းကလေးချောချောမြင်တိုင်း နိုက်တယ်ဆိုပြီး မရအရလိုက်ပြီးရင် တွဲ၊ တွဲပြီးရင် တစ်လမခံဘူး။ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ညီပဲ နောက်ဆုတ်တယ်၊ မိမိကိုနဲ့တုန်းကလည်း ဒီလိုပဲ၊ အသည်းအသန်ဖြစ်ပြီးပြီ၊ အသည်းအသန်ဖြစ်လို့ မရရအောင် လိုက်တွဲပြီး နှစ်ပတ်မကြာဘူး၊ မိမိ့ကို ညီ ဖြုတ်ချခဲ့တယ်၊ အကြောင်းရင်းက မိမိကိုက ချွေးနံ့နံ့လို့တဲ့"

သူ့စကားမဆုံးခင် မာမီ သက်မချ၏။ သူမသားငယ်အကြောင်း သူမ သိ၏။ အစ်ကိုပြောနေတော့ ရှုံးရှုံးရှားရှားနဲ့ ပြန်ပက်၏။

"ကိုကိုကလည်း ဒီလောက်ချွေးနံ့နံ့နေတဲ့ ကိုယ်ကြီးကို ဘယ်သူက ဖက်ထားချင်မှာလဲ"





"အဲဒါဆိုလည်း ချွေးနံ့ပျောက်ဆေး ဝယ်ပေးလိုက်ပေါ့ကွ"

"ဟာ၊ ညီ ဒါတွေမသိဘူး"

"ညီမသိတာက ညီ့ဆန္ဒကို ညီ ရှေ့တန်းတင်လွန်းတာကိုးကွ၊ ညီ ကိုယ့်ကိုယ်ကိုယ် ပြန်နမ်းကြည့်၊ ချွေးနံ့မနံဘူးလား"

"ညီက လိုးရှင်းအမြဲလိမ်းတာ၊ ပြီးတော့ ချွေးနံ့ပျောက်ဆေး သုံးတယ်လေ"

"အေးလေ၊ မင်းအနံ့ကို မင်း ကာကွယ်ဖို့သိရင် မိမိကို့လည်း မင်း ကာကွယ်နိုင်းရမယ်၊ မကာကွယ်နိုင်းပဲ့အပြင် ကိုယ်နံ့နံ့တာကိုပဲ အပြစ်တစ်ခုလို သဘောထားပြီး ဖြုတ်ချခဲ့လို့ မိမိ ကိုယ့်ကို ငိုငိုယိုယိုနဲ့ လာတိုင်တယ်၊ မာမီလည်း သိသားနဲ့၊ မိမိက သားသူငယ်ချင်းရဲ့ညီမ အရင်းကြီး မာ့မိ၊ ညီ့ကြောင့် သူငယ်ချင်းနဲ့မျက်နှာပျက်ခဲ့ရပြီးပြီ၊ အခု တစ်ခါ နိုက်ပြန်ပြီ တစ်ယောက်ကို၊ မိမိ့ကို ဖြုတ်ချခဲ့တာတောင် နှစ်ပတ် မပြည့်သေးဘူး"

"ကိုကိုက ကိုကို့သူငယ်ချင်းညီမမို့ မိမိ့ဘက်က နာနေတာ မဟုတ်လား"

"မင်းညီမကို တစ်ယောက်ယောက် အဲဒီအချိုးမျိုး ချိုးသွားရင် ဘယ်လိုခံစားရမလဲ"

"ညီ့မှာ ညီမ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မျက်နှာထားနဲ့ ပြန်ပြောတဲ့ ညီ့စကားမဆုံးခင် သူ့ဒေါသက ထောင်းခနဲ ထ၏။ ထို့ကြောင့် သူ့လက်သီးဆုပ်မိသွားသလို၊ ထိုးဖို့ လက်ရွယ်ပြီးသား ဖြစ်လေ၏။

"သားကြီး"

မာမီက ကမန်းကတန်း ထလာပြီး သူ့လက်ကို ဆွဲ၏။ ညီက မာမီ့နောက်မှာ ရှောင်နေလိုက်သည်။

"ညီ့ကို ဒီလိုပဲ လွှတ်ထားရင် မလွယ်ဘူး မာမီ၊ ကိုယ့်မှာ ညီမမရှိတိုင်း မိန်းကလေးတွေကို တန်ဖိုးမထားတာ ယောကျ်ားပီသတဲ့ စရိုက်မဟုတ်ဘူး"

"ကဲပါ သားကြီးရယ် မာမီ ပြောပါ့မယ်၊ အခု သားငယ်က တကယ်လေးလေးနက်နက် တန်ဖိုးထားတာပါ၊ အပျော်မဟုတ်ဘူးတဲ့၊ မာမီလည်း သေချာမေးပါဦးမယ်၊ သားငယ်က အတည်ဆိုမှ မာမီချိတ်ပေးမှာပါ"

"မဟုတ်သေးဘူး မာမီ"

သူ ဘယ်လိုမှ လက်မခံချင်တော့ပါ။ ကိုယ့်ညီစိတ်ရင်းကို ကိုယ်သိသည်။

ခုတော့ သူ့ရင်ခုန်သံ အစပျိုးရုံရှိသေးတဲ့ မိန်းကလေးကို ညီ



ဖြစ်သူသည် ပစ်မှတ်ထားခြင်းခံရတဲ့အဖြစ်။

ယခင်မိန်းကလေးတွေနဲ့တုန်းက သူတို့ညီအစ်ကိုမှာ ညီမ မရှိပေမယ့် ညီမချင်းစာနာစိတ်နဲ့ စိတ်မကောင်းဖြစ်ခဲ့ရသည်။

ဒီတစ်ခါ သူ့နှလုံးသားခံစားချက်ကို ထိပါးလာတော့မည့် အနေအထား။ ဒါကြောင့် သူ တရစပ်ပြောချ၏။

မာမီက ညီ့ရှေ့က ကာကာကွယ်ကွယ်ဖြစ်နေတာက ညီ့ကို မြှောက်ပေးသလိုဖြစ်နေသည်။

"ကိုကို စိတ်မပူပါနဲ့၊ ရေစီးကို ညီ ဘယ်တော့မှ ဖြုတ်ချခဲ့မှာမဟုတ်ဘူး၊ ညီ တကယ်ပြောတာပါ ကိုကို၊ ညီ့ကို ယုံစမ်းပါ"

ညီငယ်က မာမီနဲ့ အကာအကွယ်ယူရင်း လိုချင်တာရဖို့ ရှေ့တိုးမယ့်သဘော ပြော၏။

သူပြန်ပြောဖို့ ပြင်တာနဲ့ –

"သားကြီး ကဲလာ၊ သွားခါနီး လာခါနီး ညီအစ်ကိုချင်း ပြဿနာမဖြစ်ပါနဲ့ကွယ်၊ သားညီကိစ္စမှာ မာမီ တာဝန်ယူပါတယ်၊ သားကြီးလည်း နက်ဖြန်ပြန်ရတော့မယ့်ဥစ္စာ၊ မပြောပါနဲ့တော့၊ လာ၊ သားကြီး နားတော့"

သူ့ကို လုံးဝဆက်ပြောခွင့်မပေးတော့တဲ့ အခန်းထဲကနေ မာမီ ဆွဲထုတ်တာ ခံခဲ့ရလေသည်။

www.burmeseclassic.com



မာမို့ကြောင့် သူ ပြောခွင့်မသာ ဖြစ်ရလေပြီ။

ထိုကိစ္စက သူ့နှလုံးသားမှာ တောက်လောင်နေတဲ့မီးနှယ်။

တကယ်ပူပြင်း၍ တောက်လောင်နေရတဲ့အဖြစ်။

✿ ✿ ✿



## အခန်း (၃၇)

"ဒါနဲ့ပဲ မင်း နောက်ဆုတ်ခဲ့တယ်၊ အဲလိုလား"

ဗညားထင် မေးလျှင် သူ ခေါင်းမညိတ်ချင်ဘဲ ခေါင်းညိတ် လိုက်ရသည်။

"ဟုတ်တယ်"

"ဒါပေမဲ့ ကိုယ်ဆို မင်းလို နောက်ဆုတ်ခဲ့မှာ မဟုတ်ဘူး"

ဗစ်တာက မြန်မာဆူရှီဆိုင်ခွဲဖွင့်ဖို့ ဒီဇိုင်းသစ်ရေးဆွဲထားတဲ့ ပုံပေါ်လာအောင် လက်တော့ပ်ခလုတ်တစ်ချက် နှိပ်ရင်း လှည့်ပြော၏။

"ဟုတ်တယ်၊ ကိုယ်လည်း ထောက်ခံတယ်"

ခရာမင်းကလည်း ဖန်သားပြင်ပေါ် ထင်ထင်ရှားရှားပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဆိုင်သစ်ဒီဇိုင်းကို လှမ်းကြည့်ရင်း ဝင်ပြောတ၏။

"ဟုတ်တယ်ကွ၊ နောက်ဆုတ်ခဲ့တာက အရှုံးပေးခဲ့သလိုပဲ မထိုက်ပါဘူး ဆန်ရေရာ"

ဗညားထင်ပါ အားမနာတမ်း ဝင်ပြောလေသည်။ သူငယ်ချင်းသုံးယောက်စလုံး တစ်သဘောတည်းဆိုကြတော့ သူ့ရင်မှာ မွန်းကျပ်ကာ ဝေခွဲမရသလို ခံစားရလေသည်။

ထိုအခါ –

စားပွဲပေါ်ထောင်လျက်သားရှိနေသည့် ရေသန့်ဘူးငယ်လေးကိုသာ အငေးသားကြည့်ရင်း သူ့စိတ်ကို သူပြန်ငုံ့ကြည့်၏။

သူ့ဖြစ်စဉ်က တကယ်ပဲ အရှုံးပေးသလိုဖြစ်နေတာလား။

ဟင့်အင်း

သူ ခေါင်းတစ်ချက် ယမ်းလိုက်သည်။

"မင်းက သူ့ရဲကောင်းအဖြစ် ခံချင်တာလား"

"မဟုတ်ပါဘူးကွာ"

"မဟုတ်ရင် ဘာဖြစ်လို့ မင်းနောက်ဆုတ်ခဲ့တာလဲ"

"မာမီက ညီ့ဘက်က"

"ဘယ်ဘက်ကပဲဖြစ်ဖြစ် မင်းညီက သူ့ခံစားချက်ကလွဲရင် ဘယ်သူ့ခံစားချက်ကိုမှ ငုံ့ကြည့်တတ်တဲ့ကောင်စားမျိုး မဟုတ်ဘူး"





ဒါကိုတော့ သူ ထောက်ခံလေသည်။ ညီ့စိတ်ဓာတ်ကို သူ အသိဆုံးပါ။ ဒယ်ဒီဆုံးပါးပြီးကတည်းက ညီ့ကို သူ့ဘက်က အစ်ကိုလို ဖခင်လို အလိုလိုက်ခဲ့သည်။

မာမီကလည်း ဖတဆိုးလေးဆိုပြီး အလိုလိုက်သည်။ အထူးသဖြင့် လိုအပ်တာမှန်သမျှ မာမီ့ကို ကပ်ရပ်ခွဲကာ အရယူတတ်၏။

ငယ်စဉ်တုန်းကတော့ ညီ့စိတ်က ချစ်စရာကောင်းပေးမယ့် အရွယ်ရောက်လာတော့ ထိုစိတ်က တစ်ပါးသူကို ထိခိုက်စေသည်။ ဒါကြောင့် ဆုံးမသွန်သင်ဖို့ သူ ကြိုးစားချင်ပေမယ့် မရခဲ့ပါ။

မာမီက ရှေ့က ကာဆီးနေတာ ခက်လှသည်။

ဒါ့ပြင် သူကိုယ်တိုင်ကလည်း ညီနဲ့မာမီ့နားမှာ အနီးကပ် မနေနိုင်ခဲ့ပါ။ အမေရိကန်မှာ သူတို့သူငယ်ချင်းလေးယောက် စုပေါင်းပြီး မြန်မာဆူရှီဆိုင်ဖွင့်ကာ အောင်မြင်အောင် ကျားကုတ်ကျားခဲ ကြိုးစားနေခဲ့သည်။

ဒယ်ဒီ မရှိတော့ သူပဲ မိသားစုကို အပြည့်အဝ ယူထားရတာမို့ အလုပ်သည်သာ သူ့ဘဝ။ ညီနဲ့မာမီ ပြည့်စုံစွာနေနိုင်ရေးအတွက် ကြိုးစားနေခဲ့တာ ခုပဲ အခြေအနေကောင်းလာသည်။

ဆိုင်ခွဲတွေ ထပ်ဖွင့်ဖို့ ကြိုးစားနေရစဉ်မှာ မာမီတို့ဆီ ခဏပြန်လျှင် ထိုကိစ္စ ကြုံရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း သူ ဘာမှမတတ်နိုင်ခဲ့။ နောက်ဆုတ်ထွက်ခွာခဲ့သည်က သူငယ်ချင်းတွေ ဝေဖန်စရာဖြစ်နေတော့သည်။

"ကိုယ်တို့ပြောတာက မင်းတို့ညီအစ်ကိုချင်းကို ရန်တိုက်ပေးတာမျိုး မဟုတ်ဘူး"

"ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့"

"အဲဒီ ဒါပေမဲ့က မင်းညီကို မင်း အလျှော့ပေးခဲ့တာ မဟုတ်လား"

ဗစ်တာက တုံးတိတိပြောၡ၏။ ဆန်ရေ သက်မရှည်ကြီး ချကာ ရေသန့်ပုလင်းကိုဆွဲယူပြီး ဖန်ခွက်ထဲ ငှဲထည့်သည်က ကယောင်ကတမ်းဖြစ်လျက်။

"မင်းသာ မင်းညီ ဒီတစ်ခါ အတည်လို့ ယူဆကောင်း ယူဆလိမ့်မယ်၊ ကိုယ်တို့တော့ N0 ပဲ"

ခရာမင်းက တည့်တည့်ပဲ ပြောသည်။ ဘယ်ကိစ္စကိုမှ၊ အားနာပါးနာနဲ့ လျှော့ပေါ့မပြောတတ်တဲ့ ခရာမင်း စရိုက်ကို သူ့ဘက်က အပြစ်ဖွဲ့လို့မရပါ။

"အခု ညီနဲ့ရေစီး အဆင်ပြေနေပြီတဲ့"

သူ အားမပါစွာ ထုတ်ပြောလိုက်သည်။ ဗညားထင်က မယုံပါဘူးဆိုတဲ့သဘောနဲ့ ပခုံးလေးတွန့်၏။





"ညီ ဘယ်မိန်းကလေးနဲ့မှဖြစ်ဖြစ် အဆင်ပြေနေတာချည်းပဲ၊ အဲလိုအဆင်ပြေနေတာက အလွန်ဆုံးကြာလှ တစ်လပေါ့"

ဗစ်တာ့အပြောစကားနောက်မှာ သူ့ရင်မှာ ဟုန်းခနဲ မီးလိုပူမြိုင်းသွားလျှင် ငှဲထားသည့် ဖန်ခွက်ထဲက ရေကို တစ်ရှိန်ထိုး မော့သောက်လိုက်၏။ ထို့နောက် သူငယ်ချင်းတွေရှေ့က ရှောင်ထွက်ခဲ့သည်အထိ သူ့ စိတ်ခံစားချက်တွေ ဖရိုဖရဲဖြစ်လေသည်။

"သားကြီးရေ သားညီအတွက် သားစိတ်မပူပါနဲ့။ သားငယ်က ရေစီးလေးကို အတည်ချစ်တာ၊ အခု သားငယ်က ရေစီးလေးနဲ့ အမြန်ဆုံး နီးချင်ပြီတဲ့၊ ဒါကြောင့် မင်္ဂလာဆောင်ပေးပါတဲ့၊ မာမီကလည်း မင်္ဂလာကိစ္စအားလုံး တာဝန်ယူလိုက်တယ်၊ သားကြီး ကျေနပ်ပေးပါ သားရယ်နော်၊ မာမီလည်း ရေစီးလေးကို မြင်ကတည်းက ချစ်နေတာလေ၊ သားငယ်က တကယ်ချစ်သွားတာဆိုတော့ မာမီလည်း အရမ်းပျော်သွားတယ်၊ ဒါနဲ့ပဲ စီစဉ်ပေးလိုက်တာ၊ သားကြီးကို ကြိုတင်မတိုင်ပင်ရကောင်းလားဆိုပြီး မာမီ့ကို စိတ်မဆိုးပါနဲ့၊ သားငယ်က သားကြီးဆီမှာပြောမှာကို စိုးရိမ်ပြီး မပြောခိုင်းတာနဲ့ မာမီနောက်ကျပြီးမှ ပြောရတာပါ သားရယ်"

မာမီ ဖုန်းဆက်ပြီး ပြောသည်က ထိုမျှအထိ ညီနဲ့ရေစီး ပြေလည်နေပြီးဖြစ်မှန်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီဘက်က ခုလို အတည်အတန့်ဖြစ်သွားတာ ဝမ်းသာစရာ ကောင်းပေမယ့် ပေးလိုက်ရတာ သူ့နှလုံးသား။

သူ့ရဲ့အချစ်က အစတောင်မပျိုးရသေးခင် စွန့်လွှတ်လိုက်ရတဲ့ အချစ်မျိုး။ ဖူးဖို့ ပွင့်ဖို့နေနေသာသာ မျက်နှာလေးကိုတောင် တစ်ဝကြည့်ခွင့်မသာတဲ့အဖြစ်။

''ဆန့်ရေ''

သူ့သူငယ်ချင်းတွေ သူ့နောက်က လိုက်ပါရင်း ပြောကြပြန်သည်။

''မင်းမာမီကလည်း မင်းညီဘက် မေတ္တာအလေးသာလွန်းတယ်၊ တကယ်ဆို မင်းကို ကြိုပြောရမယ်၊ ခုတော့ သူ့သားငယ် ခေါင်းတစ်ချက် ငြိမ့်ပြီး ပြောလိုက်တာနဲ့ လုပ်ပေးလိုက်တာ မင်းကိုတောင် အလေးမထားတော့ဘူး''

''ဒါလည်း ကောင်းပါတယ်၊ ကိုယ်လည်း ရင်မခုန်ရတော့ဘူး။ ကိုယ့်စိတ်ကလည်း ညီမင်္ဂလာပွဲမှာ ကိုယ့်မျက်နှာ မပြချင်ဘူး၊ မာမီတို့ စိတ်ကြိုက်ဖြစ်ဖို့ပဲ အရေးကြီးတယ်၊ ပြီးတော့လည်း ပြီးပြီပေါ့ကွ''

ပြောလိုက်တဲ့ သူ့အသံက ပုံမှန်မဟုတ်မှန်း သူငယ်ချင်းအားလုံး သိကြသည်။

အစ်ကိုတစ်ယောက်အနေနဲ့ ဘယ်လိုရှန်းကန်ပြီး ဘဝထူထောင်နေတယ်ဆိုတာ နားမလည်တဲ့ ဒီညီကိုမှ ချစ်သူကို ထိုးပေးလိုက်သလိုမျိုး။

တွေးမိလေ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ရလေ။ သူငယ်ချင်းဖြစ်သူကတော့ တကျိတ်ကျိတ် ခွေးရင်း။

ဆန့်ရေ၊

မင်းဟာ နာမည်နဲ့လိုက်အောင် အမြဲတမ်း ရှန်းကန်ပြီး ဆန့်တက်နေရတဲ့သူ။

နှလုံးသားကိစ္စကလည်း ဘာထူးလဲ။

မင်းနာမည်အတိုင်းပဲ မဟုတ်လား။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"သားကြီးရေ မာမီရှက်လိုက်တာကွယ်၊ ရှက်လွန်းလို့ သေလိုက်ချင်တယ် သားကြီးရယ်၊ ဟင့် ဟင့် ဟင့်"

ရှက်စိတ်ဖြင့် ငိုယိုပြီး ပြောနေတဲ့ မာမို့အပြောစကားအဓိပ္ပာယ်ကို သူ နားမလည်ပါ။

ဒါကြောင့် –

"မာမီ ဘာဖြစ်တာလဲ၊ ရှင်းအောင်ပြောပါ မာမီရယ်"

"ဟင့် ဟင့် ဟင့် သားငယ်ပေါ့"

"ညီ"

"ဟုတ်တယ် သားကြီးရဲ့"





"ညီ ဘာဖြစ်လို့လဲ မာမီ"

သူ့ရင်ထဲမှာ ညီအတွက် တကယ်စိုးရိမ်သွားသည်။ ထိုအခါ အလောတကြီးမေးလိုက်သည့်အသံက ပိုကျယ်သွားသည်။

ဒေါ်ခင်လှရီ လက်တစ်ဖက်နှင့် ရှက်မျက်ရည်တွေ သုတ်လျှင် ကျန်လက်တစ်ဖက်နဲ့ ကိုင်ထားသည့် ဖုန်းခွက် လွတ်ကျမလိုဖြစ်သွား၏။

ထို့ကြောင့် ညာဘက်လက်နဲ့ ဖုန်းခွက်ကို မြဲအောင်ကိုင်ရင်း သားကြီး နားလည်အောင် ရှင်းပြလေသည်။

"သားငယ် မာမို့ကို အရှက်ခွဲတယ် သားကြီးရယ်"

"ညီ ဘာလုပ်လို့လဲ မာမီ"

"သားငယ် ဇင်မာလင်းကို ခိုးပြေးတယ်လေ"

"ဟင်၊ ဇင်မာလင်းက ဘယ်က ဇင်မာလင်းလဲ၊ မင်္ဂလာဆောင်မှာက ရေစီးနဲ့ မဟုတ်လား"

"ဟုတ်တယ် သားရယ်၊ ဗိတ်စာတောင် ဝေပြီးပြီ သားရဲ့၊ အဲဒါပေါ့ သားငယ်လေ သမီးလေးရေစီးက ခေတ်ဆိုတဲ့ကောင်လေးနဲ့ ဘာညာဖြစ်လို့ဆိုတာ သိသွားသတဲ့၊ အဲဒါနဲ့ ရေစီးကို မယူနိုင်ဘူးတဲ့၊ အဲဒီမှာ ဇင်မာလင်းနဲ့ ပြန်ချိတ်မိပြီး ခိုးပြေးကြတာ၊ ဘန်ကောက် ထွက်သွားကြတယ်၊ မာမီလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘူး၊ ရှက်တာပဲ သိတယ်၊ ရေစီးလေးကိုလည်း သနားလိုက်တာ၊ ခမျာ အရှက်တကွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတယ်လေ၊ ရေစီးလေးမိဘကို မာမီ ဘယ်မျက်နှာနဲ့ ရင်ဆိုင်ရမလဲ မသိတော့ဘူး သားကြီးရယ်"

"တောက်"

"သားကြီး သားငယ်ကို လိုက်ပြီး ပြဿနာမရှာပါနဲ့ကွယ်"

"မာမီက ခုချိန်ထိ မာမီ့သားငယ်ဘက်က ကာကွယ်နေသေးတယ်"

"ဟီး ဟီး ဟီး"

သူ အပြစ်ဖွဲ့သလို ပြောရှုံ့ရှုံ့သေးသည်။ မာမီက ငိုချလေသည်။ သိတယ်။ ညီ့ကို ထိမယ်ဆိုရင် မာမီက အဲလိုပဲ ငိုယိုနေကျ။ ခုလည်း စိတ်ရှိတိုင်း ဘန်ကောက်အရောက် လိုက်သွားပြီး ကုပ်ဆွဲခေါ်ခဲ့ချင်သည်။ မာမီက ငိုပွဲဆင်နေတော့ သူပဲ စိတ်လျှော့ရကာ။

"မငိုပါနဲ့ မာမီရာ"

"ဟီး ဟီး ဟီး ငိုပါရစေ၊ သားငယ် ဒီလိုလုပ်ဖို့မကောင်းဘူးလေ၊ ခုတော့ ကြည့် ဘယ်လောက်အရှက်ရသလဲ၊ တစ်ခုခုဆို မာမီ့ကို ပြောပါလား၊ မာမီ သေချာစုံစမ်းပေးမှာပေါ့၊ ခုတော့ တစ်ဖက်သတ် စွပ်စွဲသလိုဖြစ်နေတော့ ရေစီးလေး သိပ်နစ်နာတယ်၊ ပြီးတော့ သားငယ် စွပ်စွဲတဲ့ ခေတ်ဆိုတဲ့ ကောင်လေးနဲ့ သူ့တစ်ဖွဲ့လုံး ခြေရာပျောက်သွားတာလေ၊ ရေစီးလေးက ထိပ်တိုက်ခြေရှင်းဖို့လည်း လုပ်ရော သားငယ်





လည်း ဖင်မာလင်းကို နိုးပြေးရင်း ရှောင်တယ်၊ ဒါ ဘယ်လောက်ထိ မာမီတို့ဘက်က မတရားရာ ကျနေလဲ၊ သားကြီး စဉ်းစားကြည့်စမ်းပါ"

"အဲဒါအားလုံး မာမီ့ကြောင့်ဖြစ်တာ"

သူ ယတိပြတ်ပြောကာ ဖုန်းချက်ချပစ်လိုက်လျှင် မျက်ရည်တွေပါ ဝေါခနဲကျလာသည်။

ထိုမျက်ရည်တွေကို ခေါင်းလေးငဲ့ကာ သူ့ပခုံးစွန်းနဲ့ ဖိသုတ်ရင်း စဉ်းစားလိုက်သည်။

သူငယ်ချင်းတွေကတော့ သက်မတွေတချချနဲ့။

"အစကတည်းက ကိုယ်တို့ပြောသားပဲ၊ မင်းညီက ဇ,မပျောက်ဘူး၊ ခုလည်း ဖင်မာလင်းနဲ့ ဘယ်နှစ်ရက်ပေါင်းပြီး ခေါက်ထားမလဲဆိုတာ တွေ့ရဦးမယ်"

သူငယ်ချင်းတွေပြောတာ မလွန်မှန်း သူသိသည်။ ကိုယ့်ညီမှာ ကိုယ် နှံ့ဖိထားတဲ့ကိစ္စတွေ ရှိသည်။ ကျောင်းတုန်းကတည်းက ညီက ဟိုမိန်းကလေးနဲ့ ဟိုတယ်သွားတတ်သည့် သောက်ကျင့်ရှိသည်။

ပြောရင် ကိုယ့်ပေါင်ကိုယ်လှန်သလို ဖြစ်ဦးမည်။

ဒါတင်မကဘူး ကျောချင်းကပ်တိုက်က မိန်းကလေးတစ်ယောက်နဲ့ ပျောက်သွားတာ သုံးရက်တိတိ။ ဟိုလိုလို ဒီလိုလိုနဲ့ ထိုကောင်မလေးနဲ့ ခွာပြကာ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဖင်မာလင်းနဲ့။

သူတို့ပဲ ညီ့အတွက် ရင်မောရသည်။ ညီကတော့ သူ့စိတ်နဲ့ သူ လုပ်ချင်ရာ လုပ်၏။ တစ်ခါတစ်ခါ သူ စဉ်းစာမိးသည်။ ညီ့မှာ ဒီလို ဗီဇမျိုး ဘယ်က ကပ်ပါလာမှန်း စဉ်းစားလို့မရအောင် ဖြစ်ရလေသည်။

ဒယ်ဒီလည်း ထိုသို့မဟုတ်ပါ။

ဦးလေးတွေ၊ ဘကြီးတွေလည်း ဂုဏ်သိက္ခာအပြည့်နဲ့၊ ဝမ်းကွဲ ညီအစ်ကိုတွေလည်း မိန်းမကိစ္စ ရှင်း၏။ ညီတစ်ယောက်မှ တစ်မျိုးလုံးမှာ တစ်ယောက်ထွန်းဆိုသလို ဗီဇမကောင်း ဖြစ်နေသည်။

ခုတော့ အားလုံး အရှက်တကွဲဖြစ်ရလေပြီ။

ထို့ကြောင့်။

✿ ✿ ✿



## အခန်း (၃၉)

"မမတို့ စည်းရုံးရင် ရနိုင်မှာပါ"

သူ လေးလေးနက်နက် ပြောလျှင် ပန်းရေစီးနှင့်ရွှေစင်ရေစီး တို့နှစ်ယောက်စလုံး ခေါင်းယမ်းလေသည်။

"မလွယ်ဘူး ဆန်ရေရယ်၊ ညီမလေးက ဖွတ်တရွတ်သမား။ သူ့အယူအဆနဲ့သူ ခေါင်းမာမာနေတတ်တာလေ၊ တကယ်ဆို မမတို့ဆီ လိုက်နေရမှာလေ၊ လုံးဝမနေဘူး။ မေမေနဲ့ဖေဖေ လာတာတောင် လိုက် လာဖို့မပြောနဲ့ လေဆိပ်တောင် ဆင်းမပို့ဘူး"

"ဟုတ်တယ်၊ ဆန်ရေနဲ့ကိစ္စ ပြောလိုက်လို့ မေမေတို့ကို စိတ် ကောက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မမရယ်၊ မထင်မှတ်တဲ ဖြစ်လာတဲ့ အခြေအနေပေါ်မှာ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ပေးဆပ်ချင်တယ်၊ ဒါကလည်း ညီ့ကြောင့် အရှက်တကွဲဖြစ်ခဲ့တဲ့ ဂုဏ်သိက္ခာကို ပြန်ဆပ်ချင်လို့ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ရေစီးကို မြတ်နိုးပါတယ်"

သူ ရှက်တာတွေ၊ ဘာတွေ ဘေးဖယ်ပြီး ပြောမိသွားသည်။ ပန်းရေစီးတို့ညီအစ်မက နားလည်မှု ရှိပါသည်။

သူညီကိစ္စကြောင့် သူ့မာမီ ငိုယိုနေကတည်းက ညီမလေးကို ဆန်ရေ တောင်းဆိုနေတာ ဘာကြောင့်ဆိုတာ သိသည်။

သိလို့လည်း မေမေတို့ သူမတို့ဆီအလာမှာ ဖွင့်ပြောပြီး တစ်ပါတည်း ခေါ်ခဲ့ဖို့ ကြိုးစားပေမယ့် မရခဲ့ပါ။

မေမေတို့နဲ့ ညီမလေးပါမလာတော့ ညီမလေးကို စည်းရုံးပေးဖို့ တောင်းဆိုလာသည်။

ညီမလေးက ဘူးဆို ဖရုံမသီးလေတော့ အခက်သား မဟုတ်လား။

"မမတို့ နားလည်ပါတယ်၊ မထင်မှတ်တဲ ပြဿနာတက်သွားတဲ့အပေါ် ညီမလေး ဒေါသလွှမ်းကဲနေတာမျိုးပါ၊ အချိန်တစ်ခုရောက်ရင်တော့ ညီမလေး စိတ်ပြေလာမယ်၊ ညီမလေး စိတ်ပြေတဲ့အချိန်ထိ စောင့်ပြီး မမတို့ စည်းရုံးပေးမယ်၊ ခုလောလောဆယ် ခဏသည်းခံပါဦး





လား ဆန်ရေ"

"ဟုတ်"

နောက်ဆုံးတော့ သူပဲ စိတ်လျှော့နေခဲ့ရသည်။

"သားရယ် ရေစီးလေးရဲ့ ဘဝအမည်းစက်ပျောက်ဖို့ သားကြိုးကြိုးစားကြည့်ပါကွယ်"

မာမီကတော့ ဒါပဲ ထပ်တလဲလဲ ပြောသည်။

ညီကတော့ သူ့ဖြစ်စဉ်အတွက် ကြောက်စိတ်များကာ သူနဲ့ မဆက်သွယ်တဲ ရှောင်နေခဲ့သည်။

နောက်ဆုံး သူငယ်ချင်းတွေဝိုင်းပြီး အကြံပေး၏။

"မင်းကိုယ်တိုင် ကြိုးစားကွာ"

သူ့နှလုံးသားကလည်း ကြိုးစားကြည့်ဖို့ တောင့်တနေတာနဲ့ အံကိုက်ဖြစ်သွားသည်။

ဒါကြောင့် ဘယ်လိုပုံစံနဲ့ ကြိုးစားမလဲ။

နည်းလမ်းရှာရသည်။

ညီတို့နဲ့ကိစ္စ ပြီးတဲ့နောက်ပိုင်းကတည်းက ရေစီးက ယောကျ်ားတွေနဲ့ မပတ်သက်တော့ သူ့ဘက် ကြိုးစားဖို့ အတော်ခက်နေသည်။

ဒါကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

"ဒေါ်ဒေါ် ကျေးဇူးပြုပြီး ကူညီပေးပါ၊ ရေစီးရဲ့လုပ်ငန်းခွင်မှာ ကျွန်တော် အလုပ်တစ်နေရာရရင် ပြီးရော၊ ဘာအလုပ်ဖြစ်ဖြစ်ပါ၊ ဒေါ်ဒေါ်ရဲ့တူသားအနေနဲ့ ဒေါ်ဒေါ်ပြောကြည့်ရင် ရမယ်လို့ ထင်ပါတယ်၊ ဒေါ်ဒေါ်က ရေစီးနဲ့ အဆက်အဆံရှိတယ်ဆိုတော့ ဒေါ်ဒေါ့်တူဆိုရင် ငှဲညှာပြီးဖြစ်ဖြစ် အလုပ်ပေးလိမ့်မယ်လို့ ယူဆပြီး ဒေါ်ဒေါ့်ဆီ အကူအညီတောင်းရတာပါ"

ဆန်ရေပြောလျှင် ဒေါ်မယ်အိ နားလည်မှုရှိရှိ ခေါင်းလေးညိတ်၏။

"ဆန်ရေ့အကြောင်း ရေစီးလေးရဲ့မေမေ ဖုန်းဆက်ပြီး ဒေါ်မယ့်





ကို ကြိုပြောထားပါတယ်၊ မောင်ဆန်ရေ လာရင်အကူအညီပေးလိုက်ပါတဲ့၊ စိတ်ချပါ၊ ဒေါ်မယ် ပီပီပြင်ပြင် သရုပ်ဆောင်ပြီး အသနားခံပြောကြည့်ပေးမယ်၊ နော် မောင်ဆန်ရေ"

ဒီလိုနဲ့ ဒေါ်မယ် ကြိုးစားကြည့်ပါသည်။ ရေစီးက ပစ်ပစ်ခါခါငြင်း၏။ ဒေါ်မယ်နဲ့ ကြိုးစားတာ မအောင်မြင်တော့ ရေစီးနောက်တကောက်ကောက်လိုက်ဖို့ ဆုံးဖြတ်သေးသည်။ ဒါလည်း အလားအလာကောင်းလာလိမ့်မယ်လို့ မထင်တာနဲ့ နောက်ဆုတ်၏။

သို့သော်လည်း ဒဏ်ရာပလပ္ပရနေတဲ့ လူငယ်ဆိုရင်တော့လည်း စာနာစိတ်ကလေးနဲ့ ကူကယ်တန်ကောင်းရဲ့ဟု တွေးမိသည်။

ဒါကြောင့် သူ့သူငယ်ချင်းတွေနဲ့ တိုင်ပင်ထားတဲ့အတိုင်း ရေစီးသွားရာလမ်းမှာ ထိုးပွဲလေးတစ်ခု ဖန်တီးကာ အနာခံပြီး သရုပ်ဆောင်ခဲ့သည်။

သို့သော်လည်း ရေစီး စိတ်နှလုံးသားက ယောက်ျားတွေနဲ့ပတ်သက်ရင် အမုန်းဆုံးဖြစ်နေတာ တစ်ရစ်မှ လျော့ကျမလာ။

ရေစီး လျော့မလာလေ သူ့ဘက်က ရှေ့တစ်လှမ်းတိုး၏။ မိမူမူ၊ ဒေါ်မေစိုးတို့နဲ့ တိုင်ပင်ပြီး ဒဏ်ရာရတဲ့ဖြစ်စဉ်နဲ့ ရေစီးရဲ့စံအိမ်ထဲ ဝင်ခဲ့သည်။ သို့သော်လည်း နှင်ထုတ်ခြင်းခံရတာက သူနဲ့အတူ မိမူနဲ့ ဒေါ်မေစိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် ဒေါ်မေစိုးနဲ့မိမူမူ အလုပ်ဖြုတ်ခံရလို့ စိတ်မကောင်းဖြစ်ရသေးသည်။ ထို့ကြောင့် ဒေါ်မယ်၊ ဒေါ်မေစိုးနဲ့ မိမူမူတို့သုံးယောက်ကို သူ တာဝန်ယူကာ မာမိနဲ့အတူ နေစေခဲ့သည်။

တစ်နည်းအားဖြင့် အလုပ်ပြန်ပေးခြင်းဖြစ်သည်။

ရေစီးက မာနိုင်သလား၊ သူကပဲ ကြိုးစားနိုင်သလား။ တစ်နည်းအားဖြင့် ထိုစိန်ခေါ်မှုကို သူ ပိုရှဲရဲရင့်ရင့်ရင်ဆိုင်ဖို့ ခက်ခက်ခဲခဲ ဆုံးဖြတ်ရလေသည်။

စားရေးသောက်ရေး အခက်အခဲနှင့်ရင်ဆိုင်ကာ တစ်ကိုယ်တည်း အထီးကျန်ဆန်ဆန် ဖြတ်ကျော်နေတဲ့ သူမအပါး နေခွင့်ရဖို့ တိုးတိုးစံနဲ့ တိုင်ပင်ကာ ဒေါ်ဝေအဖြစ် သရုပ်ဆောင်ရလေသည်။

ထိုအတွက် သူ့ အများကြီး ကြိုးစားခဲ့ရသည်။

ရေစီးအကြိုက် ချက်ပြုတ်ကျွေးမွေးနိုင်ဖို့ ဒေါ်မေစိုးတို့ဆီက သင်ကြားရသေးသည်။ ဝတ်စားဆင်ယင်မှုကအစ၊ အပြောအဆို လေယူလေသိမ်းတွေပါမကျန်။

သူငယ်ချင်းတွေက ဝိုင်းမြှောက်ကြ၏။

"ပီအောင်လုပ်စမ်းပါ၊ မင်းကုသတောင် ပပဝတီကို ရဖို့ အိုးထိန်းသည် လုပ်ခဲ့ရသေးတာပဲ၊ လုပ်ကွာ၊ ကုသထုံး နှလုံးမူရင် အောင်မြင်ရစေ့မယ်တဲ့"





ဒီလိုနဲ့ သူ ကြိုးစားခဲ့သည်။

သို့သော်လည်း လွဲတာတွေ ချော်တာတွေက ခဏခဏ။ အလွဲဆုံးက ထိုညက ကိစ္စ။

ဒေါ်ဝေအဖြစ် ထိုစံအိမ်ထဲနေပြီး သရုပ်ဆောင်နေရတာ သူ့အတွက် ပင်ပန်းလှသည်။ ရေစီး နေမကောင်းဖြစ်နေတော့ သူ ပင်ပန်း၏။ ရေစီး အိပ်ပျော်နေချိန်မှာ စိတ်ချလက်ချ အပြင်ထွက်ပြီး သူငယ်ချင်းတွေနဲ့ အပျော်တမ်း သောက်ပွဲနွှဲနေကြသည်။

ထိုအချိန်မှာ တိုးတိုးဆီက ဖုန်းလာတော့ အခက်တွေ့၏။ တိုးတိုးစံက ဖြီးဖြန်းလိမ်ညာလျက် သူ သောက်တာများတဲ့ကိစ္စကို ရှောင်လွှဲခဲ့သည်။

မူးမူးနဲ့ ဒေါ်ဝေ့ပုံစံ ပြန်ပြင်ဆင်ရတာ အချိန်အတော်ကြာခဲ့သည်။ အဆင်မသင့်တာတွေလည်းဖြစ်ကာ နောက်ဆုံး သူငယ်ချင်းတွေ လိုက်ပို့ရတဲ့အထိ။

ထိုဖြစ်စဉ်နောက်မှာ ရေစီး ပိုရှုံမယုံသလို ဖြစ်လာကာ။ နောက်ဆုံး ဘူးပေါ်သလို ပေါ်သည့်အဖြစ်။

ဒီဖြစ်စဉ်တွေအားလုံးက ချစ်စိတ်ကို အခြေခံတဲ့ သူ့ရဲ့ကြိုးစားမှုသက်သက်ပါ။ ခုတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

''သမီးရယ် ဘာဖြစ်လို့ ခေါင်းမာချင်ရတာလဲကွယ်''

မေမေ အသံပျော့ပျော့လေးနဲ့ ဖျောင်းဖျချင်စွာ ပြောလာသည်။ ရေစီး မျက်နှာလေး တင်းမာထားလျက်နဲ့ လွှဲလိုက်ပြီး –

''ရေစီးကို အားလုံးဝိုင်းညာပြီး အနိုင်ယူနေကြတာ မေမေရဲ့''

''အို၊ သမီး အဲလိုယူဆတာကိုက လွဲနေတာမျိုး''

''ဟင့်အင်း ရေစီး မလွဲဘူး''

ခေါင်းတခါခါနဲ့ မပျော့မပျောင်းပြောနေတဲ့ သမီးဖြစ်သူကို ငေး ကြည့်ရင်း ဒေါ်သီရိမေ သက်မချရလေသည်။

ဆန့်ရေရဲ့ကြိုးစားမှုကို သူ့မိဘနှစ်ပါးအနေနဲ့ အသိအမှတ်ပြု





တာမို့ အဝေးကပဲ စောင့်ကြည့်နေခဲ့သည်။

အခြေအနေကောင်းလာနိုးနိုးနဲ့ပေါ့။

ထင်သလိုဖြစ်မလာတော့ အခြေအနေအရပ်ရပ်ကို ထိန်းနိုင်ဖို့ သူမ ချက်ချင်း ပြန်လာခဲ့ရသည်။

''သမီးဘက်က မလွဲဘူးဆိုလည်း သမီးသဘောအတိုင်းပါ၊ ဒါပေမဲ့ သမီးကျန်းမာရေးကို မေမေတို့ စိတ်မချဘူး၊ သွေးသွေးက ဂရု စိုက်ဖို့ လိုတယ်လို့ ပြောတာနဲ့ မေမေ လာခဲ့တာ၊ သမီးဖေဖေနဲ့ သမီးမမတို့လည်း နောက်တစ်ပါတ်ဆို ရောက်လာလိမ့်မယ်''

''ကျွတ်''

ရေစီး စိတ်ပျက်လက်ပျက်ဖြစ်လို့သွားသည်။ ဒါ သက်သက်မဲ့ ရေစီးကို ဖိအားပေးကြဖို့လေ။

ရေစီး သိတာပေါ့။

မေမေက ချော့မော့ပြောဆိုလာမယ်၊ မမတို့ကလည်း စည်းရုံး ကြမယ်။ နောက်ဆုံးတော့ သူနဲ့။ ဟင့်အင်း။ ရေစီး ခေါင်းယမ်းလိုက်၏။

''သမီး နားနားနေနေ နေပါဦး။ မေမေ အောက်ထပ်ဆင်းပြီး ချက်ပြုတ်ဦးမယ်''

မေမေ ပြောဆိုရင်း အောက်ထပ်ဆင်းသွားလျှင် ရေစီး … ယောက်တည်း စိတ်တွေ ရှုပ်ထွေးလျက် ဆောက်တည်ရာမရဖြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခန်းထဲ ပတ်လျှောက်ရင်း အကြံထုတ်နေမိသည်။ ဖေဖေတို့ မလာခင် ရေစီး ဘယ်လိုအကြောင်းမျိုးနဲ့ ရှောင်ရမလဲ။ ဟုတ်ပြီ။ တွေးရင်း အကြံသစ်ပေါ်လာသည်။

ချက်ချင်းပဲ ဖုန်းနံပါတ်တစ်ခုကို နှိပ်၏။

ဖုန်းချက်ချင်းဝင်သလို ဖုန်းထူးသံလည်း ကြားရသည်။

"ဟဲလို မမ"

"တင်ဇာရေ မမ မေးမလို့"

"ဟုတ် မမ၊ မေးလေ"

"ဟိုလေ မမ ဆောက်ခိုင်းထားတဲ့ ပရဟိတအလယ်တန်းကျောင်းအခြေအနေ ဘယ်လိုရှိလဲ"

"ဟုတ်ကဲ့ မမ၊ ကျောင်းက ပြီးခါနီးပြီ မမ၊ ကျောင်းပြီးရင် တင်ဇာ ဖုန်းဆက်ပါ့မယ်"

"ရတယ်၊ မဆက်နဲ့ မမ လာခဲ့မယ်"

"ဟင်"

တင်ဇာ တအံ့တသြ ဖြစ်သွားသည်။ မမ အလုပ်တွေများနေလို့ ဒီကျောင်းဆောက်ကိစ္စ ပြီးစီးတဲ့အထိ အနီးကပ် ကြီးကြပ်ဖို့ သူမကို တာဝန်ပေးထားတာ မဟုတ်လား။ ခုတော့ မမ လာခဲ့မယ်တဲ့။





မဟုတ်မှလွဲရော တင်ဇာ့ကို မယုံလို့လား။ အံ့သြစိတ်နှင့်အတူ တင်ဇာ ထိုသို့တွေးမိလေသည်။

"မမ တင်ဇာ့ကို စိတ်မချလို့ လိုက်လာမလို့လား"

အတွေးထဲကအတိုင်း တင်ဇာ မေးမိလေသည်။ ရေစီးက တင်ဇာ့စိတ်ကို နားလည်တာမို့။

"မဟုတ်တာပဲ တင်ဇာရယ်၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေနဲ့ ရေစီး ကြုံနေလို့ ရှောင်လွှဲချင်တဲ့စိတ်နဲ့ လာခဲ့ဖို့ပါ"

"အဲဒါဆိုလည်း လာခဲ့လေ"

"အေး လာခဲ့မယ်၊ ဒါပေမဲ့ မမ လာမယ်ဆိုတဲ့အကြောင်း ဘယ်သူ့မှ မပြောနဲ့နော်"

"စိတ်ချပါ မမရဲ့"

"အိုကေ"

"ဒါပဲနော်"

"အင်း ဒါပဲ"

ရေစီး စိတ်လက်ပေါ့ပါးစွာ ဖုန်းချလိုက်လေသည်။ ထို့နောက် ဘယ်သူမှ မရိပ်မိအောင် ရှောင်နေမယ့်အစီအစဉ်လေးကို စတင်လေသည်။ ထိုစဉ် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"တီ တီ တီ"

ခရီးဆောင်အိတ်ထဲ အဝတ်တွေ သိပ်ထည့်နေလျှင် ကြိုးဖုန်း မြည်လာသည်။

ကျွတ်။

ရေစီး စိတ်ပျက်သွား၏။

မကိုင်မချင်း မြည်နေတာမို့ အဝတ်ထည့်နေတာ ရပ်တန့်ပြီး ထကိုင်ရလေသည်။

ရေစီး ဖုန်းခွက်ကိုင်ပြီး နားနားကပ်ရုံရှိသေးသည်။

"သီရိရေ ကိုယ်ကျိုးတော့နည်းကုန်ပါပြီ"





ဟင်။ ဒါ အန်တီရီ့အသံ။

သူ့မာမီအသံ။

"ဘာဖြစ်လို့လဲ ရီရီ"

အန်တီရီပြောသံနောက်မှာ မေမေ့မေးသံတစ်ဆက်တည်း ပေါ်လာသည်။ ရေစီး ဖုန်းခွက်ကို ပြန်ချလိုက်ဖို့ စိတ်ကူးပါသည်။ ချမလို့လုပ်ပြီးမှ မချဖြစ်တော့ပါ။

အန်တီရီနဲ့မေမေ ဘာတွေကျိတ်ပြီး စီစဉ်မလဲဆိုတာလည်း သိချင်နေသည်။ ပြီးတော့ အန်တီရီ စိုးရိမ်တကြီး ပြောနေတာက ဘာလဲ။

သိချင်စိတ်နဲ့ ဖုန်းခွက်ကို နားဆီ ပြန်ကပ်၍ နားဆင်မိလျှင်

"ဒါ ဒါဆို အခု ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ၊ သားသူငယ်ချင်းတွေက သားကို ဆေးရုံတင်လိုက်ကြတယ်၊ ရီ့ကိုလည်း ခုမှ ဖုန်းဆက်ပြောလို့ ရီလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ လူက ကတုန်ကယင်ဖြစ်ပြီး ဘာမှလုပ်မတတ်တော့ဘူး။ အဲဒါနဲ့ သီရိကို ဖုန်းဆက်ပြောတာ၊ ရီရီ ဆေးရုံလိုက်သွားမလို့ သီရိအားရင် လိုက်ခဲ့ပေးပါလား"

"လိုက် လိုက်ခဲ့မှာပေါ့၊ ဒါနဲ့ ခေတ်တို့ရော"

"သူတို့နောက် သားသူငယ်ချင်းတစ်ယောက် လိုက်သွားတယ်လို့ ပြောတာပဲ၊ သက်သက်မဲ့ သားကို ဝိုင်းရိုက်ကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ကျင့်မကောင်းတဲ့ ကောင်လေးတွေ"

"ဟုတ်တယ် သီရိရယ်၊ သားကြီးမှာ ဘာအပြစ်ရှိလို့လဲ၊ သူတို့ ဝိုင်းရိုက်ကြတာ ရီရီ လုံးဝမကျေနပ်ဘူး"

"သီရိလည်း မကျေနပ်ပါဘူး၊ သမီးကိစ္စတုန်းကလည်း ဒီလိုပဲ၊ မစားရတဲ့အမဲ သဲနဲ့ပက်သလိုလုပ်ပြီး လက်လွှတ်ရှောင်ပြေးကြတယ်၊ ဟော ခုတော့ ရှောင်နေရာကနေ ပြန်ပေါ်လာပြီး ဆန်ရေကို ဝိုင်းရိုက်တယ်၊ ဒါ သက်သက်မဲ့ မတရားကြတာ"

"ဟုတ်တယ်၊ သားကြီးက ရေစီးလေးကို ရအောင် ကြိုးစားနေတာကို သူတို့ မကျေနပ်လို့တဲ့"

"တောက်၊ တွေ့မယ်၊ ရီရီ ဘာမှစိတ်မပူနဲ့၊ ဒီကိစ္စကို သီရိ ကိုယ်တိုင် လိုက်ရှင်းမယ်၊ အခု အရေးကြီးတာက ဆေးရုံလိုက်သွားကြမယ်"

"အေး သီရိရယ်၊ သားအတွက် ရီရီ စိုးရိမ်တယ်"

"ရီရီ စောင့်နှင့်၊ သီရိ ကားယူပြီး ရီရီ့ကို ဝင်ခေါ်မယ်၊ ပြီးတော့ တစ်ပါတည်း ဆေးရုံဘက်သွားမယ်၊ ဆန်ရေ အခြေအနေကြည့်ပြီး လုပ်စရာတွေ ဆက်လုပ်ကြမယ်"

"အေး အဲဒါ အကောင်းဆုံးပဲ သီရိရယ်၊ ရီရီစောင့်နေမယ်၊ မြန်မြန်လာခဲ့"





"ခုပဲ လာခဲ့မယ်"

မေမေ လောလောကြီးပြောပြီး ဖုန်းချလျှင်။ ရေစီး နားထဲမှာ ဆူညံစီသွား၏။ ဖုန်းခွက်ကိုင်ထားရင်းတန်းလန်း ရေစီး နှုတ်ခမ်းကို ဖိကိုက်မိသည်။

သေချင်းဆိုးတွေ။

ရှာနေတုန်းက မတွေ့ဘူး။ ခုတော့ ဘွားခနဲပေါ်လာပြီး ပြဿနာကို ဇာတ်လမ်းဆင်လာသည်။

နေဦး၊ တွေ့မယ်။

ရေစီး ဖုန်းခွက်ကို ပြန်မချတော့ပါ။ ချက်ချင်း ဖုန်းနံပါတ်တစ်ခုကို နှိပ်၏။ ရေစီး တိုင်တောထားတဲ့အမှုက ခုချိန်ထိ မပိတ်ရသေးပါ။

ဒင်းတို့ ခြေရာဖျောက်နေလို့ လွှတ်ထားရတာ။

ခုတော့၊ ဒင်းတို့အမှုတွဲရှိနေတာကို ဆက်လုပ်ရမယ်။ ရေစီး ချက်ချင်းပဲ အမှုဖွင့်ထားတဲ့ ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားလိုက်၏။

ဒင်းတို့အဖွဲ့ ရန်ကုန်မြို့တွင်းမှာ ရှိနေတဲ့အကြောင်း ပြောပြလိုက်၏။

"စိတ်ချပါ၊ ခေတ်တို့အဖွဲ့ကို မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် ကျွန်တော်တို့ လိုက်ရှာနေပါတယ်၊ ပြီးတော့ မရေစီး တိုင်ထားတဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အရေးယူပေးပါ့မယ်၊ စိတ်ချပါ မရေစီး''

ခေန်းမှူး ထိုသို့ပြောဆိုလုပ်ကြလျှင် ရေစီး ကျေနပ်သွားသည်။

ဟုတ်တယ်။ ဒင်းတို့တစ်ဖွဲ့ လုပ်ခဲ့သမျှ ဒင်းတို့ ပြန်ခံရစေ့မယ်။

မာနရေစီးတဲ့။

ဘယ်တော့မှ မာနကို လျှော့ချဖို့ စိတ်မကူးဘူး။

အဲ . . . ။ ဒါနဲ့။

သူ့ကို အဖွဲ့လိုက်ဝိုင်းရိုက်တယ်ဆိုတာ ဘာတွေဖြစ်သွားလဲ။

ဒါကိုတော့ သိမျှင်နေမိသည်။

ထို့ကြောင့်။

✿ ✿ ✿



## အခန်း (၅၃)

''ဖလပ်၊ ဖလပ်''

ရေစီးလက်ထဲမှ လွှတ်လိုက်လျှင် ငှက်ကလေးများ အတောင်တဖျပ်ဖျပ်ခတ်၍ လေထုတို့ လွှတ်လပ်စွာ ပျံသန်းကြလေသည်။

ရေစီး လွှတ်လိုက်တဲ့ ငှက်ကလေးတွေက အားလုံးပေါင်း သုံးဆယ့်နှစ်ကောင်တိတိ။

သူ့အသက်ကို ရည်စူး၍ ရေစီး ငှက်ကလေးများ လွှတ်ပေးပြီး လိုက်လိုက်လှဲလှဲ ဆုတောင်းပေးခဲ့သည်။

ခေတ်နဲ့ ပတ်သက်တဲ့ ပြဿနာက ရေစီးရဲ့ပြဿနာပါ။ ထိုပြဿနာက သူနဲ့မဆိုင်ပေမယ့် ခုတော့ သူ့ဆီ သက်ရောက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

တတ်နိုင်တာက ဆုတောင်းပေးဖို့သာ။

သို့သော်လည်း ထိုထက်ပိုလွန်ပြီး ရေစီးလုပ်နေမိသည်က သူ့အခြေအနေကို သိချင်နေမိသည်။

ထို့ကြောင့် တိုးတိုးစံကို ဖုန်းဆက်ပြီး သူ့အခြေအနေသွား၍ စုံစမ်းခိုင်းထားသည်။

အခြေအနေသိရရင် တော်ပြီ။ ရေစီး စီစဉ်ထားတဲ့အတိုင်း တင်ဇာတို့ရွာကလေးဆီ သွားရမှာယ်လေ။ ဒါကြောင့် တိုးတိုးကိုပဲ စုံစမ်းခိုင်းခြင်း။

ထို့နောက် တိုးတိုး ဖုန်းဆက်ပြောသည်က။

"သိပ်အစိုးရိမ်ကြီးတော့ မဟုတ်ဘူး မမ၊ မမ ပန်းအိုးနဲ့ ရိုက်လိုက်တုန်းက ကွဲထားတဲ့ဒဏ်ရာက အနာမကျက်သေးတော့ အဲဒီနေရာ ပြန်ကွဲသွားရုံပါ၊ ပြီးတော့ အထိုးခံရတော့ ရင်ဘတ်အောင့်နေတယ်၊ ခုတော့ ဓာတ်မှန်ရိုက်ပြီးပြီ၊ အဖြေစောင့်နေတုန်း"

"ဟင်း"

ရေစီး သက်မရှည်ကြီး ချမိသွားသည်။

တော်သေးတယ်။ ဒဏ်ရာက ဒီထက်ပြင်းနေရင် ရေစီး တရားခံဖြစ်သွားနိုင်တယ်လေ။





"ဒါနဲ့ ခေတ်တို့ အခြေအနေ ဘယ်လိုလဲ"

"အားလုံး ဖမ်းမိပြီ"

"အေး ပြီးရော၊ ဒါနဲ့ တိုးတိုး"

"ပြောပါ မမ"

"မမ ခရီးသွားစရာရှိတယ်၊ စက်ရုံကို ပြန်ဖွင့်လိုက်၊ အဆင်ပြေအောင် တိုးတိုး ဆက်ထိန်းထားလိုက်"

"ကျေးဇူးတင်ပါတယ် မမရယ်၊ ဒါနဲ့ မမ ဘယ်သွားမလို့လဲ"

ရေစီး ဘာမှပြန်မပြောတော့ပါ။ ဖုန်းချလိုက်လေသည်။ ဘယ်သွားမလဲဆိုတာ ရေစီး ပြောဖို့မလိုပါဘူး။

ဘယ်သွားမယ်ဆိုတာ သိသွားရင် မေမေတို့ လိုက်လာနိုင်သည်။ ဒါကြောင့် ဖွင့်မပြောတော့ပါ။

ရေစီးစိတ် ဖြစ်တည်တဲ့အတိုင်း ထွက်ခဲ့သည်က ချက်ချင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ကျောင်းက ပြီးခါနီးပြီပဲ တင်ဇာ"

"ဟုတ်တယ် မမ"

ပေရှစ်ဆယ်နှစ်ထပ်အုတ်တိုက်ကျောင်းဆောင်သစ်ကြီးက ဆောက်လုပ်ရေးပိုင်း ပြီးစီးသွားပြီမို့ ဆေးသုတ်တဲ့အပိုင်းသာ ကျန်တော့သည်။

တချို့တစ်ဝက်တော်င် ဆေးသုတ်လို့ ပြီးနေပါပြီ။ သစ်လွင်တဲ့ ကျောင်းဆောင်ကြီးကိုကြည့်ရင်း ရေစီး သဘောကျနေသည်။

"နောက်ပြီး မမက အထက်တန်းကျောင်းဆောင်သစ်ပါ လှူမလို့ စိတ်ကူးတယ် မဟုတ်လား"





"ဟုတ်တယ်လေ၊ ငွေက နည်းနေသေးလို့ နောက်နှစ်လောက်ဆို ဖြစ်မယ်ထင်တယ်"

"အဲဒါဆို အတော်ပဲ မမရဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က အဲဒီကိစ္စ မမနဲ့တွေ့ပြီး ပြောမလို့တဲ့၊ ဦးလေးမောင်တို့ လာနေကြတယ်"

"ဘာများပြောမလို့လဲ တင်ဇာ"

"ဦးလေးမောင်တို့ ပြောပါလိမ့်မယ်"

တင်ဇာပြောရင်း ဦးလေးမောင်တို့အဖွဲ့ကို လှမ်းခေါ်လိုက်သည်။ ဦးလေးမောင်တို့ကလည်း ရေစီးတို့ဆီ စိတ်အားထက်သန်စွာ ရောက်လာကြသည်။

ကျောင်းဆောင်ရှေ့က ယာယီစည့်ဆောင်လေးရှေ့မှာပဲ ဝိုင်းထိုင်ကြပြီး ရေစီး စကားစ၏။

"ဦးလေးမောင်တို့ ပြောစရာရှိတယ်လို့ တင်ဇာ ပြောနေတာလေ၊ ဘာပြောမလို့လဲ ပြောပါ၊ ရေစီး နိုင်တဲ့ဘက်က ကူညီပါ့မယ်"

"ဪ ဒီလိုပါ၊ အထက်တန်းကျောင်းဆောင်ပါ ထပ်ပါတည်း ဆောက်ဖို့ကိစ္စလေးပါ"

"ဦးလေးမောင်တို့က ဘယ်လိုစီစဉ်လို့လဲ"

"ဒီအလယ်တန်းကျောင်းဆောင်နဲ့ တစ်ဆက်တည်း အထက်



www.burmeseclassic.com

www.burmeseclassic.com



တန်းကျောင်းဆောင် ဆောက်လှူမယ့် အလှူရှင်တစ်ဦး ပေါ်လာလို့"

"သိပ်ကောင်းတာပေါ့ ဦးလေးမောင်ရယ်၊ ရေစီးက ငွေအား မနိုင်သလို၊ နောက်နှစ်မှလို့ ရည်ရွယ်ထားတာ၊ အလှူရှင်ရှိတယ်ဆို တစ်ပါတည်း လုပ်လိုက်ပါ၊ ရေစီး ဝမ်းသာပါတယ်"

"ဟိုလေ ဦးလေးတို့က သမီးကို အားနာလို့ပါ၊ သမီး ကြိုပြော ထားလျက်နဲ့ ဦးလေးတို့ လက်ခံလိုက်ရင်"

"ရတယ်၊ ရေစီး ပိုတောင်ဝမ်းသာသေးတယ်၊ ကျောင်းဆိုတာ အချိန်နဲ့ တပြေးညီ လိုအပ်တယ်လေ၊ ရေစီးကြောင့် နောက်ကျမှ ဖြစ် တည်တာထက်စာရင် ဘယ်သူဖြစ်ဖြစ် အရင်ဆုံးဖြစ်တည်အောင် ကူညီ တာ သာခုခေါ်စရာကောင်းပါတယ်၊ ဒါကြောင့် ဆက်လုပ်ပါ"

"မကန့်ကွက်ဘူးပေါ့"

"မကန့်ကွက်ပါဘူး၊ အဲဒီအလှူရှင်ကိုတောင် ရေစီး ကျေးဇူး တင်ပါတယ်"

"သမီးဘက်က ခုလို သဘောထားကြီးတာကို ဦးတို့ ဝမ်းသာ ပါတယ်၊ အလှူရှင်ကလည်း သမီးနဲ့ တွေ့ချင်တောင်းတယ်လေ"

"ရပါတယ်၊ ရေစီးလည်း အလှူရှင်သစ်ကို မြင်ဖူးသွားတာပေါ့"

ရေစီး သဘောထားကြီးသလို ဝမ်းသာအားရလည်း ပြောမိလေ သည်။ ဟုတ်တယ်လေ။ ရေစီးကြောင့် အကောင်ထည်မဖော်နိုင်သေးဘဲ



သူများ အကောင်အထည်ဖော်ပေးမှာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမှာ ပေါ့။

"ဒါဆို အလှူရှင်သစ်ကို သွားခေါ်လိုက်မယ် သမီး"

ဦးလေးမောင်တို့အဖွဲ့ထဲက ဦးသာခင်က ပြောဆိုရင်း ယခင် ရှိနှင့်သော မူလတန်းကျောင်းဆောင်လေးဆီသို့ သွားပြီး အလှူရှင်သစ် ကို သွားရောက်ခေါ်လာသည်။

"ဒီမှာလေ အလှူရှင်သစ်"

ဦးလေးမောင် မိတ်ဆက်ပေးသံကြောင့် ကျောင်းဆောင်သစ် ဘက် ငေးကြည့်နေတဲ့ ရေစီး လှည့်ကြည့်လျှင် –

"ဟင်"

ရေစီး ပါးစပ်လေး အဟွင့်သားဖြစ်ကာ၊ ထိုင်နေရာမှလည်း ဝုန်းခနဲ ရပ်မိသွား၏။ ခေါင်းမှာ ပတ်တီးတောင် မဖြေရသေးတဲ့သူ။

သူက လေးလေးနက်နက်လေး ခေါင်းညိတ်၏။

"သမီးလည်း မှတ်ထားပေါ့ မောင်ဆန်ရေတဲ့"

"ကျွတ်"

ရေစီး ချက်ချင်း မျက်နှာလွှဲလိုက်မိသည်။ သူက တည်ငြိမ်စွာ ပင် အားတက်သရော ပြော၏။

"ရေစီးကို ကိုယ် ကျေးဇူးတင်ပါတယ်၊ ဒီရွာလေးက ဒယ်ဒီ့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ချက်မြှုပ်ရွာကလေးပါ၊ ဒယ်ဒီ့ဆန္ဒက ဒီကျေးရွာအုပ်စုမှာ အထက်တန်းကျောင်းရှိဖို့လို့ လိုအပ်နေတာ သိတယ်၊ အကောင်ထည်ဖော်ဖို့ကြိုးစားဆဲမှာ ဒယ်ဒီ ဆုံးသွားတယ်၊ ခုလို ဒယ်ဒီ့ဆန္ဒပြည့်အောင် ရေစီးက အလယ်တန်းကျောင်းဆောင်လှူတာ သိရတော့ ပိုပြီး အံ့ဩရတယ်၊ ဒါကြောင့် ကိုယ်က အထက်တန်းကျောင်းဆောင်ကို ပြန်ပြီးဆောက်လှူချင်တာလေ၊ ရေစီးက ခွင့်ပြုတယ်ဆိုတော့"

"အို"

ခွင့်မပြုဘူးလို့ ရေစီး ပြောထွက်မလိုဖြစ်ပြီးမှ ဘာရိုတ်အုပ်လိုက်ရသည်။

"ရှင့်ဘာသာရှင် ဆက်လုပ်၊ ဒါပဲ"

ရေစီး ဗလုံးဗထွေး ပြောရင်း သူ့ရှေ့က ရှောင်ထွက်ခဲ့၏။

"မမ"

တင်ဇာ တအံ့တဩ ခေါ်သည်။

"သမီး"

ဦးလေးမောင်တို့သည်း ဘာမှနားမလည်စွာ ခေါ်ကြသည်။ ရေစီး လှည့်မကြည့်ပါ။

"ရေစီး"

ခေါ်သံနှင့်အတူ လိုက်ပါလာတဲ့ သူ့ခြေသံ ကြားရ၏။



ကျွတ် ရွာခံတွေရှေ့မှာ ပြဿနာမဖြစ်ချင်လို့ ရှောင်ထွက်ခဲ့တာကို သူက ဖွတ်လိုက်လာနေသည်။

"လိုက်မလာနဲ့"

ရေစီး နောက်လှည့်မကြည့်ဘဲ ပြော၏။ သူက မနာခံသလို လိုက်လာရင်း –

"ရေစီးရယ် အလှူချင်းပေါင်းကြပြီပဲ"

"အို့ မသိဘူး"

"အလှူချင်းပေါင်းသလို အချစ်ချင်း ပေါင်းကြမယ်လေ"

ကြည့်စမ်း။ ကျွတ် ရေစီးနှုတ်ခမ်းကိုက်ရင်း သူ့ဘက် ချာခနဲလှည့်လျှင် ရေစီးကိုယ်လုံးလေး ဆွဲယူပွေ့ဖက်ခြင်း ခံရလေသည်။

"အဲ"

"ဖျောင်း ဖျောင်း ဖျောင်း"

အရေးထဲ လက်ခုပ်သံတွေ ပေါ်ထွက်လာသည်။ မသိရင် သူနဲ့ရေစီးက ဘာလိုလိုကြီး။

"ဖယ်၊ လွှတ်"

"မလွှတ်ဘူး။ ချစ်ကို မောင် မလွှတ်နိုင်တော့ဘူး။ တစ်သက်လုံးအတွက် ဖက်ထားမယ်"

"အဲ ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆောင်ဖွင့်ပွဲနဲ့အတူ မင်္ဂလာပွဲ တစ်ပါတည်း လုပ်မယ်"

သူ့အသံကျယ်ကြီး အော်ပြောလျှင် အားလုံး ဟေးခနဲ အော်ဟစ်ကြလေသည်။

"ရှင်ပြောလေ ကဲလေပါလား"

"ချစ်လို့ပါ ချစ်ရယ်"

ပြောရင်း ရေစီးမျက်နှာလေးကို ဆွဲယူပြီး တကယ်နမ်းတော့၏။

"အဲ"

သူ့ လက်ရဲဖက်ရဲဖြစ်ရုံမက အချစ်စိတ်ပါ ရဲနေသည်။

ထိုအခါ ရှက်လွန်းလို့ ရေစီး ခေါင်းပင်မထောင်ရဲတော့ဘဲ၊ နွေးတဲ့ အနမ်းတွေနောက်မှာ ရေစီးရဲ့မာနတွေ တစ်လွှာချင်း ကြွေကာ။

ချမ်းမြင်းမြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (B)၊ ၆-လွှာ၊ ဦးလွန်းလမ်း။

အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂၅၇

mainkalaymlm@gmail.com

Mainka Lay (face book)